ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ပထမအကြိမ်ပြည်သူ့လွှတ်တော်

၁၉၇၅ ခုနှစ်

# ဥပဒေ၊ နည်းဥပဒေ

# နှင့်

# လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပထမ အကြိမ်ပြည်သူ့လွှတ်တော်

## ၁၉၇၅ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ

# နှင့်

# လုပ်ထုံးလုပ်နည်းများ

ပြည်သူ့လွှတ်တော်အတွက် ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ရိုက်နှိပ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပထမ အကြိမ်ပြည်သူ့လွှတ်တော်

## ၁၉၇၅ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ

# နှင့်

# လုပ်ထုံးလုပ်နည်းများ

ပြည်သူ့လွှတ်တော်မှ ၁၉၇၅ ခုနှစ်
အတွင်း အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများ၊
နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဥပဒေများ** | |
| ၁ | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာဥပဒေ * .... | ၁ |
| ၂ | နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေ * .... | ၇ |
| ၃ | နိုင်ငံတော်အားနှောက်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့်ဥပဒေ * .... | ၂၁ |
| ၄ | ၁၉၇၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဆောင်ရွက်မှု ရည်မှန်းချက်များ ဆိုင်ရာ ဥပဒေ ** .... | ၃၇ |
| ၅ | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေ ** ... | ၄၁ |
| ၆ | တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ *** .... | ၆၁ |
| ၇ | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေ *** .... | ၆၅ |
| ၈ | ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ *** .... | ၇၁ |
| ၉ | ဘဏ်ဥပဒေ *** | ၇၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀ | အာမခံလုပ်ငန်း ဥပဒေ *** .... | ၁၁၇ |
| ၁၁ | မြန်မာစာအဖွဲ့ဥပဒေ *** .... | ၁၃၇ |
| ၁၂ | ပြည်သူ့ ကိုယ်စားလှယ် များ၏ ခံစားခွင့် ဥပဒေ *** .... | ၁၄၉ |
| ၁၃ | တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဥပဒေ *** .... | ၁၇၃ |

## နည်းဥပဒေများ

| | | |
| --- | --- | --- |
| ၁၄ | ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေအတွက် "၁၉၇၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တ ဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ၏နည်းဥပဒေများကို ပြင်ဆင်သည့်နည်း ဥပဒေများ" *** .... | ၂၁၃ |
| ၁၅ | ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက် ဥပဒေအတွက် "၁၉၇၄ ခုနှစ်၊ပြည်သူ့ အလုပ်သ မားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ၏ နည်းဥပဒေများကို ပြင် ဆင်သည့် နည်းဥပဒေများ" *** .... | ၂၁၇ |

## လုပ်ထုံးလုပ်နည်းများ

| | | |
| --- | --- | --- |
| ၁၆ | ပြည်သူ့ လွှတ်တော်တွင်း ရွေးချယ်တင်မြှောက် ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ *** .... | ၂၂၁ |


---

* ပထမ အထူး အစည်းအဝေးတွင် အတည်ပြု ပြဋ္ဌာန်းပါသည်။

** ဒုတိယ အစည်းအဝေးတွင် အတည်ပြု ပြဋ္ဌာန်းပါသည်။

*** တတိယ အစည်းအဝေးတွင် အတည်ပြုပြ ဋ္ဌာန်းပါသည်။

# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏
# နောက်ထပ်ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ
# ဥပဒေ

# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေအရ–အသုံးဆိုင်ရာဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁ ]

## နိဒါန်း

၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅) အရ၊ ၁၉၇၄-၇၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရထားသောရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင်၊ နောက်ထပ် ရငွေများ ရထားရန်နှင့် သုံးငွေများခွင့်ပြုရန်လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်နှင့်အဓိပ္ပါယ်ဖေါ်ပြချက်

၁။ (က) ဤဥပဒေကို ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၇၄-၇၅ ခု၊ ဘဏ္ဍာရေး နှစ်အတွက် အကျိုးသက်ရောက်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖေါ်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်

(က) နောက်ထပ်ရထားသောရငွေ ဆိုသည်မှာ ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ၊ ရထားသောရငွေများအပြင် နောက်ထပ် ရထားသည့် ရငွေများကိုဆိုသည်။

(ခ) နောက်ထပ်ခွင့်ပြုသောသုံးငွေ ဆိုသည်မှာ ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာဥပဒေအရ၊ ခွင့်ပြုထားသည့်သုံးငွေများအပြင် နောက်ထပ်ခွင့်ပြုသည့်သုံးငွေများကိုဆိုသည်။

# အခန်း (၂)

## နောက်ထပ်ဘဏ္ဍာရံပုံငွေများကို စီမံခြင်းဆိုင်ရာပြဋ္ဌာန်းချက်

၃။ ဤဥပဒေတွင် ဖော်ပြထားသည့် နောက်ထပ် ရထားသောရငွေနှင့်ပတ်သက်၍ စီမံစည်းကြပ်ကောက်ခံရာတွင်လည်းကောင်း၊ နောက်ထပ်ခွင့်ပြုသော သုံးငွေနှင့်ပတ်သက်၍ စီမံခန့်ခွဲရာတွင် လည်းကောင်း ၁၉၈၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအပိုင်း ၂၊ ဘဏ္ဍာ ရံပုံငွေ အခန်း ၁၊ ပြည်ထောင်စု၏ ဘဏ္ဍာ ရံပုံငွေနှင့် နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၏ ဘဏ္ဍာ ရံပုံငွေနှင့် စပ်လျဉ်းသည့် ဖော်ပြချက်ပါအတိုင်း ဆောင်ရွက်ရမည်။

၄။ (က) ဤဥပဒေပါ နောက်ထပ် ရထားသော ရင္ခေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် အောက်ပါ ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့်ရင္ခေကို စီမံစည်းကြပ် ကောက်ခံရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိအား တာဝန်ပေးထားသည့် ရင္ခေကို စီမံ စည်းကြပ်ကောက်ခံရန် မိမိလက်အောက်ရှိ လုပ်ငန်း ဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ဂ) ရင္ခေကို စီမံစည်းကြပ် ကောက်ခံရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာ ငွေအရ-အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရင္ခေ အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြား ချက်များ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက် ရမည်။

၅။ (က) ဤဥပဒေပါ နောက်ထပ်ခွင့်ပြုသောသုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် အောက်ပါဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်သုံးငွေကို စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးထားသည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ဂ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေးနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များ။

| ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | |
|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | |
| | | | နောက်ထပ်ခွင့်ပြုငွေ | နောက်ထပ်ခွင့်ပြုငွေ | နောက်ထပ်ခွင့်ပြုငွေအတွက် ဓတီသာခွင့်ပြုငွေ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် .... .... .... | နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၊ သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ။ | ၁၂,၁၉,၀၃၀ | ၄,၀၅,၈၅၀ | ၃၀ |
| ၂ | နိုင်ငံတော်ကောင်စီ .... .... .... | ၎င်း | ၃၀,၇၆,၂၇၀ | ၁၇,၆၃,၁၆၀ | ၄၀ |
| ၆ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ .... .... | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ .... | .... | ၈၅,၀၀၀ | ၁၀ |
| ၇ | ပြည်နယ်/တိုင်းပြည်သူ့ကောင်စီများ .... .... | နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၊ သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ။ | ၁၁,၀၃,၀၁၀ | .... | .... |
| ၈ | မြို့နယ်ပြည်သူ့ကောင်စီများ .... .... .... | ၎င်း | ၄၀,၇၅,၄၀၀ | .... | .... |
| ၉ | ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ .... .... | ၎င်း | ၁၀,၂၉,၉၀၀ | .... | .... |
| | | ပေါင်း .... | ၁,၀၅,၀၃,၆၁၀ | ၂၂,၅၄,၀၁၀ | ၈၀ |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ။

| အမှတ်စဉ် | ၁၉၇၄ ခုနှစ်၊ နိုင်ငံတော် ၏ ဘဏ္ဍာငွေ အရ-အသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ — အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်း ရငွေအတွက် ဓနာက်ထပ်ရထားငွေ | သုံးငွေများ — သာမန် — နောက်ထပ်ခွင့်ပြုငွေ | သုံးငွေများ — ငွေလုံးငွေရင်း — နောက်ထပ်ခွင့်ပြုငွေ | သုံးငွေများ — ငွေလုံးငွေရင်း — နောက်ထပ် ခွင့်ပြုငွေအတွက် စတိသာခွင့်ပြုငွေ | သုံးငွေများ — ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ — နောက်ထပ်ခွင့်ပြုငွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၀ | ၉ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | ပြည်တွင်း၊ထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်။ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | | | | | |
| ၁ | ၁ | နိုင်ငံတွင်းအကောက်ခွန် .... .... .... | ရင်း | ၁၂,၉၇,၄၄,၀၀၀ | .... | .... | .... | .... |
| ၂ | ၄ | အကောက်ခွန် .... .... .... | ရင်း | ၅,၉၅,၀၀,၀၀၀ | .... | .... | .... | .... |
| ၂ | ၄ | နိုင်ငံခြားရေး .... .... .... | ရင်း | ၁,၄၂,၃၆၀ | .... | .... | .... | .... |
| ၃ | ၅ | ကာကွယ်ရေး .... .... .... | ရင်း | .... | ၃,၀၀,၀၀,၀၀၀ | .... | .... | .... |
| ၄ | ၆ | ပြည်ထဲရေးနှင့်သာသနာရေး .... .... .... | ရင်း | ၃,၆၅,၀၀၀ | .... | ၁၇,၃၇,၂၂၀ | ၆၇၀ | .... |
| ၅ | ၇ | လူမှုဝန်ထမ်း .... .... .... | ရင်း | .... | ၅၃,၀၀,၀၀၀ | ၉,၁၅,၄၉၀ | ၆၀ | .... |
| ၆ | ၀ | ပြန်ကြားရေး .... .... .... | ရင်း | ၂၂,၀၀၀ | .... | .... | .... | .... |
| ၇ | ၉ | ယဉ်ကျေးမှု .... .... .... .... | ရင်း | ၁,၉၀,၃၅၀ | .... | .... | .... | .... |
| ၀ | ၁၀ | ပညာရေး .... .... .... .... | ရင်း | .... | .... | ၂၉,၅၅,၆၅၀ | ၅၇၀ | .... |
| ၉ | ၁၁ | ကျန်းမာရေး .... .... .... | ရင်း | ၄၇,၄၀၀ | ၁,၅၇,၅၄,၀၀၀ | ၁၀,၁၆,၆၀၀ | ၄၆၀ | ၂,၀၀,၀၀၀ |
| ၁၀ | ၁၃ | လယ်ယာနှင့်သစ်တော .... .... .... | ရင်း | ၂၀,၁၅,၀၀၀ | ၁,၅၅,၃၁,၀၀၀ | ၁၀,၂၀,၂၀၀ | ၃၀ | .... |
| ၁၁ | ၁၄ | သတ္တုတွင်း .... .... .... .... | ရင်း | ၃၇,၀၀၀ | .... | .... | .... | .... |
| ၁၂ | ၁၆ | ဆောက်လုပ်ရေး .... .... .... | ရင်း | ၅၁,၀၇၀ | ၅၁,၅၂,၆၇၀ | ၂၄,၉၆,၀၀၀ | ၄၀ | .... |
| ၁၃ | ၁၇ | ပို့ဆောင်ဆက်သွယ်ရေး .... .... .... | ရင်း | ၂၅,၀၀၀ | ၂,၁၉,၃၀၀ | ၄,၁၃,၇၀၀ | ၅၀ | .... |
| ၁၄ | ၁၀ | ကုန်သွယ်ရေး .... .... .... | ရင်း | ၁,၀၀၀ | .... | .... | .... | .... |
| ၁၅ | ၁၉. | သမဝါယမ .... .... .... .... | ရင်း | ၂၇,၉၁,၀၀၀ | .... | .... | .... | .... |
| ၁၆ | ၂၀ | စီမံကိန်းနှင့်ဘဏ္ဍာရေး .... .... .... | ရင်း | ၁,၇၀,၁၁,၅၀၀ | .... | ၄၀,၇၆,၀၀၀ | ၂၀ | .... |
| ၁၇ | ၂၁ | ပင်ရှင်လစာငွေများနှင့်ဆုငွေများ .... .... | ရင်း | ၉၀,၀၀၀ | .... | .... | .... | .... |
| ၁၀ | ၂၂ | ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ .... .... | ရင်း | .... | ၁၃,၀၀,၀၀၀ | .... | .... | .... |
| | | ပေါင်း .... | | ၂၁,၂၀,၃၃,၄၀၀ | ၇,၃၂,၅၆,၉၇၀ | ၁,၅၄,၃၀,၉၄၀ | ၁,၉၀၀ | ၂,၀၀,၀၀၀ |

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ်စသည့်အဖွဲ့အစည်းများ။

ဇယား (၃)

| အမှတ်စဉ် | | ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | သုံးငွေများ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | သာမန် | ငွေလုံးငွေရင်း | |
| | | | | | | အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်း ရငွေအတွက် နောက်ထပ်ရာထားငွေ | နောက်ထပ် ခွင့်ပြုငွေ | နောက်ထပ် ခွင့်ပြုငွေ | နောက်ထပ် ခွင့်ပြုငွေအတွက် စတီသာခွင့်ပြုငွေ |
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ၁ | | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ .... .... | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | |
| | ၁ | | ၁ | ကာကွယ်ရေးပစ္စည်းစက်ရုံများ .... .... .... | | ၃၇,၄၂,၂၀၀ | .... | .... | .... |
| ၂ | | ၂ | | ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ .... .... | ရှင်း | | | | |
| | ၁ | | ၁ | ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း .... .... .... | | ၃၆,၇၂,၀၀၀ | .... | ၈၃,၉၀၀ | ၃၀ |
| | ၂ | | ၂ | သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း .... .... .... | | ၁၀,၁၅,၀၀၀ | ၂၄,၃၅,၀၀၀ | .... | .... |
| ၃ | | ၄ | | လယ်ယာနှင့်သစ်တောဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ .... .... | ရှင်း | | | | |
| | ၁ | | ၁ | လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း .... .... .... | | ၈၅,၈၉,၀၀၀ | .... | .... | — |
| | ၂ | | ၂ | ပုလဲနှင့်ငါးလုပ်ငန်းကော်ပိုရေးရှင်း .... .... .... | | ၅၀,၅၈,၉၀၀ | ၃၀,၀၀,၀၀၀ | .... | .... |
| | ၃ | | ၃ | သစ်လုပ်ငန်းကော်ပိုရေးရှင်း .... .... .... .... | | ၁,၂၅,၁၉,၀၀၀ | .... | .... | .... |
| | ၄ | | ၄ | ဆားလုပ်ငန်းကော်ပိုရေးရှင်း .... .... .... .... | | ၁၁,၉၃,၀၀၀ | ၁၉,၇၀,၀၀၀ | ၁,၄၉,၉၀၀ | ၁၀ |
| ၄ | | ၅ | | သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ခံအဖွဲ့အစည်းများ .... .... | ရှင်း | | | | |
| | ၁ | | ၁ | မြန်မာ့ရေနံကော်ပိုရေးရှင်း .... .... .... .... | | ၂၅,၀၃,၂၈,၀၀၀ | ၁၆,၆၀,၂၇,၈၀၀ | ၄,၄၆,၁၀၀ | ၁၀ |
| | ၂ | | ၂ | မြန်မာ့ဘော်တွင်းကော်ပိုရေးရှင်း .... .... .... | | ၇၉,၉၃,၀၀၀ | .... | .... | .... |
| | ၃ | | ၃ | ပြည်မာ့ခါတ်သတ္တုတိုးချဲ့ယုပ်ကိုင်ရေးကော်ပိုရေးရှင်း .... .... | | ၂၃,၈၆,၀၀၀ | ၁၅,၅၉,၀၀၀ | ၅,၁၄,၄၉၀ | ၃၀ |
| | ၄ | | ၄ | မြန်မာ့ခဲမဖြူနှင့် အဖြိုက်နက်ကော်ပိုရေးရှင်း .... .... .... | | ၂,၈၄,၀၅,၀၀၀ | ၁,၈၀,၇၅,၀၀၀ | .... | .... — |
| ၅ | | ၆ | | စက်မှုဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ .... .... .... | ရှင်း | | | | |
| | ၁ | | ၁ | လျှပ်စစ်ဓါတ်အားကော်ပိုရေးရှင်း .... .... .... | | .... | ၂,၃၈,၁၅,၁၀၀ | .... | .... |
| | ၂ | | ၂ | စက္ကူလုပ်ငန်းကော်ပိုရေးရှင်း .... .... .... .... | | ၇၂,၆၃,၁၀၀ | ၈၆,၃၂,၀၀၀ | .... | .... |
| | ၃ | | ၃ | အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း .... .... .... | | ၂,၈၂,၄၇,၀၀၀ | .... | .... | .... |
| | ၄ | | ၄ | စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း .... .... .... | | ၂,၃၈,၀၁,၇၀၀ | .... | .... | .... |
| | ၅ | | ၅ | အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း .... .... .... | | .... | ၁,၁၀,၇၀,၀၀၀ | ၁,၁၄,၉၇,၁၀၀ | ၁၀ |
| | ၆ | | ၆ | သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း .... .... .... | | ၁,၂၀,၄၁,၅၀၀ | ၁,၁၇,၂၄,၀၀၀ | .... | .... |
| | ၇ | | ၇ | ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း .... .... .... | | ၄၀,၁၁,၆၀၀ | ၆၅,၈၅,၀၀၀ | .... | .... |
| | ၈ | | ၈ | ဓါတုဗေဒလုပ်ငန်းကော်ပိုရေးရှင်း .... .... .... | | ၁၃,၅၄,၉၀၀ | .... | .... | .... |
| | ၉ | | ၉ | ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း .... .... .... | | ၅,၄၅,၇၁,၀၀၀ | ၄,၄၇,၉၃,၀၀၀ | .... | .... |
| | ၁၀ | | ၁၀ | ရေနံဓါတုဗေဒပစ္စည်းများလုပ်ငန်းကော်ပိုရေးရှင်း .... ... .... | | ၆၁,၄၃,၂၀၀ | .... | .... | .... |
| ၆ | | ၇ | | ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ခံအဖွဲ့အစည်းများ .... .... | ရှင်း | | | | |
| | ၁ | | ၁ | ဆောက်လုပ်ရေးကော်ပိုရေးရှင်း .... .... .... .... | | ၂,၀၇,၄၀,၀၀၀ | ၂,၅၀,၀၀,၀၀၀ | .... | .... |
| | ၂ | | ၂ | ကျောက်မိုင်းကော်ပိုရေးရှင်း .... .... .... .... | | ၈,၀၀,၀၀၀ | .... | .... | .... |
| ၇ | | ၈ | | ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ .... .... | ရှင်း | | | | |
| | ၁ | | ၁ | ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း .... .... .... | | ၁,၇၆,၆၀,၀၀၀ | ၉၈,၁၇,၀၀၀ | .... | .... |
| | ၂ | | ၂ | ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... .... | | ၈၄,၁၃,၀၀၀ | ၂၅,၉၆,၀၀၀ | .... | .... |
| | ၃ | | ၃ | ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... .... | | .... | ၁,၀၂,၉၈,၀၀၀ | ၆၈,၂၇,၁၀၀ | ၇၀ |
| | ၄ | | ၄ | ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... .... | | ၂၃,၂၂,၀၀၀ | .... | ၅၄,၆၈,၉၀၀ | ၁၀ |
| | ၅ | | ၅ | လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... .... | | ၂၅,၉၄,၀၀၀ | ၅၆,၃၂,၀၀၀ | ၈၆,၀၅,၀၇၀ | ၆၀ |
| | ၆ | | ၉ | ဆက်သွယ်ရေးကော်ပိုရေးရှင်း .... .... .... .... | | ၂၁,၂၅,၀၀၀ | ၁၆,၀၅,၀၀၀ | .... | — |
| ၈ | | ၉ | | ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ခံအဖွဲ့အစည်းများ .... .... | ရှင်း | | | | |
| | ၁ | | ၁ | ကုန်သွယ်ရေး .... .... .... .... | | .... | ၄၁,၁၉,၉၈,၀၀၀ | ၁၁,၃၄,၅၅၀ | ၁၂၀ |
| ၉ | | ၁၀ | | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ခံအဖွဲ့အစည်းများ .... .... | ရှင်း | | | | |
| | ၁ | | ၂ | ပြည်ထောင်စု မြန်မာနိုင်ငံဘဏ် .... .... .... .... | | .... | .... | ၃၅,၀၀၀ | ၁၀ |
| | ၂ | | ၃ | ဝါဒီလုပ်ငန်းစီမံကိန်း .... .... .... .... | | .... | .... | ၁,၂၀,၅၇,၅၄၀ | ၂၀ |
| | | | | ပေါင်း .... | | ၅၁,၆၉,၈၉,၁၀၀ | ၇၆,၇၄,၃၉,၁၀၀ | ၄,၆၀,၁၉,၆၅၀ | ၃၇၀ |

စည်ပင်သာယာရေးအဖွဲ့များ။

| အမှတ်စဉ် | | ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ ငွေလုံးငွေရင်း နောက်ထပ်ခွင့်ပြုငွေ | သုံးငွေများ ငွေလုံးငွေရင်း နောက်ထပ်ခွင့်ပြုငွေအတွက် တော်သာခွင့်ပြုငွေ |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ |
| | | | | | | ကျပ် | ကျပ် |
| ၁ | | ၁ | | မြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များ .... .... | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | |
| | ၁ | | ၃ | ကျောက်ဘန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၅,၉၉၀ | ၁၀ |
| | ၂ | | ၁၁ | တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၇၉,၃၉၀ | ၂၀ |
| | ၃ | | ၁၇ | ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၄၇,၈၈၀ | ၃၀ |
| | ၄ | | ၁၉ | ပိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၁,၈၅၀ | ၁၀ |
| | ၅ | | ၂၇ | သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၁,၉၈၀ | ၁၀ |
| | ၆ | | ၃၁ | ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၃၅,၁၂၀ | ၂၀ |
| | ၇ | | ၃၄ | ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .. | ၎င်း | ၆၁,၈၂၀ | ၁၀ |
| | ၈ | | ၄၁ | ပုသိမ်(အနောက်)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၇၄,၁၄၀ | ၁၀ |
| | ၉ | | ၅၁ | မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၉၇၀ | ၁၀ |
| | ၁၀ | | ၅၉ | မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၈၁,၄၈၀ | ၁၀ |
| | ၁၁ | | ၆၁ | ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၉,၇၅၀ | ၁၀ |
| | ၁၂ | | ၈၃ | မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... ..... .... | ၎င်း | ၂၂,၅၇၀ | ၂၀ |
| | ၁၃ | | ၁၀၂ | မန္တလေးမြို့ စည်ပင်သာယာရေးအဖွဲ့ (မန္တလေးမြူနီစီပါယ်ကော်မီတီ) .... .... .... | ၎င်း | ၇,၀၆,၈၇၀ | ၂၀ |
| | ၁၄ | | ၁၁၈ | ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၁၅,၉၁၀ | ၂၀ |
| | ၁၅ | | ၁၃၂ | ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၂၃,၉၆၀ | ၁၀ |
| | ၁၆ | | ၁၄၇ | မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... .... | ၎င်း | ၅၃,၀၁၀ | ၃၀ |
| | ၁၇ | | ၁၈၈ | ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၂,၀၄၀ | ၁၀ |
| | ၁၈ | | ၁၈၉ | တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့(တောင်ကြီးမြူနီစီပါယ်ကော်မီတီ) .... .... | ၎င်း | ၁၄,၄၄၀ | ၁၀ |
| | ၁၉ | | ၁၉၁ | ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (ညောင်ရွှေမြို့ကော်မီတီ) .... .... .... | ၎င်း | ၁,၁၃၀ | ၁၀ |
| | ၂၀ | | ၁၉၂ | လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၁၃,၂၆၀ | ၃၀ |
| | ၂၁ | | ၂၂၆ | ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၂၆၀ | ၁၀ |
| | ၂၂ | | ၂၃၁ | လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၂,၉၁၀ | ၂၀ |
| | ၂၃ | | ၂၃၃ | ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၂၈၀ | ၁၀ |
| | ၂၄ | | ၂၃၇ | ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ .... .... .... .... | ၎င်း | ၄၆၀ | ၁၀ |
| | | | | | ပေါင်း .... | ၁၂,၃၅,၆၆၀ | ၃၆၀ |

ရန်ကုန်မြို့၊ ၁၃၃၆ ခုနှစ်၊ မြန်မာသက္ကရာဇ် ကဆုန်လပြည့်ကျော် ၁၀ ရက် ။
(၁၉၇၅ ခုနှစ်၊ မေလ ၂၅ ရက်)

ဥက္ကဋ္ဌ၊
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊

# နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁ | နိဒါန်း .... | .... | .... | ၁၁ |
| ၂ | အခန်း (၁) ဥပဒေအမည် | .... | .... | ၁၂ |
| ၃ | အခန်း (၂) နိုင်ငံသားများ၏ အခွင့်အရေးများကို အပြည့်အဝ ရရှိစေခြင်း | .... | .... | ၁၃ |
| ၄ | အခန်း (၃) တိုင်တန်းခြင်းနှင့် အရေးယူဆောင်ရွက်ပေးခြင်း | .... | .... | ၁၄ |
| ၅ | အခန်း (၄) နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးခြင်း | .... | .... | ၁၆ |
| ၆ | အခန်း (၅) အခွင့် အာဏာ အလွဲသုံးစားပြုသဖြင့် နစ်နာ၍ အရေးယူခြင်း | .... | .... | ၁၈ |
| ၇ | အခန်း (၆) အထွေထွေ | .... | .... | ၁၉ |

# နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ပေးသည့် ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂]

## နိဒါန်း

အခြေခံဥပဒေနှင့် ရှိရင်းစွဲဥပဒေများပါ အခွင့်အရေးများကို နိုင်ငံသားများ အပြည့်အဝရရှိနိုင်စေရန် လည်းကောင်း၊ ယင်းအခွင့်အရေး တရပ်ရပ် ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ် စောင့်ရှောက်ပေးရန်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## ဥပဒေအမည်

၁။ ဤဥပဒေကို နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

# အခန်း (၂)

## နိုင်ငံသားများ၏ အခွင့်အရေးများကို အပြည့်အဝရရှိစေခြင်း

၂။ နိုင်ငံသားတိုင်းသည် အခြေခံဥပဒေပါ အခွင့်အရေးများကိုလည်းကောင်း၊ ရှိရင်းစွဲဥပဒေများပါ အခွင့်အရေးများကို လည်းကောင်း အပြည့်အဝရရှိစေရမည်။

၃။ နိုင်ငံသားတိုင်း၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများရရှိစေရန် နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ပေးရမည်။

## အခန်း (၃)

## တိုင်တန်းခြင်းနှင့် အရေးယူဆောင်ရွက်ပေးခြင်း

၄။ နိုင်ငံသားတိုင်းသည် မိမိ၏တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်ကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းသို့ဖြစ်စေ၊ ယင်းအဖွဲ့အစည်းထက် အဆင့်မြင့်သော အာဏာပိုင်အဖွဲ့အစည်းသို့ဖြစ်စေ တိုင်တန်းနိုင်သည်။

၅။ တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းသည် တိုင်တန်းလွှာပါ နစ်နာချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို အမြန်ဆုံး စုံစမ်းစစ်ဆေးရမည်။အဆင့်နိမ့်သော အာဏာပိုင်အဖွဲ့အစည်းကိုလည်း အမြန်ဆုံး စုံစမ်းစစ်ဆေး၍တင်ပြစေရန် ညွှန်ကြားနိုင်သည်။

၆။ တိုင်တန်းလွှာပါ နစ်နာချက်သည် တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်မှန်ကန်ကြောင်း တွေ့ရှိရသည့်အခါ တိုင်တန်းလွှာရရှိသော အာဏာပိုင် အဖွဲ့အစည်းသည် အရေးယူဆောင်ရွက်ပေးပိုင်ခွင့်ရှိလျှင် တိုင်တန်းသူ၏ တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေးကို အပြည့်အဝရရှိစေရေးအတွက် အရေးယူ ဆောင်ရွက်ပေးရမည်။

၇။ တိုင်တန်းလွှာပါ နစ်နာချက်သည် တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်မှန်ကန်ကြောင်း တွေ့ရှိသော်လည်း တိုင်တန်းလွှာရရှိသော အာဏာပိုင် အဖွဲ့အစည်းက အရေးယူဆောင်ရွက်ပေးပိုင်ခွင့်မရှိလျှင် အရေးယူ ဆောင်ရွက်ပေးပိုင်ခွင့်ရှိသော အာဏာပိုင် အဖွဲ့အစည်းသို့ တိုင်တန်းသူ၏ တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေး အပြည့်အဝ ရရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် တွေ့ရှိချက်ကို တိုင်တန်းလွှာနှင့်အတူ ပေးပို့ရမည်။

၈။ တိုင်တန်းလွှာပါ နစ်နာချက်သည် တရားဝင်ခံစားခွင့်ရှိသောအခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်မဟုတ်ကြောင်းတွေ့ရှိလျှင် တိုင်တန်းလွှာကို ပယ်နိုင်သည်။

၉။ တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းသည် တိုင်တန်းလွှာနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်ကို တိုင်တန်းသူထံ အကြောင်းကြားရမည်။

# အခန်း (၄)

## နိုင်ငံသားများ၏အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ပေးခြင်း

၁၀။ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တဦးဦး သို့မဟုတ် ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတရပ်ရပ်သည် နိုင်ငံသားတိုင်း၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပေးရမည်။

၁၁။ ဝန်ထမ်းတဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း တရပ်ရပ်သည် မိမိ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း နိုင်ငံသားတိုင်း၏ တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် ကာကွယ် စောင့်ရှောက် ပေးရမည်။

၁၂။ နိုင်ငံသားတဦးဦး၏ တရားဝင် ရပိုင်ခွင့်ရှိသော အခွင့်အရေး တရပ်ရပ် ဆုံးရှုံးနစ်နာကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်တွင် ပါဝင်သောအဖွဲ့ဝင် သို့မဟုတ် သက်ဆိုင်ရာ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ် သို့မဟုတ် သက်ဆိုင်ရာဝန်ထမ်းတဦးဦး သို့မဟုတ် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းတရပ်ရပ်သည် နစ်နာဆုံးရှုံးသည့်အခွင့်အရေးများ တရားဝင် အပြည့်အဝရရှိစေရေးအတွက် လိုအပ်သလို အရေးယူ ဆောင် ရွက်ပေး ရမည်။

၄၃။ သက်ဆိုင်ရာဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တဦးဦး သို့မဟုတ် သက်ဆိုင်ရာဗဟို နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်သည် လုံလောက်သော အကြောင်း တစုံတရာမရှိပဲ နိုင်ငံသားတဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်ကို တရားဝင်ရရှိစေရေးအတွက် အရေးယူ ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင် နိုင်ငံတော် ကောင်စီက လိုအပ်သလို အရေးယူရမည်။

၄၄။ သက်ဆိုင်ရာဝန်ထမ်းတဦးဦး သို့မဟုတ် သက်ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်းတရပ်ရပ်သည် လုံလောက်သော အကြောင်း တစုံတရာ မရှိပဲ နိုင်ငံသားတဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးနှင့် စပ်လျဉ်း သည့် နစ်နာချက်ကို တရားဝင်ရရှိစေရေးအတွက် အရေးယူဆောင်ရွက် ပေးရန် ပျက်ကွက်လျှင် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းက လိုအပ်သလို အရေးယူရမည်။

၄၅။ နိုင်ငံသားတဦးဦးက မိမိတရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေး တရပ်ရပ်နှင့် စပ်လျဉ်း၍ အကြံဉာဏ်တောင်းခံလာလျှင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ သို့မဟုတ် အဆင့်ဆင့်သော ဥပဒေ ဝန်ထမ်းများက လိုအပ်သော အကြံဉာဏ်များပေးရမည်။

၄၆။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် နိုင်ငံသား တဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးတရပ်ရပ် နစ်နာ ဆုံးရှုံးကြောင်း တွေ့ရှိပါက ယင်းအခွင့်အရေးကို တရားဝင်ခံစားပိုင်ခွင့်ရရှိစေရေးအတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရမည်။ လိုအပ်ပါက နိုင်ငံ တော်ကောင်စီသို့ တင်ပြရမည်။

# အခန်း (၅)

## အခွင့်အာဏာအလွဲသုံးစားပြုသဖြင့်နစ်နာ၍အရေးယူခြင်း

၁၇။ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တဦးဦး သို့မဟုတ် ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတရပ်ရပ် သို့မဟုတ် ဝန်ထမ်းတဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းတရပ်ရပ်က ပြည်သူတို့အပ်နှင်းထားသောအခွင့်အာဏာကို အလွဲသုံးစားပြုသဖြင့် နိုင်ငံသားတဦးဦး၏ အခွင့်အရေးတရပ်ရပ် သို့မဟုတ် အကျိုးခံစားခွင့်တရပ်ရပ် ထိခိုက်နစ်နာခဲ့လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်းအဖွဲ့အစည်းကို ရှိရင်းစွဲဥပဒေများနှင့်အညီ တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ထိခိုက်နစ်နာမှုအတွက်ကိုလည်း ရှိရင်းစွဲဥပဒေများနှင့်အညီ လျော်ကြေးတောင်းခံနိုင်ခွင့် ရှိသည်။

# အခန်း (၆)

## အထွေထွေ

၁၈။ တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ဥပဒေစည်းကမ်းနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် နိုင်ငံစွမ်းသမျှ ထမ်းဆောင်သောအာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်တွင်ပါဝင်သော အဖွဲ့ဝင်တဦးဦး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ် သို့မဟုတ် ဝန်ထမ်းတဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း တရပ်ရပ်၏ လုပ်ဆောင်ချက်သည် ဤဥပဒေအရ ပြစ်မှုသော်လည်းကောင်း၊ တရားမကြောင်း တာဝန်သော်လည်းကောင်း မမြောက်စေရ။

# နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏
# ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်
# ဥပဒေ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... .... | ၂၅ |
| ၂ | အခန်း (၁) .... .... <br> အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၂၆ |
| ၃ | အခန်း (၂) .... .... <br> အရေးပေါ် အခြေအနေ ကြေညာခြင်းနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း | ၂၈ |
| ၄ | အခန်း (၃) .... .... <br> နိုင်ငံသားတဦးဦး၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း | ၂၉ |
| ၅ | အခန်း (၄) .... ... <br> ကြိုတင်ကာကွယ်ခြင်းအတွက် လုပ်ပိုင်ခွင့်များ | ၃၁ |
| ၆ | အခန်း (၅) .... .... <br> ပြန်လည်သုံးသပ်ခြင်း | ၃၃ |
| ၇ | အခန်း (၆) .... .... <br> အစီရင်ခံခြင်း | ၃၄ |
| ၈ | အခန်း (၇) .... .... <br> အယူခံခြင်း | ၃၅ |
| ၉ | အခန်း (၈) .... .... <br> အထွေထွေ | ၃၆ |

# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၃]

## နိဒါန်း

နိုင်ငံတော်၏ အချုပ်အခြာ အာဏာနှင့် နိုင်ငံတော် လုံခြုံရေးကို ဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကိုမထိခိုက်စေပဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်နိုင်ရန်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် —

(က) ပြုလုပ်မှု ဆိုသည်မှာ ဤဥပဒေပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်အကြောင်းတရပ်ရပ်ကို ထိပါးအန္တရာယ်ဖြစ်စေခြင်းငှာ မည်သည့်နည်းဖြင့်မဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းပြုလုပ်ခြင်း၊ ပြုလုပ်ရန်အားထုတ်ခြင်း၊ ပြုလုပ်ရန်အားပေးကူညီခြင်း သို့မဟုတ် ပြုလုပ်ရန် ပြင်ဆင်ခြင်းကိုဆိုသည်။

(ခ) ဗဟိုအဖွဲ့ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသည့်အဖွဲ့ကိုဆိုသည်။

(ဂ) အရေးယူခြင်းခံရသူ ဆိုသည်မှာ ဤဥပဒေအရ မိမိ၏မူလအခွင့်အရေးတရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းကိုဖြစ်စေ၊ တားဆီးခြင်းကိုဖြစ်စေ ခံရသူကိုဆိုသည်။

# အခန်း (၂)

## အရေးပေါ်အခြေအနေကြေညာခြင်းနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်ခြင်း

၃။ နိုင်ငံတော်၏ အချုပ်အချာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် နိုင်ငံတော်ကောင်စီသည်—

(က) ဒေသတခုခုတွင်ဖြစ်စေ၊ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတော်တဝန်းလုံးတွင်ဖြစ်စေ အရေးပေါ်အခြေအနေကြေညာနိုင်သည်။

(ခ) ဒေသတခုခုတွင်ဖြစ်စေ၊ အချို့ဒေသတွင်ဖြစ်စေ၊ နိုင်ငံတော်တဝန်းလုံးတွင်ဖြစ်စေ နေထိုင်သော နိုင်ငံသားများ၏ မူလအခွင့်အရေးတရပ်ရပ်ကိုလည်း လိုအပ်သလို ကန့်သတ်ကြောင်း ကြေညာနိုင်သည်။

၄။ ပုဒ်မ ၃ အရ ကြေညာချက်သည် ရက်ပေါင်းခြောက်ဆယ်ထက်မပိုစေရ၊ ရက်ပေါင်းခြောက်ဆယ်ထက် ကျော်လွန်ထားရှိရန်လိုအပ်ပါက နိုင်ငံတော်ကောင်စီသည် အနီးကပ်ဆုံးလွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ရက်ပေါင်းခြောက်ဆယ်အတွင်း လွှတ်တော်

အစည်းအဝေးကျင်းပရန်မရှိလျှင် လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ အတည်ပြုချက်ရယူရမည်။ လွှတ်တော်၏အတည်ပြုချက် မရရှိလျှင် ယင်းကြေညာချက်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာ တည်ခြင်းမှ ရပ်စဲစေရမည်။ ကြေညာချက်အာဏာတည်ခြင်းမှမရပ်စဲမီ ယင်းကြေညာချက်အရ တရားဝင်လုပ်ဆောင်ပြီးစီးခဲ့သမျှသည် အတည်ဖြစ် စေရမည်။

၅။ ကြေညာချက် ရုပ်သိမ်းသည်နှင့်တပြိုင်နက် ပုဒ်မ ၃ ပုဒ်မခွဲ (ခ) အရ ကန့်သတ်ချက်သည် အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။

၆။ ပုဒ်မ ၃ အရ ကြေညာချက်ကို ရက်ပေါင်း ခြောက်ဆယ်ထက်မပို သောကာလအတွင်း ရုပ်သိမ်းလျှင် နိုင်ငံတော်ကောင်စီသည် မိမိ၏ ဆောင်ရွက်ချက်ကို အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ လွှတ်တော်၏ အတည်ပြုချက် မရရှိလျှင် ယင်း ကြေညာချက်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်း မှရပ်စဲစေရမည်။ ကြေညာချက် အာဏာတည်ခြင်းမှ မရပ်စဲမီ ယင်း ကြေညာချက်အရ တရားဝင်လုပ်ဆောင် ပြီးစီးခဲ့သမျှသည် အတည်ဖြစ် စေရမည်။

# အခန်း (၃)

## နိုင်ငံသားတဦးဦး၏ မူလအခွင့်အရေးများကိုကန့်သတ်ခြင်း

၇။ နိုင်ငံသားတဦး ဦးသည် နိုင်ငံတော်၏ အချုပ်အချာ အာဏာနှင့် နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာ ရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတခုခုကို ပြုလုပ်ခဲ့ သည် သို့မဟုတ်ပြုလုပ်နေသည် သို့မဟုတ်ပြုလုပ်တော့မည်ဟု ယုံကြည် လောက်သောအကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလ အခွင့်အရေးတရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်သည်။

၈။ ပုဒ်မ ၇ အရ လုပ်ပိုင်ခွင့်ကို ဝန်ကြီးအဖွဲ့သည် မိမိကိုယ်စားတာဝန် ယူဆောင်ရွက်ရန် ပြည်ထဲရေးနှင့် သာသနာရေးဌာန ဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကာကွယ်ရေး ဌာနဝန်ကြီးနှင့် နိုင်ငံခြားရေးဌာန ဝန်ကြီးတို့က အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သောဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

၉။ ဤဥပဒေအရ နိုင်ငံသားများ၏ မူလအခွင့် အရေးများကို ကန့် သတ်ရာ၌ အောက်ပါမူများကို တိကျစွာလိုက်နာရမည်—

(က) အဖွဲ့ဖြင့်သာ ဆုံးဖြတ်၍ ကန့်သတ်မိန့်ချမှတ်ရမည်၊

(ခ) မူလအခွင့်အရေးများအနက် လိုအပ်သရွေ့သာ ကန့်သတ်ရမည်၊

(ဂ) ကာလအပိုင်း အခြားအားဖြင့် အတိုတောင်းဆုံး ဖြစ်စေရမည်၊

(ဃ) ကန့်သတ်မိန့်ကို ပုံမှန်ပြန်လည် သုံးသပ်ရမည့်အပြင် ပုံမှန်အချိန်ထက်စော၍လည်း လိုအပ်သလို သုံးသပ်နေရမည်၊

(င) အရေးယူခြင်းခံရသူအား တရားစွဲဆို နိုင်လောက်သည့် အချက်အလက်ပြည့်စုံလျှင် တရားစီရင်ရေး အဖွဲ့သို့ ချက်ချင်းတင်ပို့စေရမည်၊

(စ) အရေးယူခြင်း ခံရသူသည် ကန့်သတ်ခြင်း ခံရသည့်မူလအခွင့်အရေးများမှအပ အခြေခံ ဥပဒေပါ အခြား မူလအခွင့်အရေးများကိုမူ ခံစားခွင့်ရှိစေရမည်၊

(ဆ) ပုဒ်မ ၇ ပါအကြောင်းတရပ်ရပ်ကို ထိပါး အန္တရာယ်ဖြစ်စေမည့် အကြောင်း မရှိတော့သည့်အချိန်တွင် ကန့်သတ်မိန့်ကိုချက်ချင်းပယ်ဖျက်ရမည်၊

(ဇ) ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူအား ပြန်လွှတ်ပြီးနောက် မူလအရေးယူခဲ့သည့် ကိစ္စရပ်အပေါ်အခြေပြု၍ ဤဥပဒေအရ ထပ်မံ ဖမ်းဆီးချုပ်နှောင်ခြင်းမပြုရ။

# အခန်း (၄)

## ကြိုတင်ကာကွယ်ခြင်းအတွက် လုပ်ပိုင်ခွင့်များ

၁၀။ ဗဟိုအဖွဲ့သည် နိုင်ငံတော်အား ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်—

(က) အရေးယူခြင်းခံရသူအား တကြိမ်လျှင် ရက်ပေါင်းခြောက်ဆယ်ထက်မပိုစေဘဲ စုစုပေါင်း ရက်ဘစ်ရာ့ရှစ်ဆယ် အထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်ခြင်း၊

(ခ) အရေးယူခြင်း ခံရသူအား တနှစ်အထိ တားဆီးမှုပြုလုပ်နိုင်ခြင်း။

၁၁။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ အရေးယူခြင်းခံရသူအား အောက်ပါအတိုင်း တားဆီးမှုပြုလုပ်နိုင်သည်—

(က) မည်သည့်နေရာဒေသတွင်မနေထိုင်ရဟုသတ်မှတ်ခြင်း၊

(ခ) မည်သည့် နေရာဒေသတွင်သာ နေထိုင်ရမည်ဟု သတ်မှတ်ခြင်း၊

(ဂ) သွားလာမှုများကို လိုအပ်သလိုတားဆီးခြင်း၊

(ဃ) သတ်မှတ်သည့် အရာဝတ္ထုများကို လက်ငယ်ထားရှိခြင်း
သို့မဟုတ် အသုံးပြုခြင်းကို ပိတ်ပင်တားဆီးခြင်း။

၁၂။ ဗဟိုအဖွဲ့သည် အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပါ ကာလအပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ ဗဟိုအဖွဲ့သည် အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) ပါ ကာလအပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက်တားဆီးမှု ပြုလုပ်ရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၄။ ဝန်ကြီးအဖွဲ့သည် ဆက်လက် ဖမ်းဆီး ချုပ်နှောင်ရန် ဖြစ်စေ၊ ဆက်လက် တားဆီးမှု ပြုလုပ်ရန်ဖြစ်စေ ကြိုတင် ခွင့်ပြုချက် ပေးရာတွင် တကြိမ်လျှင် ရက်ပေါင်း တရာ့ရှစ်ဆယ်ထက် မပိုစေပဲ စုစုပေါင်း ၃ နှစ်အထိ ခွင့်ပြုနိုင်သည်။

၁၅။ ဗဟိုအဖွဲ့သည် ဖမ်းဆီးချုပ်နှောင်ခြင်း သို့မဟုတ် တားဆီးခြင်း ပြုလုပ်ရန်လိုအပ်သည့်အခါ ဝန်ထမ်း အဖွဲ့အစည်း တရပ်ရပ်အား ဆောင်ရွက်ရန်ညွှန်ကြားနိုင်သည်။

## ပြန်လည်သုံးသပ်ခြင်း

၃၆။ ဝန်ကြီးအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့သည် ကန့်သတ်မိန့်၊ ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်ကို အောက်ပါအတိုင်း ပြန်လည်သုံးသပ်၍ လိုအပ်သလိုဆောင်ရွက်ရမည်—

(က) ရက်ပေါင်း ခြောက်ဆယ်လျှင် အနည်းဆုံး တကြိမ်ပုံမှန် ပြန်လည်သုံးသပ်ရမည်၊

(ခ) ကန့်သတ်ချက်ကို ပြင်ဆင်သင့်က ပြင်ဆင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ရမည်၊

(ဂ) ဖမ်းဆီး ချုပ်နှောင်မိန့်ကို ပြင်ဆင်သင့်က ပြင်ဆင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ရမည်၊

(ဃ) တားဆီးမိန့်ကို ပြင်ဆင်သင့်က ပြင်ဆင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ရမည်။

## အခန်း (၆)

## အစီရင်ခံခြင်း

၁၇။ ဗဟိုအဖွဲ့သည် ဤဥပဒေအရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့သို့ ရက်ပေါင်းကိုးဆယ်လျှင် တကြိမ်ပုံမှန် အစီရင်ခံရမည်။

၁၈။ ဝန်ကြီးအဖွဲ့သည် ဗဟိုအဖွဲ့၏ အစီရင်ခံစာကို အခြေခံ၍ ဗဟိုအဖွဲ့က ချမှတ်သည့် ကန့်သတ်မိန့် သို့မဟုတ် ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်များကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

# အခန်း (၇)

## အယူခံခြင်း

၁၉။ ဤဥပဒေအရ အရေးယူခြင်းခံရသူသည် အရေးယူခြင်းခံနေရသည့်ကာလအတွင်း အယူခံခွင့်ရှိသည်။

၂၀။ ဗဟိုအဖွဲ့မှ ချမှတ်သော ကန့်သတ်မိန့် သို့မဟုတ် ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်အပေါ် ဝန်ကြီးအဖွဲ့သို့ အယူခံနိုင်သည်။ ဝန်ကြီးအဖွဲ့သည် အမိန့်ကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုလုပ်နိုင်သည်။

၂၁။ ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ချမှတ်သော ဗဟိုအဖွဲ့၏ ဆက်လက် ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် ဆက်လက်တားဆီးမိန့် အပေါ် ပြည်သူ့တရားသူကြီးအဖွဲ့သို့ အယူခံနိုင်သည်။ ပြည်သူ့တရားသူကြီးအဖွဲ့သည် အမိန့်ကိုလိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုလုပ်နိုင်သည်။

# အခန်း (၈)

## အထွေထွေ

၂၂။ အရေးယူခြင်း ခံရသူတဦးဦးသည် ကန့်သတ်မိန့် သို့မဟုတ် တားဆီးမိန့်ကို ဆန့်ကျင်လျှင် သော်လည်းကောင်း၊ ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ မလိုက်နာလျှင် သော်လည်းကောင်း အနည်းဆုံး ၃ နှစ်မှ အများဆုံး ၅ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံစေရမည်။

၂၃။ ပုဒ်မ ၇ ပြဋ္ဌာန်းချက်ပါ ကန့်သတ်ချက်တရပ်ရပ်ကို ဤဥပဒေအရသာ အရေးယူဆောင်ရွက်ရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ဝန်ကြီးအဖွဲ့သည် အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ထုတ်ပြန်နိုင်သည်။

# ၁၉၇၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဆောင်ရွက်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

# ၁၉၇၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဆောင်ရွက်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄။]

## နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံအနှစ်(၂၀)နှစ်ရှည်စီမံကိန်းနှင့် ဒုတိယ လေးနှစ်စီမံကိန်း လမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်နှင့် ဒုတိယလေးနှစ်စီမံကိန်း (၁၉၇၄-၇၅ မှ ၁၉၇၇-၇၈)တို့၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ၊ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဆောင်ရွက်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေး နှစ်အတွက် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းခဲ့သော ဒုတိယလေးနှစ်စီမံကိန်း၏ လမ်းညွှန်မှုများနှင့်အညီ ပြန်လည် ရေးဆွဲထားသည့် ဒုတိယလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန်အတွက် ယင်းကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည်ဖော်ကြရမည်။

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၅-၇၆ ခု၊ အဏ္ဏာရေးနှစ်အတွက်ရည်မှန်းချက်များ | | | | | | | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|---|---|---|---|
| | | ကာလပေါက်ဈေးများဖြင့် တွက်ချက်ထားသည့် ရည်မှန်းချက်များ | | ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့် ရည်မှန်းချက်များ | | ၁၉၇၂-၇၃ ခုနှစ်၊ စာရင်းများနှင့် ၁၉၇၃-၇၄ ခုနှစ်၊ မူလစာရင်းများ ၂ ခုကို ပျမ်းမျှပြုလုပ်ထားသည့် အခြေခံနှစ် အပေါ်မူတည်၍ ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | ၁၉၇၄-၇၅ ခုနှစ်၊ ပြုပြင်ခန့်မှန်းခြေအပေါ် မူတည်၍ ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့်ရည်မှန်းချက်များ၏တိုးတက်မှုနှုန်း | | |
| | | စုစုပေါင်း တန်ဘိုး | အသားတင် တန်ဘိုး | စုစုပေါင်း တန်ဘိုး | အသားတင် တန်ဘိုး | စုစုပေါင်း တန်ဘိုးအပေါ် | အသားတင် တန်ဘိုးအပေါ် | စုစုပေါင်း တန်ဘိုးအပေါ် | အသားတင် တန်ဘိုးအပေါ် | |
| | | ကျပ်သိန်းပေါင်း | | | | ရာခိုင်နှုန်း | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | လယ်ယာ ... ... ... | ၈၄၄၂၆ | ၆၉၇၃၂ | ၃၀၃၀၀ | ၃၂၁၆၂ | ၉.၁ | ၉.၉ | ၆.၂ | ၇.၁ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၊ စက်မှုလယ်ယာဦးစီးဌာန၊ ပြည်သူ့လုပ်အားနေရာချထားရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာန။ |
| ၂ | သားငါး ... ... ... | ၁၂၉၉၁ | ၉၁၀၇ | ၁၁၁၃၃ | ၈၆၇၃ | ၃.၀ | ၃.၇ | ၂.၅ | ၂.၅ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်း။ တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးဦးစီးဌာနနှင့် ငါးလုပ်ငန်း ဦးစီးဌာန။ |
| ၃ | သစ်တော ... ... ... | ၅၅၅၆ | ၃၆၂၅ | ၄၄၄၀ | ၂၁၉၀ | (−) ၀.၃ | (−) ၁.၀ | ၇.၂ | ၈.၀ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်းနှင့် သစ်တောဦးစီးဌာန။ |
| ၄ | သတ္တု ... ... ... | ၇၄၀၆ | ၄၅၁၇ | ၂၉၀၃ | ၁၆၁၇ | ၁၄.၁ | ၁၅.၄ | ၁၆.၄ | ၁၇.၉ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—သတ္တုတွင်းဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ မြန်မာ့ရေနံကော်ပိုရေးရှင်း၊ မြန်မာ့ဘော်တွင်းကော်ပိုရေးရှင်း၊ မြန်မာ့ဓါတ်သတ္တုတူးဖော်ချိုလုပ်ကိုင်ရေး ကော်ပိုရေးရှင်း၊ မြန်မာ့ခဲမဖြူနှင့် အဖြိုက်နက်ကော်ပိုရေးရှင်း၊ စက်မှုတွင်းထွက်ကုန်ကြမ်းကော်ပိုရေးရှင်း၊ ဓါတ်သတ္တုနှင့် ဘူမိဗေဒ လေ့လာရေးနှင့် ရှာဖွေရေးဦးစီးဌာန၊<br>—ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ကျောက်မိုင်းကော်ပိုရေးရှင်း။ |
| ၅ | စက်မှုလက်မှု ... ... ... | ၁၀၉၂၆၀ | ၁၀၅၂၁ | ၆၁၇၅၇ | ၁၃၁၃၀ | ၁၀.၁ | ၉.၃ | ၁၀.၄ | ၁၀.၄ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—စက်မှုဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ စက္ကူလုပ်ငန်းကော်ပိုရေးရှင်း၊ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၊ သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ ဓါတုဗေဒလုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းကော်ပိုရေးရှင်း၊ ရေနံဓါတုဗေဒ ပစ္စည်းများလုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ စက်မှုစီမံကိန်း ကော်ပိုရေးရှင်း၊ အိမ်တွင်းလက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ ဒေသန္တရ စက်မှုလက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးညွှန်ကြားရေးဦးစီးဌာန၊<br>—လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိလယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ ဆားလုပ်ငန်းကော်ပိုရေးရှင်း၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း။<br>—သတ္တုတွင်းဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ မြန်မာ့ရေနံကော်ပိုရေးရှင်း၊ |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ | | | | | | | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|---|---|---|---|
| | | ကာလပေါက်ဈေးများဖြင့် တွက် ချက်ထားသည့် ရည်မှန်းချက်များ | | ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့် ရည်မှန်းချက်များ | | ၁၉၇၂-၇၃ ခုနှစ်၊ စာရင်းများနှင့် ၁၉၇၃-၇၄ ခုနှစ်၊ မူလစာရင်းများ ၂ ခုကို ပျမ်း မျှပြုလုပ် ထားသည့် အခြေခံနှစ်အပေါ် မူတည်၍ ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်း များဖြင့် တွက်ချက်ထားသည့်ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | ၁၉၇၄-၇၅ ခုနှစ်၊ ပြုပြင်ခန့်မှန်းခြေအပေါ် မူတည်၍ ၁၉၆၉-၇၀ခုနှစ်၊ ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့်ရည်မှန်းချက်များ၏တိုးတက်မှုနှုန်း | | |
| | | စုစုပေါင်း တန်ဘိုး | အသားတင် တန်ဘိုး | စုစုပေါင်း တန်ဘိုး | အသားတင် တန်ဘိုး | စုစုပေါင်း တန်ဘိုးအပေါ် | အသားတင် တန်ဘိုးအပေါ် | စုစုပေါင်း တန်ဘိုးအပေါ် | အသားတင် တန်ဘိုးအပေါ် | |
| | | ကျပ်သိန်းပေါင်း | | | | ရာခိုင်နှုန်း | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၅ | စက်မှုလက်မှု ။အထုံး — — | | | | | | | | | —ကုန်သွယ်ရေးဝန်ကြီးဌာနနှင့်ယင်းဌာနလက်အောက်ရှိကုန်သွယ်ရေးကော်ပိုရေးရှင်း (၁)၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း (၂)၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း(၄)၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း(၅)၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း(၆)နှင့် ကုန်သွယ်ရေးကော်ပိုရေးရှင်း (၁၉)၊<br>—ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ သင်္ဘောကျင်းကော်ပိုရေးရှင်း၊ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊<br>—စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ဝါဇီလုပ်ငန်း ညွှန်ကြားရေးမှူးရုံး၊<br>—ကာကွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ကာကွယ်ရေးစက်ပစ္စည်းစက်ရုံ။ |
| ၆ | လျှပ်စစ်ဓါတ်အား — — | ၁၅၅၆ | ၈၁၂ | ၁၅၅၆ | ၁၀၁၉ | ၂၉.၁ | ၃၀.၀ | ၁၂.၅ | ၁၃.၃ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—စက်မှုဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ လျှပ်စစ်ဓါတ်အားကော်ပိုရေးရှင်း။ |
| ၇ | ဆောက်လုပ်ရေး — — — | ၇၃၄၄ | ၂၃၇၉ | ၆၉၂၇ | ၂၀၂၉ | ၅.၁ | ၃.၈ | ၁၁.၁ | ၁၀.၇ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိဆောက်လုပ်ရေးကော်ပိုရေးရှင်း။ |
| ၈ | ပို့ဆောင်ရေး — — — | ၁၂၄၉၃ | ၇၀၃၉ | ၁၁၄၀၇ | ၆၀၉၁ | ၅.၈ | ၁.၉ | ၇.၂ | ၆.၉ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ရေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း၊ ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း၊ လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ဆိပ်ကမ်းကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။ |
| ၉ | ဆက်သွယ်ရေး — — — | ၅၀၀ | ၄၁၇ | ၅၀၀ | ၄၁၇ | ၁၄.၇ | ၁၃.၆ | ၇.၃ | ၇.၅ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ဆက်သွယ်ရေးကော်ပိုရေးရှင်း။ |
| ၁၀ | ငွေရေးကြေးရေး— — — | ၁၉၁၉ | ၁၃၆၇ | ၁၉၁၉ | ၁၃၆၇ | ၁၅.၁ | ၁၂.၀ | ၂.၈ | ၇.၆ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်။ |
| ၁၁ | လူမှုရေးနှင့်စီမံခန့်ခွဲရေး — — | ၂၃၉၀၃ | ၁၃၉၂၅ | ၂၃၉၀၃ | ၁၃၉၂၅ | ၁၅.၀ | ၁၅.၅ | ၆.၇ | ၇.၆ | —နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၊ သို့မဟုတ် ယင်းအဖွဲ့အစည်းအသီးသီးက တာဝန်ပေးမည့် ဌာန/ရုံး/ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—ပညာရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အထက်တန်းပညာဦးစီးဌာန၊ စက်မှုအတတ်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ စာစစ်ဦးစီးဌာန၊ ပညာရေးသုတေသနဦးစီးဌာန၊<br>—ကျန်းမာရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ကျန်းမာရေးဦးစီးဌာန၊ အာဟာရနှင့်ကာယပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆေးပညာသင်ကြားရေးဦးစီးဌာန၊ |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၅-၇၆ ခုဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ | | | | | | | | တာဝန်ဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|---|---|---|---|
| | | ကာလပေါက်ဈေးများဖြင့် တွက်ချက်ထားသည့် ရည်မှန်းချက်များ | | ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့် ရည်မှန်းချက်များ | | ၁၉၇၂-၇၃ ခုနှစ်၊ စာရင်းများနှင့် ၁၉၇၃-၇၄ ခုနှစ်၊ မူလစာရင်းများ ၂ ခုကို ပျမ်းမျှပြုလုပ် ထားသည့် အခြေခံနှစ်အပေါ် မူတည်၍ ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့်ရည်မှန်းချက်များ၏တိုးတက်မှုနှုန်း | | ၁၉၇၄-၇၅ ခုနှစ်၊ပြုပြင်ခန့်မှန်းခြေအပေါ် မူတည်၍ ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်း များဖြင့် တွက်ချက် ထားသည့် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | |
| | | စုစုပေါင်း တန်ဘိုး | အသားတင် တန်ဘိုး | စုစုပေါင်း တန်ဘိုး | အသားတင် တန်ဘိုး | စုစုပေါင်း တန်ဘိုးအပေါ် | အသားတင် တန်ဘိုးအပေါ် | စုစုပေါင်း တန်ဘိုးအပေါ် | အသားတင် တန်ဘိုးအပေါ် | |
| | | ကျပ်သိန်းပေါင်း | | | | ရာခိုင်နှုန်း | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁၁ | လူမှုရေးနှင့်စီမံခန့်ခွဲရေး။ ။အဆုံး .... | | | | | | | | | —လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့်ယင်းဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊<br>—ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အဖွဲ့အစည်းများ။<br>—ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>—အလုပ်သမားဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>—ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>—သမဝါယမဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>—နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>—စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အဖွဲ့အစည်းများ။<br>—ကာကွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အဖွဲ့အစည်းများ။ |
| ၁၂ | အိမ်ငှါးခနှင့် အခြားဆောင်ရွက်မှု .... | ၁၀၄၃၄ | ၈၀၀၀ | ၁၀၄၃၄ | ၈၀၀၀ | ၇.၃ | ၇.၁ | ၃.၂ | ၃.၂ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ အိုးအိမ်ဦးစီးဌာန၊<br>—ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ကုန်သွယ်ရေးကော်ပိုရေးရှင်း(၂၀)၊<br>—ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်း၊<br>—ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာန လက်အောက်ရှိ ပို့ဆောင်ရေးကိုယ်စားလှယ်ကော်ပိုရေးရှင်း။ |
| ၁၃ | ကုန်သွယ်မှုတန်ဘိုး .... .... | ၆၆၁၀၆ | ၅၄၂၄၀ | ၃၆၂၃၉ | ၂၉၇၁၆ | ၈.၄ | ၈.၄ | ၄.၄ | ၄.၄ | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ကုန်သွယ်ရေးကော်ပိုရေးရှင်းများ။<br>—သတ္တုတွင်းဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ မြန်မာ့ရေနံကော်ပိုရေးရှင်း၊<br>—လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်း နှင့် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း။ |
| ၁၄ | စုစုပေါင်း — — | ၃၄၄၃၄၂ | ၁၉၄၄၈၁ | ၂၁၀၄၁၀ | ၁၂၁၉၄၄ | ၉.၂ | ၈.၆ | ၇.၁ | ၆.၄ | |
| ၁၅ | နိုင်ငံခြားသို့ ပို့ကုန်တန်ဘိုး (သင်္ဘောပေါ်ရောက်တန်ဘိုး) | ၂၀၀၅၀ | | ၉၁၇၀ | | ၂၃.၁ | | ၁၇.၀ | | —ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မီတီ၊<br>—ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>—ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ ကုန်သွယ်ရေးကော်ပိုရေးရှင်း(၂၂)၊<br>—လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်း၊<br>—သတ္တုတွင်းဝန်ကြီးဌာနနှင့် ယင်းဌာနလက်အောက်ရှိ မြန်မာ့ဘော်တွင်းကော်ပိုရေးရှင်း၊ မြန်မာ့ရေနံကော်ပိုရေးရှင်း။ |
| ၁၆ | ပြည်တွင်းထုတ် အသားတင်ထုတ်လုပ်မှု — | | ၁၉၄၄၈၁ | | ၁၂၁၉၄၄ | | ၈.၆ | | ၆.၄ | |
| ၁၇ | ပြည်တွင်းသုံးရန်တန်ဘိုး .... | ၁၉၈၉၃၁ | | ၁၂၀၂၇၄ | | ၉.၂ | | ၆.၈ | | |
| ၁၈ | စားသုံးရန် လျာထားသည့်တန်ဘိုး — | ၁၇၈၃၅၂ | | ၁၁၀၅၃၅ | | ၈.၉ | | ၈.၁ | | |
| ၁၉ | ငွေရင်းမြှုပ်နှံရန် လျာထားသည့်တန်ဘိုး .... | ၂၀၀၈၉ | | ၁၁၀၄၄ | | ၁၂.၇ | | ၃၃.၉ | | |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ | | | | | | | | ထားဝန်ခံဆောင်ရွက်ကြမည့် အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|---|---|---|---|
| | | ကာလပေါက် ဈေးများဖြင့် တွက်ချက်ထားသည့် ရည်မှန်းချက်များ | | ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်း များဖြင့် တွက်ချက်ထားသည့် ရည်မှန်းချက်များ | | ၁၉၇၂-၇၃ ခုနှစ်၊ စာရင်းများ နှင့် ၁၉၇၃-၇၄ ခုနှစ်၊ မူလ စာရင်းများ ၂ ခုကို ပျမ်းမျှ ပြုလုပ်ထားသည့် အခြေခံနှစ် အပေါ်မူတည်၍ ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်းများဖြင့် တွက် ချက်ထားသည့် ရည်မှန်းချက်များ ၏ တိုးတက်မှုနှုန်း | | ၁၉၇၄-၇၅ ခုနှစ်၊ ပြုပြင် ခန့်မှန်းခြေအပေါ် မူတည်၍ ၁၉၆၉-၇၀ ခုနှစ်၊ ဈေးနှုန်းများ ဖြင့်တွက်ချက်ထားသည့် ရည် မှန်းချက်များ၏ တိုးတက်မှုနှုန်း | | |
| | | စုစုပေါင်း တန်ဘိုး | အသားတင် တန်ဘိုး | စုစုပေါင်း တန်ဘိုး | အသားတင် တန်ဘိုး | စုစုပေါင်း တန်ဘိုးအပေါ် | အသားတင် တန်ဘိုးအပေါ် | စုစုပေါင်း တန်ဘိုးအပေါ် | အသားတင် တန်ဘိုးအပေါ် | |
| | | ကျပ် | | | | ရာခိုင်နှုန်း | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၂၀ | လူထဦးစီးအတွက် ပျမ်းမျှထုတ်လုပ်မှု .... | ၁၁၁၇ | | ၆၀၆ | | ၄.၆ | | ၄.၉ | | |
| ၂၁ | လူထဦးစီးအတွက် ပျမ်းမျှပြည်တွင်းအသားတင် ထုတ်လုပ်မှု | ၆၃၁ | | ၃၉၅ | | ၄.၀ | | ၄.၀ | | |
| ၂၂ | လူထဦးစီးအတွက် ပျမ်းမျှဝင်ငွေ .... ... | ၆၄၅ | | ၃၉၃ | | ၄.၅ | | ၄.၅ | | |
| ၂၃ | လူထဦးစီးအတွက် ပျမ်းမျှစားသုံးမှု .... .... | ၅၇၀ | | ၃၅၀ | | ၄.၁ | | ၅.၆ | | |
| ၂၄ | လူထဦးစီး၏ ပျမ်းမျှရင်းနှီးမြှုပ်နှံမှု .... | ၆၀ | | ၃၆ | | ၉.၁ | | ၂၀.၆ | | |

ရန်ကုန်မြို့၊ ၁၃၃၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊
(၁၉၇၅ ခုနှစ်၊ မတ်လ ၂၄ ရက်)

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏
# ဘဏ္ဍာငွေ အရ–အသုံးဆိုင်ရာ
# ဥပဒေ

## ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ–အသုံးဆိုင်ရာ ဥပဒေ

**[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅]**

### နိဒါန်း

၁၉၇၅–၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရငွေများကို စည်းကြပ်ကောက်ခံ ရရှိနိုင်ရန်အတွက်လည်းကောင်း၊ သုံးငွေများကို သုံးစွဲနိုင်ရန် အတွက်လည်း ကောင်း၊ ဘဏ္ဍာငွေများလိုအပ်လာလျှင် ရှာဖွေဖြည့်တင်းနိုင်ရန် အတွက်လည်း ကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင် စေရမည်။

(ခ) ပုဒ်မ ၅ မှ ၉ အထိတွင်ပါရှိသောဝင်ငွေခွန်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်နှင့်သက်ဆိုင်သည့် ဝင်ငွေစည်းကြပ်ခြင်း ပြုလုပ်ရမည်ဖြစ်သော ဝင်ငွေ စတင်ရရှိ ဖြစ်ထွန်း ပေါ်ပေါက်သည့် ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မ ၁၀ တွင်ပါရှိသော ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

(ဃ) ပုဒ်မ ၁၁ တွင် ပါရှိသော စာပို့ခနှုန်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

(င) ဤဥပဒေပါ ကျန်ပုဒ်မများသည် ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

## အပိုင်း ၂

## ဘဏ္ဍာရေးပုံငွေ

### အခန်း (၁)

### ပြည်ထောင်စု၏ ဘဏ္ဍာရေးပုံငွေနှင့်နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၏ဘဏ္ဍာရေးပုံငွေ

၂။ (က) ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် တဝန်းလုံး၏ ငွေအဝင်နှင့် အထွက်ကို စာရင်း ပြုစုရန်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာရေးပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အတွက် နိုင်ငံတော် အာဏာပိုင် အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

### အခန်း (၂)

### သီးသန့်ရင်းနှီးငွေ၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန်ငွေ ထုတ်ပေးခြင်း

၃။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည်စီးပွားရေး ဆံဆံလုပ်ကိုင်ရန်အတွက် ဝန်ကြီးအဖွဲ့ထံမှ သီးသန့်ရင်းနှီး ငွေ၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန်ငွေကို တောင်းခံ ယူနိုင်သည်။

(ခ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအား သီးသန့်ရင်းနှီးငွေ၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန်ငွေကို သင့်လျော်သည့်စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးနိုင်သည်။ ထို့ပြင် ဝန်ကြီးအဖွဲ့သည် အဆိုပါ လုပ်ကိုင်ဆောင်ရွက်ရန် ငွေထုတ်ပေးရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်အား တာဝန်ပေးနိုင်သည်။ ယင်းသို့ ထုတ်ပေးသည့် ငွေနှင့်စပ်လျဉ်း၍ သင့်လျော်သည့် စည်းကမ်းချက်များကိုလည်း သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၃

## ရငွေ

### အခန်း (၁)

### ရငွေများ

၄။ (က) နိုင်ငံတော် အာဏာပိုင် အဖွဲ့အစည်းများ၏ ရငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် အောက်ပါဇယား (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံ စည်းကြပ်ကောက်ခံရမည်။

(ခ) နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများအတွက် ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား စီမံ စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် ရငွေများကို စီမံ စည်းကြပ်ကောက်ခံရန်မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ဂ) ရငွေများကိုစီမံ စည်းကြပ်ကောက်ခံရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရငွေ အတွက် ပြဋ္ဌာန်း ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

# အခန်း (၂)

## ဝင်ငွေခွန်

၅။ ဝင်ငွေခွန်ကို ဤဥပဒေ၏ ဇယား (၁) တွင် ဖော်ပြထားသည့် နှုန်းများဖြင့်စည်းကြပ်ရမည်။

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ အခြေခံသက်သာခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတခုစီ၏ နှစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် ကုမ္ပဏီဖြစ်လျှင် ယင်းအခြေခံသက်သာခွင့်ကို ခံစားခွင့်မရှိစေရ။ ထို့ပြင်တနှစ်အတွက် အခြေခံသက်သာခွင့်ပြုငွေ စုစုပေါင်းသည် ငွေကျပ် ခြောက်ထောင်ထက်မပိုစေရ။

၇။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ ပုဂ္ဂိုလ်စုမဟုတ်သောအခွန်ထမ်းတဦး၏ ဇနီးအတွက် သက်သာခွင့်ပြုငွေမှာ ကျပ်နှစ်ထောင်ဖြစ်ရမည်။

(ခ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ ပုဂ္ဂိုလ်စုမဟုတ်သောအခွန်ထမ်း၏ သားသမီးများအတွက် သက်သာခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်ရမည် —

(၁) အသက် ငါးနှစ်မကျော်သည့် သားသမီးအတွက် တဦးလျှင် ငွေကျပ် လေးရာစီ၊

(၂) အသက် ငါးနှစ်ကျော်၍ ဆယ်နှစ်မကျော်သည့် သားသမီးအတွက် တဦးလျှင် ငွေကျပ်ငါးရာစီ၊

(၃) အသက်ဆယ်နှစ်ကျော်၍ဆယ့်ငါးနှစ်မကျော်သည့် သားသမီးအတွက် တဦးလျှင် ငွေကျပ် ခြောက်ရာစီ၊

(၄) အသက် တဆယ့်ငါးနှစ်ကျော်သည့် သားသမီးအတွက် တဦးလျှင် ငွေကျပ်ခုနစ်ရာစီ။

၈။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ၊ အခြား သက်သာခွင့်များနှင့်စပ်လျဉ်း၍ သက်သာခွင့်ပြုငွေမှာ သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်းအမှန်ပေးသွင်းသည့်ငွေအားလုံးဖြစ်ရမည်။

၉။ ဤအခန်းနှင့် ဤဥပဒေ၏ ဇယား (၁) ပါ စကားရပ်များ၏ အဓိပ္ပါယ်သည် ဝင်ငွေခွန်ဥပဒေတွင် ဖေါ်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၃)

## ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်

၁၀။ ၁၉၅၆ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန် အက်ဥပဒေသည် ယင်းအက်ဥပဒေ ပုဒ်မ ၃ တွင် အောက်ပါပြင်ဆင်ချက်များကို ပြုလုပ်ထားဘိသကဲ့သို့ အာဏာတည်စေရမည်—

(က) ပုဒ်မခွဲ(၁)၏ နောက်၌ အောက်ပါကို ခြွင်းချက်အဖြစ် ထည့်သွင်းရမည်—

"သို့ရာတွင် ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလအတွက် ပေးဆောင်ရမည့် အခွန်သည် ယင်းကာလအတွက် ကျသင့်သည့် ငွေ ရမ်းခပေါင်း ကျပ် ၃၀၀ ကျော်လျှင် ယင်းအပေါ် ပူးတွဲပါရှိသော ဇယားအပိုင်း ၁ ပါ နှုန်းဖြင့်တွက်ချက်ရသော အခွန်ဖြစ်ရမည်။"

(ခ) ပုဒ်မခွဲ(၂) အစား အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်—

"(၂) ရောင်းဝယ်လုပ်ကိုင်မှုဥပစာတခုခု၏ 'တနှစ်အတွက်ငှါးခ' ဆိုသည်မှာ ပိုင်ရှင်အား ရောင်းဝယ်လုပ်ကိုင်မှုဥပစာကို ငှါးသူကဖြစ်စေ၊ ယင်းဥပစာကို ငှါးသူအား တဆင့်ငှါးသူကဖြစ်စေ ယင်း ဥပစာနှင့်စပ်လျဉ်း၍ တနှစ်အတွက် ပေးရမည့် ငှါးရမ်းခငွေကို ဆိုသည်။ အကယ်၍ အကြောင်းတခုခုကြောင့် ယင်းဥပစာအတွက်ငှါးရမ်းပေးရခြင်းမရှိလျှင် အခြားအလားတူ ဥပစာများ၏ငှါးရမ်းခနှင့် သက်ဆိုင်ရာ ဥပစာ၏အခြေအနေကို အခြေပြု၍ ညှိနှိုင်းပြီး သတ်မှတ်သည့်ငှါးရမ်းခ ရနိုင်ငွေဖြစ်ရမည်။

သို့ရာတွင် နိုင်ငံတော်၏ ကုန်သွယ်ရေးနှင့် စီးပွားရေးသဘော သက်ဝင်သော လုပ်ငန်းကို လုပ်ကိုင်သည့် ကော်ပိုရေးရှင်း စသည့် အဖွဲ့အစည်းများကအသုံးပြုသော ရောင်းဝယ် လုပ်ကိုင်မှုဥပစာနှင့်စပ်လျဉ်း၍ 'တနှစ်အတွက်ငှါးခ' သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ပြည်တွင်း အခွန်များဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်စေရမည်။"

(ဂ) ပုဒ်မခွဲ (၃) ကိုပယ်ဖျက်ရမည်။

# အခန်း (၄)

## စာပို့ခနှုန်းများ

၁၁။ မြန်မာနိုင်ငံ စာပို့တိုက် အက်ဥပဒေအရလည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရလည်းကောင်း ပြဋ္ဌာန်းထားသည့် စာပို့ခနှုန်းများကို ဇယား (၂)ပါ နှုန်းများအတိုင်း သတ်မှတ်လိုက်သည်။

# အပိုင်း ၄

## သုံးငွေများ

၁၂။ (က) နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် အောက်ပါဇယား (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် အသုံးစရိတ်တို့ကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများအတွက် ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိအား စီမံခန့်ခွဲရန်တာဝန်ပေးထားသည့်အသုံးစရိတ်များကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ဂ) အသုံးစရိတ်များကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေး နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အပိုင်း ၅

## ငွေချေးယူခြင်း

၁၃။ (က) ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၇၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် အတွင်း ကျပ်ငွေ၊ နိုင်ငံခြားငွေတို့ဖြင့် ပေါ်ပေါက်မည့် လိုငွေကို ချေးငွေဖြင့် ရှာဖွေဖြည့်တင်းနိုင်ရန်အတွက် ဝန်ကြီး အဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးက ဆောင်ရွက်ရန် လုပ်ပိုင်ခွင့် အပ်နှင်းသည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ချေးငွေဖြင့်ရှာဖွေဖြည့်တင်းရာ၌ ပုဒ်မခွဲ (က)တွင် ဖော်ပြသည့် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်း ဆောင်တာများ အတွက် ကျပ်နှစ်ရာ့ငါးဆယ်ကုဋေ ပမာဏထက် မပိုစေရ။

၁၄။ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက လိုငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၅။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးသည် စီးပွားရေး စီမံကိန်းပါ လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ၊ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း မည်သူထံမှမဆို ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ချေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၁၆။ ဝန်ကြီးအဖွဲ့သည် ချေးယူရရှိသည့်ငွေကို နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများသို့ သင့်လျော်သောစည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးနိုင်သည်။

၁၇။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်းစီမံချက်များ အတွက် ဖြစ်စေ၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ ဝန်ကြီးအဖွဲ့၏သဘောတူညီချက်ဖြင့် မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။

၁၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

## ဇယား (၁)

## ဝင်ငွေခွန်နှုန်းများဇယား

### ပုဂ္ဂလိက ကဏ္ဍ

၁။ (က) လစာခေါင်းစဉ်မှ ဝင်ငွေအတွက်—

| ကျပ် | | ကျပ် | | |
|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၇ ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၁၀ ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၁၅ ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၂၀ ရာခိုင်နှုန်း |
| ၃၀၀၀၁ | မှ | ၄၀၀၀၀ | ထိ | ၂၅ ရာခိုင်နှုန်း |
| ၄၀၀၀၁ | နှင့်အထက် | | | ၃၀ ရာခိုင်နှုန်း |

(ခ) အတတ်ပညာ တရပ်ရပ်သည် တာရှည် တသမတ်တည်း အကျိုး ဖြစ်ထွန်းနိုင်ခြင်းမရှိဟု စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနက သတ်မှတ်လျှင် ထိုအတတ်ပညာ လုပ်ငန်းမှ ဝင်ငွေ၊ ဥပမာ-နုပျိုစဉ်သာ ဝင်ငွေကောင်းသည့် အနုပညာရှင်များ၏ဝင်ငွေအတွက်—

| ကျပ် | | ကျပ် | | |
|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၁၀ ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၁၅ ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၂၀ ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၂၅ ရာခိုင်နှုန်း |
| ၃၀၀၀၁ | မှ | ၄၀၀၀၀ | ထိ | ၃၀ ရာခိုင်နှုန်း |
| ၄၀၀၀၁ | နှင့်အထက် | | | ၃၅ ရာခိုင်နှုန်း |

(ဂ) တာရှည် တသမတ်တည်း အကျိုးဖြစ်ထွန်းနိုင်ခြင်း မရှိဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကသတ်မှတ်သည့် အတတ်ပညာ လုပ်ငန်းမှအပ ကျန်အတတ်ပညာ လုပ်ငန်းမှဝင်ငွေ၊ ဥပမာ-သမတိ ရှည်ကြာသမျှ ဝင်ငွေကောင်းသည့် အတတ်ပညာရှင်များ၏ဝင်ငွေအတွက်——

| ကျပ် | | ကျပ် | | | |
|---|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ | ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၁၀ | ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၁၅ | ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၂၀ | ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၃၀ | ရာခိုင်နှုန်း |
| ၃၀၀၀၁ | မှ | ၄၀၀၀၀ | ထိ | ၃၅ | ရာခိုင်နှုန်း |
| ၄၀၀၀၁ | နှင့် အထက် | | | ၄၀ | ရာခိုင်နှုန်း |

(ဃ) စီးပွားရေးလုပ်ငန်း၊ ပစ္စည်းနှင့် ဝင်ငွေရလမ်းမပေါ်ပြသည့် ဝင်ငွေခေါင်းစဉ်တို့၏ ဝင်ငွေအတွက်——

| ကျပ် | | ကျပ် | | | |
|---|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ | ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၁၂ | ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၂၀ | ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၃၀ | ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၄၀ | ရာခိုင်နှုန်း |
| ၃၀၀၀၁ | နှင့် အထက် | | | ၅၀ | ရာခိုင်နှုန်း |

၂။ စုစုပေါင်းဝင်ငွေအပေါ် နောက်ထပ် စည်းကြပ်ရန်ဝင်ငွေခွန်နှုန်းများ—

ဤဇယား၏ပုဂ္ဂလိက ကဏ္ဍအပိုဒ် ၁ ပါနှုန်းများနှင့် သက်ဆိုင်သော ဝင်ငွေ စုစုပေါင်းသည် ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ကျပ် ၄၂၀၀၀ (ကျပ် လေးသောင်းနှစ်ထောင်) ထက်ပိုလျှင် ထိုပိုငွေအပေါ် အောက်ပါနှုန်းများဖြင့် နောက်ထပ်ဝင်ငွေခွန်စည်းကြပ်ရမည်—

| | | |
|---|---|---|
| ကျပ် | ကျပ် | |
| ၄၂၀၀၁ မှ | ၇၅၀၀၀ ထိ | ၁၀ ရာခိုင်နှုန်း |
| ၇၅၀၀၁ မှ | ၁၅၀၀၀၀ ထိ | ၂၀ ရာခိုင်နှုန်း |
| ၁၅၀၀၀၁ မှ | ၃၀၀၀၀၀ ထိ | ၃၀ ရာခိုင်နှုန်း |
| ၃၀၀၀၀၁ နှင့် အထက် | | ၄၅ ရာခိုင်နှုန်း |

၃။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များ မနုတ်မီ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ်—

| | | |
|---|---|---|
| ကျပ် | ကျပ် | |
| ၁ မှ | ၅၀၀၀ ထိ | မရှိ |
| ၅၀၀၁ မှ | ၂၅၀၀၀ ထိ | ၂၀ ရာခိုင်နှုန်း |
| ၂၅၀၀၁ မှ | ၁၀၀၀၀၀ ထိ | ၃၀ ရာခိုင်နှုန်း |
| ၁၀၀၀၀၁ နှင့် အထက် | | ၄၀ ရာခိုင်နှုန်း |

ရှင်းလင်းချက်။ ။ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၃ အရ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေပေါင်းသည်ကျပ် ငါးထောင်ထက် ပိုမိုသည့်အခါမှ အခွန် ထမ်းဆောင်ရမည်ဖြစ်၍ တစ်ကျပ်မှ ကျပ်ငါးထောင်အထိ စည်းကြပ်ရန် နှုန်းမရှိဟု ပေါ်ပြခြင်းဖြစ်သည်။

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ပြည်ပစုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်း။

၅။ နိုင်ငံခြားသားတဦးသည် နိုင်ငံတော်၏၊ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်း၊ လုပ်ငန်း၊ သို့မဟုတ် လုပ်ဆောင်မှုတရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များမနုတ်မီ ထိုသူရရှိသော စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်း။

၆။ နိုင်ငံခြားတွင်ဖွဲ့စည်းထားသော ပုဂ္ဂိုလ်စုတခုသည် နိုင်ငံတော်၏၊ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်း၊ လုပ်ငန်း၊ သို့မဟုတ် လုပ်ဆောင်မှုတရပ်ရပ်၌ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များမနုတ်မီထိုပုဂ္ဂိုလ်စုရရှိသောစုစုပေါင်းဝင်ငွေအပေါ် ၄၀ ရာခိုင်နှုန်း။

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ၊သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံခြားသားတဦး၏ စုစုပေါင်း ဝင်ငွေအပေါ် ၆၀ ရာခိုင်နှုန်း။

သို့သော် အထက်အပိုဒ်များပါနှုန်းများအနက် သက်ဆိုင်သည့်နှုန်း၊သို့မဟုတ် နှုန်းများဖြင့် ဝင်ငွေခွန်တွက်၍ ထိုသို့ တွက်ယူရရှိသောဝင်ငွေခွန်သည် ယင်း ၆၀ ရာခိုင်နှုန်းဖြင့်တွက်၍ရသည်ထက်များလျှင် များရာဝင်ငွေခွန်ကိုပေးဆောင်ရမည်။

## သမဝါယမကဏ္ဍ

၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ၊ ဖွဲ့စည်းထားသည့် သမဝါယမအသင်း၏ စုစုပေါင်း ဝင်ငွေအတွက်—

| ကျပ် | | ကျပ် | | |
|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၁၀ ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၁၅ ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၂၀ ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၂၅ ရာခိုင်နှုန်း |
| ၃၀၀၀၁ | မှ | ၄၀၀၀၀ | ထိ | ၃၀ ရာခိုင်နှုန်း |
| ၄၀၀၀၁ | မှ | ၅၀၀၀၀ | ထိ | ၃၅ ရာခိုင်နှုန်း |
| ၅၀၀၀၁ | မှ | ၆၀၀၀၀ | ထိ | ၄၀ ရာခိုင်နှုန်း |
| ၆၀၀၀၁ | မှ | ၁၀၀၀၀၀ | ထိ | ၅၀ ရာခိုင်နှုန်း |
| ၁၀၀၀၀၁ | နှင့် အထက် | | | ၆၀ ရာခိုင်နှုန်း |

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများကဏ္ဍ

ဝင်ငွေခွန်ဥပဒေ၌ မည်သို့ပင်ပါရှိစေကာမူ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး သဘော သက်ရောက်သော လုပ်ငန်းတရပ်ရပ် လုပ်ကိုင်သည့် ကော်ပိုရေးရှင်းစသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏(ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များမနုတ်မီ) စုစုပေါင်း ဝင်ငွေပေါ် ၅၀ ရာခိုင်နှုန်း။

## စည်းကြပ်ထိုက်သောဝင်ငွေသတ်မှတ်ခြင်း

ဤဇယား၏ ပုဂ္ဂလိက ကဏ္ဍအပိုင် ၁ နှင့် သမဝါယမကဏ္ဍတို့အတွက်—

(က) စုစုပေါင်း ဝင်ငွေ ကျပ် ၄၂၀၀ (ကျပ် လေးထောင်နှစ်ရာ) ထက်မပိုလျှင် ဝင်ငွေခွန်မပေးဆောင်ရ၊

(ခ) စုစုပေါင်းဝင်ငွေသည် ကျပ် ၄၂၀၀(ကျပ်လေးထောင်နှစ်ရာ) ထက်ပိုသော်လည်း ပမာဏမကြီးမားသည့်ကိစ္စတွင် ဝင်ငွေခွန် စည်းကြပ်ရာ၌ မျှတမှုရှိ၍ တာဝန်မကြီးလေးစေရန် လိုအပ်မည့် အထူးတွက်ချက်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ကျေညာ နိုင်သည်။

## ဇယား (၂)

## မြန်မာနိုင်ငံ စာပို့တိုက်အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား

[ပုဒ်မ ၁၁ ကြည့်]

### ချောစာများ

| | | |
|---|---|---|
| | | ပြား |
| ပဌမ ၃ အောင်စထက်မပိုလျှင် .... | .... .... | ၁၅ |
| နောက်ထပ် ၃ အောင်စ တိုင်း၊ သို့မဟုတ် ယင်း၏ အစိတ်အပိုင်း | .... | ၁၀ |

### စာပို့ကဒ်များ

| | | |
|---|---|---|
| တစောင် .... | .... .... .... | ၁၀ |

### ပုံနှိပ်စာရွက်စာတမ်းများ

| | | |
|---|---|---|
| ပဌမ ၂ အောင်စထက်မပိုလျှင် .... | .... .... | ၁၀ |
| နောက်ထပ် ၁ အောင်စတိုင်း၊ သို့မဟုတ် ယင်း၏အစိတ်အပိုင်း | .... | ၀၅ |

### မှတ်ပုံတင်ပြီးသတင်းစာများ

| | | |
|---|---|---|
| ၄ အောင်စတိုင်း၊ သို့မဟုတ် ယင်း၏အစိတ်အပိုင်း .... | .... | ၀၅ |

ချောထုပ်များ (မှတ်ပုံတင်၍ပေးပို့ရမည်)

| | | |
|---|---|---|
| ၁ ပေါင်တိုင်း၊ သို့မဟုတ် ယင်း၏အစိတ်အပိုင်း .... | .... | ၅၀ |

### နိုင်ငံတွင်း စာပို့ကဒ်များ၊ ချောစာများနှင့် ငွေပို့လွှာများအတွက် နောက်ထပ် လေကြောင်းစာပို့ခများ

| | | |
|---|---|---|
| စာပို့ကဒ်တစောင် .... | .... .... | ၀၅ |
| ချောစာ ၃ အောင်စ တိုင်း၊ သို့မဟုတ် ယင်း၏အစိတ်အပိုင်း | .... | ၀၅ |
| ငွေပို့လွှာတစောင် .... | .... .... | ၁၅ |

# တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၆]

## နိဒါန်း

တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ နုတ်ထွက်လိုသူများ အခက်အခဲမရှိ နုတ်ထွက်နိုင်ရန်လည်းကောင်း၊ အစားထိုး ရွေးချယ်တင်မြှောက်ရာတွင် စဉ်ဆက်မပြတ် ဆောင်ရွက် နိုင်ရန်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်—

၁။ ဤဥပဒေကို တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ လက်ရှိ ပုဒ်မ ၄ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ) ပါ ''ရက်ပေါင်း သုံးဆယ်ကြိုတင်၍'' ဟူသည့် စကားရပ်ကို နုတ်ပယ်ရမည်။

၃။ လက်ရှိ ပုဒ်မ ၅ ကို အောက်ပါ ပုဒ်မဖြင့်အစားထိုးရမည်—

> ၅။ နိုင်ငံတော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာအလုပ်အမှုဆောင် အဖွဲ့သည် နုတ်ထွက်လွှာတင်သွင်းသော ပြည်သူ့ကိုယ်စားလှယ်

အား နုတ်ထွက်လွှာ ပြန်လည် ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်ရန် တဆယ့်ငါးရက် အထိ အချိန်ခွင့်ပြုနိုင်သည်။

၄။ လက်ရှိ ပုဒ်မ ၆ ပါ "နုတ်ထွက်လွှာတင်သွင်းပြီး ရက်ပေါင်း သုံးဆယ်ပြည့်မြောက်၍" ဟူသည့်စကားရပ်ကို နုတ်ပယ်ရမည်။

၅။ လက်ရှိပုဒ်မ ၁၅ ပါ "ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို" ဟူသည့် စကားရပ်ကို နုတ်ပယ်၍ "ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များကို" ဟူသည့် စကားရပ်ဖြင့်အစားထိုးရမည်။

ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်များ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့

ဇယား (၃)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | သုံးငွေများ | | |
|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ | အတိုးရငွေ၊ ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှရေးငွေနှင့်ထောက်ပံ့ငွေ | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့်ကြိုတင် ထုတ်ပေးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် .... .... .... | နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၊ သို့မဟုတ် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ။ | ၂,၅၀၀ | ၈,၄၀၀ | — | ၅၂,၄၂,၆၀၀ | ၆၉,၁၁၀ | ၅,၅၀၀ |
| ၂ | နိုင်ငံတော်ကောင်စီနှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်များ .... | ၎င်း | ... | — | — | ၂၀,၇၇,၆၆,၁၂၀ | ၂,၃၅,၈၈,၉၃၀ | — |
| ၃ | ဝန်ကြီးအဖွဲ့ .... .... .... | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | ၂,၀၀၀ | — | — | ၂၀,၂၃,၂၂၀ | ၄,၃၅,၄၃၀ | — |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ .... .... | ပြည်သူ့ တရားသူကြီး အဖွဲ့ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ။ | ၇၉,၂၄,၃၀၀ | — | — | ၁,၉၂,၃၂,၃၃၀ | ၃,၉၄,၅၅၀ | ၄၁,၁၄၀ |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ .... .... | ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ။ | ... | — | — | ၄၇,၉၉,၆၄၀ | ၂,၀၅,၁၇၀ | — |
| ၆ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ .... .... | ပြည်သူ့ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ။ | ... | — | — | ၂,၀၄,၈၈,၀၀၀ | ၃၁,၆၇,၀၂၀ | ၃၂,၀၀၀ |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၄)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | သုံးငွေများ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ | အတိုးရငွေ၊ ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့်ထောက်ပံ့ငွေ | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့်ကြိုတင် ထုတ်ပေးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်း ထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှု အပေါ် တွင် ကောက်ခံသည့်အခွန်အကောက်— | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | | | | | | |
| | ၁ | နိုင်ငံတွင်းအကောက်ခွန် .... .... | | ၃၃,၅၂,၅၂,၁၀၀ | .... | .... | .... | .... | .... |
| | ၂ | ယစ်မျိုးခွန် .... .... .... | | ၄,၆၉,၆၈,၂၀၀ | .... | .... | .... | .... | .... |
| | ၃ | ကုန်သွယ်လုပ်ငန်းခွန် .... .... | | ၂၀,၀၁,၈၂,၉၀၀ | .... | .... | .... | .... | .... |
| | ၄ | အကောက်ခွန် .... .... .... | | ၃၀,၆၀,၂၀,၀၀၀ | .... | .... | .... | .... | .... |
| | ၅ | ဝင်ကုန်အတွက်လိုင်စင်ခများ .... .... | | ၁,၂၆,၂၀,၀၀၀ | .... | .... | .... | .... | .... |
| | ၆ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု .... .... | | ၃,၀၀,၀၀,၀၀၀ | .... | .... | .... | .... | .... |
| | ၇ | သယ်ယူပို့ဆောင်ရေးအခွန် .... .... | | ၂၇,၉၉,၅၀၀ | .... | .... | .... | .... | .... |
| ၂ | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် တွင် ကောက်ခံသည့်အခွန်အကောက်— | ၎င်း | | | | | | |
| | ၁ | ဝင်ငွေခွန် .... .... .... | | ၆၁,၅၂,၄၈,၉၀၀ | .... | .... | .... | .... | .... |
| ၃ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ပေးရသည့်အခွန်အကောက် | ၎င်း | | | | | | |
| | ၁ | မြေယာပေါ် တွင် ကောက်ခံသည့်အခွန် .... .... | | ၃,၈၅,၀၀,၀၀၀ | .... | .... | .... | .... | .... |
| | ၂ | သစ်တောထွက်ပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၄,၅၃,၆၄,၅၅၀ | .... | .... | .... | .... | .... |
| | ၃ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၇၇,၀၀,၀၀၀ | .... | .... | .... | .... | .... |
| | ၄ | အင်းအိုင်ခွန် .... .... .... | | ၁,၃၄,၃၀,၀၀၀ | .... | .... | .... | .... | .... |
| | ၅ | ကြက်ပေါင်စေးပေါ် တွင်အကောက်ခွန် .... .... | | ၁,၃၅,၀၀၀ | .... | .... | .... | .... | .... |
| ၄ | | နိုင်ငံခြားရေး .... .... .... | ၎င်း | ၄၅,၁၂၀ | .... | ၉,၅၄,၄၅,၀၀၀ | ၂,၃၁,၉၀,၇၉၀ | ၃၅,၈၆,၂၉၀ | ၄,၄၈,၀၀၀ |
| ၅ | | ကာကွယ်ရေး .... .... .... | ၎င်း | ၆၀,၉၅,၀၀၀ | .... | .... | ၇၂,၆၀,၄၂,၃၅၀ | ၇,၅၅,၀၀,၀၀၀ | ၄,၄၈,၀၀၀ |
| ၆ | | ပြည်ထဲရေးနှင့် သာသနာရေး .... .... | ၎င်း | ၁,၅၈,၇၅,၈၀၀ | .... | ၁၂,၃၃,၃၀၀ | ၂၃,၈၄,၃၁,၀၀၀ | ၁,၄၁,၁၂,၀၀၀ | ၁,၀၄,၅၂,၇၀၀ |
| ၇ | | လူမှုဝန်ထမ်း .... .... .... | ၎င်း | ၄,၃၆,၂၀၀ | .... | ၅,၆၀,၀၀၀ | ၆၉,၁၁,၈၀၀ | ၁၅,၅၁,၁၀၀ | ၂၀,၇၁,၇၀၀ |
| ၈ | | ပြန်ကြားရေး .... .... .... | ၎င်း | ၇,၇၂,၇၀၀ | .... | .... | ၇,၈၇,၀၀၀ | ၃,၉၅,၉၀၀ | ၄,၆၀၀ |
| ၉ | | ယဉ်ကျေးမှု .... .... .... | ၎င်း | ၄,၈၈,၂၀၀ | .... | .... | ၅၂,၅၀,၀၀၀ | ၅,၉၉,၅၀၀ | ၂၀,၈၀၀ |
| ၁၀ | | ပညာရေး .... .... .... | ၎င်း | ၃,၉၇,၀၀,၇၄၀ | ၅,၀၀၀ | ၄၉,၂၅,၅၀၀ | ၄၀,၂၄,၂၃,၅၈၀ | ၁,၆၅,၁၀,၉၉၀ | ၃,၅၇,၅၂၀ |
| ၁၁ | | ကျန်းမာရေး .... .... .... | ၎င်း | ၃၂,၀၁,၇၂၀ | .... | ၁,၁၇,၇၀,၀၀၀ | ၁၇,၇၅,၃၆,၂၄၀ | ၁,၁၆,၈၇,၄၆၀ | ၃၅,၃၄,၃၄၀ |
| ၁၂ | | အလုပ်သမား .... .... .... | ၎င်း | ၁,၉၀၀ | .... | ၁၁,၈၄,၀၀၀ | ၇၀,၄၀,၂၀၀ | ၂,၇၅,၅၀၀ | ၁,၅၈,၄၀၀ |
| ၁၃ | | လယ်ယာနှင့် သစ်တော.... .... .... | ၎င်း | ၈,၉၃,၁၆,၀၀၀ | ၈,၀၀၀ | ၈,၃၁,၈၇,၀၀၀ | ၂၀,၉၈,၀၄,၂၀၀ | ၁၃,၂၉,၉၁,၁၀၀ | ၅၃,၄၉,၀၀၀ |
| ၁၄ | | သတ္တုတွင်း .... .... .... | ၎င်း | ၂၃,၄၀၀ | .... | ၁,၂၅,၇၇,၀၀၀ | ၁,၄၉,၁၆,၀၀၀ | ၇၀,၆၇,၈၀၀ | ၁,၆၀၀ |
| ၁၅ | | စက်မှု .... .... .... | ၎င်း | ၂,၃၅,၃၀၀ | ၁၂,၅၀၀ | .... | ၃၆,၄၆,၇၀၀ | ၈,၅၇,၂၀၀ | ၁,၃၀၀ |
| ၁၆ | | ဆောက်လုပ်ရေး .... .... .... | ၎င်း | ၁,၁၈,၄၃,၆၆၀ | ၃,၉၈,၀၀၀ | .... | ၇,၆၁,၄၁,၇၂၀ | ၃,၁၇,၉၃,၁၂၀ | ၁၅,၀၀,၉၀၀ |
| ၁၇ | | ပို့ဆောင်ဆက်သွယ်ရေး .... .... .... | ၎င်း | ၆၇,၈၀,၂၉၀ | .... | ၂၈,၃၅,၀၀၀ | ၃,၂၂,၉၂,၇၀၀ | ၈၉,၆၆,၇၂၀ | ၅,၅၉,၆၃၀ |
| ၁၈ | | ကုန်သွယ်ရေး .... .... .... | ၎င်း | ၁၅,၂၀၀ | .... | .... | ၇,၉၇,၁၄၀ | .... | .... |
| ၁၉ | | သမဝါယမ .... .... .... | ၎င်း | ၄၂,၇၀,၇၃၀ | .... | .... | ၄,၇၀,၃၇,၂၂၀ | ၈,၃၉,၁၁၀ | .... |
| ၂၀ | | စီမံကိန်းနှင့် ဘဏ္ဍာရေး.... .... .... | ၎င်း | ၆,၄၅,၇၄,၇၀၀ | ၉၉,၂၉,၀၆၀ | .... | ၃,၉၆,၆၉,၄၆၀ | ၅၅,၃၈,၁၃၀ | ၂၀,၉၂,၀၇,၈၁၀ |
| ၂၁ | | ပင်ရှင် လစာငွေများနှင့် ဆုငွေများ .... .... | ၎င်း | ၉၀,၀၀၀ | .... | .... | ၈,၃၅,၂၄,၁၁၀ | .... | .... |
| ၂၂ | | ဆုငွေများနှင့် တလုံးတည်း ပင်ရှင်ငွေများ ... .... | ၎င်း | .... | .... | .... | ၃,၂၆,၀၀,၀၀၀ | .... | .... |
| | | ပေါင်း .... | | ၁,၉၀,၇၉,၈၇,၈၁၀ | ၁,၀၃,၅၂,၅၆၀ | ၂၀,၃၇,၁၆,၈၀၀ | ၂,၁၄,၄၅,၄၂,၂၁၀ | ၃၀,၉၂,၇၁,၉၂၀ | ၂၄,၄၂,၁၆,၃၀၀ |

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့်ဘဏ် စသည့်အဖွဲ့အစည်းများ

ဇယား (၅)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ — အခွန်အကောက်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ | ရငွေများ — အတိုးရငွေ၊ ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေး ငွေမှ ပြန်ဆပ်ငွေ | ရငွေများ — ပြည်ပမှချေးငွေနှင့်ထောက်ပံ့ငွေ | သုံးငွေများ — သာမန်သုံးငွေ | သုံးငွေများ — ငွေလုံးငွေရင်းသုံးငွေ | သုံးငွေများ — ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့်ကြိုတင် ထုတ်ပေးငွေ |
|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | **ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ** | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | | | | | | |
| | ၁ | ကာကွယ်ရေးပစ္စည်းစက်ရုံများ .... .... | | ၇,၁၃,၈၃,၅၀၀ | — | — | ၆,၁၁,၇၂,၇၀၀ | ၂,၅၆,၅၂,၅၇၀ | — |
| ၂ | | **မြန်ကြားရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ** | ၎င်း | | | | | | |
| | ၁ | ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း .... | | ၁၁,၁၂,၃၁,၆၀၀ | — | — | ၉,၇၇,၃၄,၀၀၀ | ၆,၀၆,၉၀၀ | ၁,၆၀,၀၀၀ |
| | ၂ | သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း .... .... | | ၂,၅၀,၀၁,၀၀၀ | — | — | ၂,၇၂,၅၉,၃၀၀ | ၂,၄၉,၇၃၀ | ၂၇,၀၀၀ |
| | ၃ | ရုပ်ရှင်ကော်ပိုရေးရှင်း .... .... .... | | ၈,၁၄,၉၇,၅၀၀ | — | — | ၇,၄၄,၇၁,၃၀၀ | ၇,၇၉,၀၀၀ | ၁၈,၀၀၀ |
| ၃ | | **အလုပ်သမားဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းများ** | ၎င်း | | | | | | |
| | ၁ | လူမှုဖူလုံရေးအဖွဲ့ .... .... .... | | ၁,၉၁,၂၄,၂၀၀ | — | — | ၆၃,၄၄,၅၀၀ | ၄၅,၇၀၀ | ၄၀,၀၀၀ |
| ၄ | | **လယ်ယာနှင့် သစ်တောဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ** | ၎င်း | | | | | | |
| | ၁ | လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း .... .... | | ၅၅,၈၇,၀၇,၄၀၀ | ၆,၁၀,၈၄,၁၀၀ | ၅၁,၂၇,၀၀၀ | ၆၇,၁၃,၀၀,၅၀၀ | ၄,၆၀,၀၉,၀၀၀ | ၆,၂၁,၇၁,၀၀၀ |
| | ၂ | ပုလဲနှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်း .... .... | | ၄,၀၃,၂၃,၃၀၀ | ၁,၂၉,၂၀၀ | ၉၇,၀၃,၀၀၀ | ၃,၁၁,၁၁,၃၀၀ | ၂,၄၆,၂၆,၇၀၀ | ၁,၂၃,၂၀၀ |
| | ၃ | သစ်လုပ်ငန်း ကော်ပိုရေးရှင်း .... .... | | ၅၁,၀၈,၅၄,၉၀၀ | ၇၅,၀၁,၅၀၀ | ၅,၂၂,၅၁,၀၀၀ | ၃၀,၉၃,၀၅,၃၀၀ | ၉,၂၅,၄၅,၉၀၀ | ၆၃,၂၃,၀၀၀ |
| | ၄ | ဆားလုပ်ငန်းကော်ပိုရေးရှင်း .... .... | | ၁,၃၉,၁၁,၇၀၀ | ၂၀,၀၀,၀၀၀ | ၉,၃၁,၀၀၀ | ၁,၂၇,၄၀,၆၀၀ | ၃၁,၃၄,၂၀၀ | ၂၀,၁၀,၀၀၀ |
| ၅ | | **သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ** | ၎င်း | | | | | | |
| | ၁ | မြန်မာ့ရေနံကော်ပိုရေးရှင်း .... .... | | ၁,၀၅,၇၂,၈၀,၀၀၀ | — | ၈၄,၁၂,၀၀၀ | ၁,၀၂,၄၀,၆၀,၀၀၀ | ၂၃,၁၀,၀၆,၀၀၀ | ၁,၈၅,၅၆,၀၀၀ |
| | ၂ | မြန်မာ့ဘော်တွင်းကော်ပိုရေးရှင်း .... .... | | ၇,၂၆,၈၉,၀၀၀ | ၅,၂၂,၀၀၀ | ၃,၁၆,၃၁,၀၀၀ | ၅,၆၀,၆၀,၀၀၀ | ၄,၅၅,၉၉,၀၀၀ | ၁,၀၄,၄၅,၀၀၀ |
| | ၃ | မြန်မာ့ဓါတ်သတ္တုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း .... | | ၁,၈၁,၀၀,၀၀၀ | — | ၁,၂၂,၂၅,၀၀၀ | ၂,၆၆,၅၁,၀၀၀ | ၂,၆၁,၂၄,၀၀၀ | ၃၀,၆၃,၀၀၀ |
| | ၄ | မြန်မာ့ခဲမဖြူနှင့်အဖြိုက်နက် ကော်ပိုရေးရှင်း .... | | ၈,၀၃,၅၇,၀၀၀ | — | ၁,၄၄,၂၄,၀၀၀ | ၅,၂၀,၇၄,၀၀၀ | ၃,၆၉,၈၈,၀၀၀ | ၁၀,၅၀,၀၀၀ |
| | ၅ | စက်မှု တွင်းထွက်ကုန်ကြမ်း ကော်ပိုရေးရှင်း .... .... | | ၈၉,၇၃,၀၀၀ | — | ၁၂,၆၀,၀၀၀ | ၇၇,၄၅,၀၀၀ | ၇၀,၅၅,၀၀၀ | ၁,၅၀,၅၀၀ |
| ၆ | | **စက်မှုဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ** | ၎င်း | | | | | | |
| | ၁ | လျှပ်စစ်ဓါတ်အား ကော်ပိုရေးရှင်း .... .... | | ၁၅,၄၇,၄၄,၀၀၀ | — | ၂,၀၀,၅၆,၀၀၀ | ၁၂,၂၆,၀၁,၀၀၀ | ၈,၅၀,၇၇,၄၅၀ | ၁,၄၆,၅၉,၀၀၀ |
| | ၂ | စက္ကူလုပ်ငန်း ကော်ပိုရေးရှင်း .... .... | | ၈,၀၄,၇၅,၅၀၀ | — | — | ၅,၂၃,၄၄,၀၀၀ | ၂,၈၈,၆၁,၇၇၀ | ၁,၀၁,၃၆,၀၀၀ |
| | ၃ | အကြီးစား စက်မှုလုပ်ငန်းကော်ပိုရေးရှင်း .... .... | | ၄၀,၉၉,၃၆,၂၀၀ | — | ၃,၉၂,၉၉,၀၀၀ | ၃၉,၂၅,၆၃,၉၀၀ | ၄,၁၃,၂၉,၈၀၀ | ၃,၆၃,၁၆,၀၀၀ |
| | ၄ | စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း .... .... | | ၄၆,၈၅,၉၁,၃၀၀ | ၇၉,၈၂,၈၀၀ | ၁၃,၅၂,၀၀၀ | ၄၁,၅၆,၈၀,၁၀၀ | ၈၁,၉၆,၂၅၀ | ၁,၄၀,၁၆,၀၀၀ |
| | ၅ | အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း .... .... | | ၇၀,၅၄,၅၉,၀၀၀ | — | ၁,၇၁,၇၆,၀၀၀ | ၆၆,၅၅,၇၄,၆၀၀ | ၂,၈၃,၂၀,၁၀၀ | ၃,၀၉,၁၇,၀၀၀ |
| | ၆ | သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း .... .... | | ၁၂,၄၇,၇၃,၄၀၀ | ၈,၄၇,၀၀၀ | ၁၆,၀၀,၀၀၀ | ၁၃,၂၀,၈၈,၅၀၀ | ၁၇,၂၁,၂၄၀ | ၁၀,၀၇,၂၀၀ |
| | ၇ | ကြွေထည် မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း .... | | ၁၀,၃၄,၇၉,၆၀၀ | ၆,၀၀၀ | ၈၆,၉၅,၀၀၀ | ၉,၄၉,၁၅,၂၀၀ | ၃,၅၀,၈၄,၈၄၀ | ၁,၂၄,၆၂,၀၀၀ |
| | ၈ | ဓါတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း .... .... | | ၅,၃၉,၂၆,၆၀၀ | — | ၂၆,၂၁,၀၀၀ | ၄,၇၉,၀၉,၅၀၀ | ၃,၆၄,၅၁၀ | ၂,၅၅,၁၀၀ |
| | ၉ | ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း .... | | ၃၁,၄၆,၉၇,၄၀၀ | — | ၂၄,၀၀,၀၀၀ | ၃၀,၆၃,၉၀,၁၀၀ | ၃၀,၄၂,၇၀၀ | ၆၉,၀၀၀ |
| | ၁၀ | ရေနံဓါတုဗေဒပစ္စည်းများလုပ်ငန်း ကော်ပိုရေးရှင်း .... | | ၁၁,၅၇,၉၃,၈၀၀ | — | ၇,၁၉,၀၁,၀၀၀ | ၇,၀၃,၇၄,၃၀၀ | ၇,၈၈,၅၅,၉၅၀ | ၁,၄၆,၈၇,၀၀၀ |
| | ၁၁ | အထွေထွေ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း.... .... | | ၅,၁၃,၇၂,၅၀၀ | ၁၄,၄၀၀ | ၁,၃၃,၀၀၀ | ၄,၈၀,၂၅,၀၀၀ | ၁၉,၇၇,၈၃၀ | ၁,၈၅,၄၀၀ |
| | ၁၂ | စက်မှုစီမံကိန်း ကော်ပိုရေးရှင်း .... .... | | ၃၉,၀၀၀ | ၁,၆၂,၀၀၀ | — | [illegible] | | |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | သုံးငွေများ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ | အတိုးရငွေ၊ ကြွေးမြီရင်းနှီး မြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့်ထောက်ပံ့ငွေ | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၇ | | ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ | ဝန်ကြီးချုပ်၊သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | | | | | | |
| | ၁ | ဆောက်လုပ်ရေးကော်ပိုရေးရှင်း .... .... | | ၃၈,၃၉,၇၂,၂၀၀ | .... | ၂,၂၃,၀၂,၀၀၀ | ၃၇,၅၅,၄၄,၂၀၀ | ၅၁,၈၆,၉၆၀ | ၉,၄၁,၄၀၀ |
| | ၂ | ကျောက်မိုင်းကော်ပိုရေးရှင်း .... .... | | ၁,၀၀,၄၁,၆၀၀ | .... | .... | ၇၀,၆၇,၂၀၀ | ၁၆,၂၈,၀၀၀ | ၆၇,၀၀၀ |
| ၈ | | ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ | ၎င်း | | | | | | |
| | ၁ | ကြယ်ငါးပွင့် သင်္ဘောကော်ပိုရေးရှင်း .... .... | | ၁၃,၈၀,၃၂,၀၀၀ | .... | .... | ၁၃,၆၃,၉၄,၆၀၀ | ၈,၃၆,၆၃၀ | ၄၀,၀၀၀ |
| | ၂ | ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... | | ၇,၃၆,၅၇,၆၀၀ | .... | ၄,၇၀,၆၇,၀၀၀ | ၆,၇၆,၇၂,၁၀၀ | ၇,၈၇,၂၇,၀၃၀ | ၂၂,၁၁,၉၀၀ |
| | ၃ | ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... | | ၁၁,၀၄,၆၀,၁၀၀ | .... | ၁,၇၉,၆၆,၀၀၀ | ၁၀,၀၉,၆၉,၁၀၀ | ၁,၁၀,၃၇,၁၃၀ | ၅၈,၉၈,၂၀၀ |
| | ၄ | ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... | | ၂၀,၄၄,၉၉,၂၀၀ | .... | ၇,၀၁,၀၁,၀၀၀ | ၁၆,၇၅,၁၆,၁၀၀ | ၆,၀၄,၀၁,၄၁၀ | ၄,၄၇,၃၆,၇၀၀ |
| | ၅ | လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း .... .... | | ၇,၀၂,၄၄,၄၀၀ | .... | ၁,၃၃,၅၁,၀၀၀ | ၆,၇၀,၀၇,၆၀၀ | ၁၇,၀၄,၆၁၀ | ၈၂,၅၂,၇၀၀ |
| | ၆ | ဆိပ်ကမ်းကော်ပိုရေးရှင်း .... .... | | ၅,၃၃,၉၉,၆၀၀ | .... | ၁၄,၁၄,၀၀၀ | ၃,၄၃,၀၆,၀၀၀ | ၉၁,၇၈,၀၀၀ | ၆၃,၀၆,၆၀၀ |
| | ၇ | သင်္ဘောကျင်းကော်ပိုရေးရှင်း .... .... | | ၇၅,၃၉,၇၀၀ | ၉,၄၆,၄၀၀ | ၁၂,၉၄,၀၀၀ | ၇၃,၉၄,၁၀၀ | ၅၅,၆၂,၆၀၀ | ၁၉,၁၆,၀၀၀ |
| | ၈ | ပို့ဆောင်ရေးကိုယ်စားလှယ်ကော်ပိုရေးရှင်း .... .... | | ၄၀,၃၅,၀၀၀ | .... | — | ၂၉,၅၁,၇၀၀ | ၁၈,၇၀၀ | .... |
| | ၉ | ဆက်သွယ်ရေးကော်ပိုရေးရှင်း .... .... | | ၅,၀၀,၁၀,၇၀၀ | .... | ၂၀,၃၄,၀၀၀ | ၃,၉၄,၆၂,၃၀၀ | ၁,၃၃,၀၉,၀၄၀ | ၄,၅၀,၀၀၀ |
| ၉ | | ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းများ | ၎င်း | | | | | | |
| | ၁ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁) .... .... | | ၂,၉၇,၃၃,၂၁,၆၀၀ | ၂၉,၄၃,၀၀၀ | .... | ၂,၄၂,၃၉,၀၅,၅၀၀ | ၄,၇၈,၃၇,၄၀၀ | ၂၁,၅၅,၀၀၀ |
| | ၂ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂) .... .... | | ၁၅,၆၃,၇၀,၃၀၀ | .... | .... | ၁၄,၉၀,၄၀,၀၀၀ | ၃,၅၁,၃၀၀ | ၃၃,၉၄,၀၀၀ |
| | ၃ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၃) .... .... | | ၇,၄၄,၀၄,၉၀၀ | .... | .... | ၅,၅၂,၄၂,၅၀၀ | ၁,၅၅,၁၀၀ | ၂,၃၉,၀၀၀ |
| | ၄ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၄) .... .... | | ၁၉,၂၁,၁၃,၀၀၀ | .... | .... | ၁၆,၅၂,၇၅,၃၀၀ | ၉,၉၂,၇၀၀ | ၁,၅၆,၀၀၀ |
| | ၅ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၅) .... .... | | ၉၃,၃၉,၀၇,၁၀၀ | .... | .... | ၇၉,၃၀,၆၀,၀၀၀ | ၁၅,၀၀၀ | — |
| | ၆ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၆) .... .... | | ၂၀,၁၄,၂၄,၀၀၀ | .... | .... | ၂၅,၃၉,၆၇,၉၀၀ | ၁,၀၀,၉၀၀ | — |
| | ၇ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၇) .... .... | | ၃,၀၀,၆၅,၀၀၀ | .... | .... | ၃,၄၀,၃၅,၃၀၀ | ၁၅,၀၀၀ | — |
| | ၈ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၈) .... .... | | ၃,၉၀,၇၀,၀၀၀ | .... | .... | ၃,၇၀,၇၄,၈၀၀ | ၁၅,၀၀၀ | — |
| | ၉ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၉) .... .... | | ၇,၂၀,၃၀,၀၀၀ | .... | .... | ၇,၅၁,၅၁,၂၀၀ | ၁၅,၀၀၀ | — |
| | ၁၀ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၀) .... .... | | ၁၂,၉၆,၁၃,၀၀၀ | .... | .... | ၇,၉၉,၅၀,၀၀၀ | ၄,၂၂,၅၀၀ | ၂၆,၀၀၀ |
| | ၁၁ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၂) .... .... | | ၁၅,၃၁,၂၀,၀၀၀ | .... | .... | ၉,၉၇,၀၂,၁၀၀ | ၂,၅၀,၀၀၀ | — |
| | ၁၂ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၃) .... .... | | ၆,၆၅,၆၆,၀၀၀ | .... | .... | ၄,၄၇,၉၆,၄၀၀ | ၁,၂၄,၉၀၀ | ၁,၅၀,၁၀၀ |
| | ၁၃ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၄) .... .... | | ၇,၁၆,၆၅,၀၀၀ | .... | .... | ၆,၀၇,၀၅,၀၀၀ | ၁,၅၁,၆၀၀ | — |
| | ၁၄ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၅) .... .... | | ၉,၂၂,၃၁,၀၀၀ | .... | .... | ၆,၄၉,၅၆,၄၀၀ | ၄,၇၉,၀၀၀ | ၂၆,၆၀၀ |
| | ၁၅ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၇) .... .... | | ၈,၂၁,၉၉,၂၀၀ | ၄၇,၆၆,၆၀၀ | .... | ၇,၆၀,၃၁,၃၀၀ | ၃၁,၆၀၀ | — |
| | ၁၆ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၈) .... .... | | ၄,၀၆,၆၃,၀၀၀ | .... | .... | ၃,၄၁,၂၆,၄၀၀ | ၁၅,၀၀၀ | — |
| | ၁၇ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၉) .... .... | | ၃,၀၉,၀၃,၀၀၀ | ၁၁,၀၀,၀၀၀ | .... | ၂,၃၅,၀၇,၀၀၀ | ၈,၇၄,၀၀၀ | ၃၁,၀၀၀ |
| | ၁၈ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၀) .... .... | | ၂,၃၀,၇၀,၆၀၀ | .... | .... | ၂,၂၉,၁၉,၂၀၀ | ၇၀,၉၄,၀၀၀ | ၇၅,၅၅,၀၀၀ |
| | ၁၉ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၁) .... .... | | ၂၀,၇၀,၀၀၀ | .... | .... | ၁၉,၇၄,၀၀၀ | ၁၈,၀၀၀ | — |
| | ၂၀ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၂) .... .... | | ၈,၅၂,၇၀,၀၀၀ | .... | .... | ၇,၅၁,၄၆,၀၀၀ | .... | ၆,၀၀၀ |
| | ၂၁ | ထုပ်ပိုး ထည့်သွင်းပစ္စည်းကော်ပိုရေးရှင်း .... .... | | ၆,၉၉,၄၁,၂၀၀ | .... | .... | ၅,၇၉,၁၁,၉၀၀ | ၂,၂၆,၃၀၀ | — |
| | ၂၂ | ကုန်သွယ်ရေး (ဗဟို) သင်တန်းကျောင်း .... .... | | .... | .... | .... | ၁၀,၁၆,၁၀၀ | ၁၆,၆၀၀ | — |
| | ၂၃ | မြို့နယ်/မြို့မကုန်သွယ်ရေးများနှင့် ကုန်သွယ်ရေး ကြားစခန်းများ .... | | ၅,၄၀,၀၅,၀၀၀ | .... | .... | ၆,၀၉,၆၇,၀၀၀ | ၇၁,၂၀၀ | — |
| | ၂၄ | ဗဟိုကုန်သွယ်ရေး .... .... .... | | ၁,၉၉,၀၀၀ | ၄၇,၀၀၀ | ၈,၀၂,၀၀,၀၀၀ | ၁,၀၉,၀၃,၀၀၀ | ၉၀,၀၀၀ | ၈၀,၄၉,၆၀၀ |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | သုံးငွေများ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ | အတိုးရငွေ၊ ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁၀ | | **သမဝါယမဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းများ** | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | | | | | | |
| | ၁ | အိမ်တွင်းလက်မှုလုပ်ငန်းကော်ပိုရေးရှင်း .... | | ၇၃,၉၀၀ | .... | .... | ၃,၃၂,၃၀၀ | ၂၇,၉၀၀ | — |
| ၁၁ | | **စိမ်းကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ** | ၎င်း | | | | | | |
| | ၁ | ဗဟိုသုတေသနလုပ်ငန်းအဖွဲ့ .... .... | | ၆,၆၃,၃၀၀ | .... | ၁၉,၅၀,၀၀၀ | ၃၉,၀၀,၄၀၀ | ၂၂,၇၀,၉၂၀ | ၂,၅၀,၆၀၀ |
| | ၂ | ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် .... .... | | ၂၂,၆၁,၂၅,၇၀၀ | ၂၅,၀၆,၀၀၀ | .... | ၁၇,၇၀,၃၀,၅၀၀ | ၁၉,၉၆,၆၃၀ | ၃,၃၅,၇၀,၆၀၀ |
| | ၃ | ဝါဒီလုပ်ငန်းစီမံကိန်း .... .... | | ၇,၃၃,၅၁,၄၀၀ | .... | .... | ၆,၅၅,၃၆,၃၀၀ | ၆၂,၂၀,၉၉၀ | ၆၈,၆၃,၀၀၀ |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | သုံးငွေများ | | |
|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ | အတိုးရငွေ၊ ကြွေးမြီရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များ။ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | ၈,၅၅,၈၉,၈၀၀ | .... | ၃,၄၂,၁၂,၀၀၀ | ၈,၂၀,၂၉,၅၀၀ | ၆,၂၄,၀၆,၄၀၀ | ၁၀,၇၆,၆၀၀ |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့အာဏာပိုင်အဖွဲ့များ | ၎င်း | ၁၃,၂၀,၀၀၀ | .... | .... | ၁၂,၁၉,၀၀၀ | ၁,၁၄,၂၀၀ | .... |
| | ပေါင်း .... | | ၈,၆၉,၀၉,၈၀၀ | .... | ၃,၄၂,၁၂,၀၀၀ | ၈,၃၂,၄၈,၅၀၀ | ၆,၂၅,၂၀,၆၀၀ | ၁၀,၇၆,၆၀၀ |

(ပုံ) နေဝင်း၊
[illegible]

# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏
# ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်
# နောက်ထပ်ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ
# ဥပဒေ

# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၇]

## နိဒါန်း

၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅) အရ၊ ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရထားသောရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင်၊ နောက်ထပ် ရငွေများ ရထားရန်နှင့် သုံးငွေများခွင့်ပြုရန်လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ၁၉၇၅-၇၆ ခု ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်—

(က) နောက်ထပ်ရထားသောရငွေ ဆိုသည်မှာ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ ရထားသောရငွေများအပြင် နောက်ထပ် ရထားသည့် ရငွေများကိုဆိုသည်။

(ခ) နောက်ထပ်ခွင့်ပြုသောသုံးငွေ ဆိုသည်မှာ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာဥပဒေအရ၊ ခွင့်ပြုထားသည့်သုံးငွေများအပြင် နောက်ထပ်ခွင့်ပြုသည့်သုံးငွေများကိုဆိုသည်။

## အခန်း (၂)

## နောက်ထပ်ဘဏ္ဍာရပ်ငွေများကို စီမံခြင်းဆိုင်ရာပြဋ္ဌာန်းချက်

၃။ ဤဥပဒေတွင် ဖော်ပြထားသည့် နောက်ထပ် ရထားသောရငွေနှင့်ပတ်သက်၍ စီမံစည်းကြပ်ကောက်ခံရာတွင်လည်းကောင်း၊ နောက်ထပ်ခွင့်ပြုသော သုံးငွေနှင့်ပတ်သက်၍ စီမံခန့်ခွဲရာတွင် လည်းကောင်း ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအပိုင်း ၂၊ ဘဏ္ဍာ ရပ်ငွေအခန်း (၁)၊ ပြည်ထောင်စု၏ ဘဏ္ဍာ ရပ်ငွေနှင့် နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၏ ဘဏ္ဍာ ရပ်ငွေနှင့် စပ်လျဉ်းသည့် ဖော်ပြချက်ပါအတိုင်း ဆောင်ရွက်ရမည်။

၄။ (က) ဤဥပဒေပါ နောက်ထပ် ရထားသော ရငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် အောက်ပါဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့်ရငွေကို စီမံစည်းကြပ်ကောက်ခံရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးထားသည့် ရငွေကို စီမံ စည်းကြပ်ကောက်ခံရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ဂ) ရငွေကို စီမံစည်းကြပ် ကောက်ခံရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရငွေအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅။ (က) ဤဥပဒေပါ နောက်ထပ်ခွင့်ပြုသော သုံးငွေအတွက်တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် အောက်ပါ ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့်သုံးငွေကို စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိအား တာဝန်ပေးထားသည့် သုံးငွေ ကို စီမံခန့်ခွဲရန် မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ဂ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေးနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြား ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ရမည်။

| အမှတ်စဉ် | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော် ဘဏ္ဍာငွေ အရ-အသုံး ဆိုင်ရာဥပဒေ ဇယား(၃)ပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေအတွက် နောက်ထပ်ရထားငွေ | သာမန် | | | ငွေလုံးငွေရင်း | | | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ | | |
| | | | | | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ | | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ် ခွင့်ပြုငွေ | | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ | |
| | | | | | | အပြည့်ခွင့်ပြုငွေ | စတီ ခွင့်ပြုငွေ | | အပြည့်ခွင့်ပြုငွေ | စတီ ခွင့်ပြုငွေ | | အပြည့်ခွင့်ပြုငွေ | စတီ ခွင့်ပြုငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ .... | ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | .... | ၇,၄၃,၅၆၀ | ၇,၄၃,၅၆၀ | .... | ၁,၃၀,၆၇၀ | ၁,၃၀,၆၇၀ | .... | .... | .... | .... |
| | | ပေါင်း — | | — | ၇,၄၃,၅၆၀ | ၇,၄၃,၅၆၀ | .... | ၁,၃၀,၆၇၀ | ၁,၃၀,၆၇၀ | .... | .... | .... | .... |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)

| အမှတ်စဉ် | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေ ဇယား (၄) ပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန် | | | ငွေလုံးငွေရင်း | | | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် | | |
| | | | | သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေအတွက် နောက်ထပ်ရထားငွေ | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ | | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ | | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ | |
| | | | | | | အပြည့်ခွင့်ပြုငွေ | စတီ ခွင့်ပြုငွေ | | အပြည့်ခွင့်ပြုငွေ | စတီ ခွင့်ပြုငွေ | | အပြည့်ခွင့်ပြုငွေ | စတီ ခွင့်ပြုငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၄ | နိုင်ငံခြားရေး .... .... | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန် ပေးသူ | ၆၅,၂၀၀ | .... | .... | .. | ... | .... | .... | .... | .... | .... |
| ၂ | ၅ | ကာကွယ်ရေး .... .... | ၎င်း | ၃၁,၃၂,၀၀၀ | ၈,၆၇,၈၄,၀၀၀ | ၈,၆၇,၈၄,၀၀၀ | .... | ၄၉,၀၀,၀၀၀ | ၄၉,၀၀,၀၀၀ | .... | .... | .... | .... |
| ၃ | ၆ | ပြည်ထဲရေးနှင့် သာသနာရေး .... | ၎င်း | ၁,၇၈,၂၀၀ | ၁,၀၆,၀၀,၀၀၀ | ၁,၀၆,၀၀,၀၀၀ | .... | .... | .... | .... | .... | .... | .... |
| ၄ | ၇ | လူမှုဝန်ထမ်း .... .... | ၎င်း | .... | ၇၀,၀၀,၀၀၀ | ၇၀,၀၀,၀၀၀ | .... | .... | .... | .... | .... | .... | .... |
| ၅ | ၉ | ယဉ်ကျေးမှု .... .... | ၎င်း | .... | ၁၀,၀၀,၀၀၀ | ၁၀,၀၀,၀၀၀ | .... | .... | .... | .... | .... | .... | .... |
| ၆ | ၁၀ | ပညာရေး .... ... | ၎င်း | .... | ၆၅,၈၃,၆၇၀ | ၆၅,၈၃,၆၇၀ | .... | ၇,၉၃,၇၀၀ | ၇,၉၃,၇၀၀ | .... | .... | .... | .... |
| ၇ | ၁၁ | ကျန်းမာရေး .... .... | ၎င်း | ၂,၇၉,၈၂၀ | ၅၂,၉၅,၀၀၀ | ၅၂,၉၅,၀၀၀ | .... | ၁၀,၉၈,၇၀၀ | ၁၈,၉၈,၇၀၀ | .. | ၂၄,၃၂၀ | ၂၄,၃၂၀ | .... |
| ၈ | ၁၂ | အလုပ်သမား .... .... | ၎င်း | .... | .... | ... | .... | ၁,၁၃,၈၆၀ | ၁,၁၃,၈၆၀ | .... | .... | .... | .... |
| ၉ | ၁၃ | လယ်ယာနှင့် သစ်တော .... | ၎င်း | ၁,၂၇,၁၀၀ | .... | .... | .... | ၇၁,၉၅,၆၀၀ | ၇၁,၉၅,၆၀၀ | .... | .... | .... | .... |
| ၁၀ | ၁၆ | ဆောက်လုပ်ရေး .... .... | ၎င်း | ၁၇,၄၁,၅၉၀ | .... | .... | .... | ၁,၃၀,၇၉,၆၀၀ | ၇၃,၇၉,၆၀၀ | ၁၀ | .... | .... | .... |
| ၁၁ | ၁၇ | ပို့ဆောင်ဆက်သွယ်ရေး .... | ၎င်း | ၄,၂၅,၁၇၀ | .... | .... | .... | ၇၉,၂၈,၈၅၀ | ၇၉,၂၈,၈၅၀ | .... | .... | .... | .... |
| ၁၂ | ၂၀ | စီမံကိန်းနှင့် ဘဏ္ဍာရေး .... | ၎င်း | ၈၂,၅၁,၈၂၀ | ၆,၈၃,၉၂၀ | ၆,၈၃,၉၂၀ | .... | ၅,၀၁,၄၂၀ | ၅,၀၁,၄၂၀ | .... | ၂,၃၈,၅၈,၄၀၀ | ၂,၃၈,၅၈,၄၀၀ | .... |
| ၁၃ | .... | စက်မှု (၂) .... .... | ၎င်း | .... | ၃,၆၆,၀၀၀ | .... | ၂၃၀ | ၁,၀၉,၉၀၀ | .... | ၄၀ | .... | .. | .... |
| | | ပေါင်း .... | | ၁,၄၂,၀၀,၉၀၀ | ၁၁,၈၃,၁၃,၃၉၀ | ၁၁,၇၉,၄၆,၅၉၀ | ၂၃၀ | ၃,၅၈,၀၁,၇၁၀ | ၂,၉၉,၁၁,၈၁၀ | ၅၀ | ၂,၃၈,၈၂,၇၂၀ | ၂,၃၈,၈၂,၇၂၀ | .... |

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ

ဇယား (၃)

| အမှတ်စဉ် | | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ဇယား (၅) ပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ — သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေအတွက် နောက်ထပ်ရထားငွေ | သုံးငွေများ — သာမန် — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | သာမန် — နောက်ထပ် ခွင့်ပြုငွေ — အမြည့်ခွင့်ပြုငွေ | သာမန် — နောက်ထပ် ခွင့်ပြုငွေ — စတီခွင့်ပြုငွေ | ငွေလုံးငွေရင်း — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | ငွေလုံးငွေရင်း — နောက်ထပ် ခွင့်ပြုငွေ — အမြည့်ခွင့်ပြုငွေ | ငွေလုံးငွေရင်း — နောက်ထပ် ခွင့်ပြုငွေ — စတီခွင့်ပြုငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | ထောက်ပံ့ငွေ… — နောက်ထပ်ခွင့်ပြုငွေ — အမြည့်ခွင့်ပြုငွေ | ထောက်ပံ့ငွေ… — နောက်ထပ်ခွင့်ပြုငွေ — စတီခွင့်ပြုငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ၁ | | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | | | | | | | |
| | ၁ | | ၁ | ကာကွယ်ရေး ပစ္စည်းစက်ရုံများ .... | | ၄၄,၂၀,၀၀၀ | .... | .... | .... | ၈၈,၃၀,၃၅၀ | .... | ၃၀ | .... | .... | .... |
| ၂ | | ၂ | | ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ | ၎င်း | | | | | | | | | | |
| | ၁ | | ၁ | ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း | | ၃,၂၁,၄၃,၈၀၀ | ၂,၀၂,၀၂,၃၀၀ | ၂,၀၂,၀၂,၃၀၀ | .... | .... | .... | .... | .... | .... | .... |
| | ၂ | | ၂ | သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း .... | | ၁,၄၉,၀၀၀ | ၁,၄၀,၅၅၀ | ၁,၄၀,၅၅၀ | .... | .... | .... | .... | .... | .... | .... |
| | ၃ | | ၃ | ရုပ်ရှင်ကော်ပိုရေးရှင်း .... .... | | .... | ၇,၀၀,၀၀၀ | ၇,၀၀,၀၀၀ | .... | ၅,၅၅,၅၅၀ | ၅,၅၅,၅၅၀ | .... | .... | .... | .... |
| ၃ | | ၄ | | လယ်ယာနှင့် သစ်တောဝန်ကြီးဌာနလက်အောက်ခံအဖွဲ့အစည်းများ | ၎င်း | | | | | | | | | | |
| | ၁ | | ၂ | ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်း .... | | .... | .... | .... | .... | ၆,၇၇,၆၆၀ | .... | ၂၀ | .... | .... | .... |
| ၄ | | ၅ | | သတ္တုတွင်း ဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ | ၎င်း | | | | | | | | | | |
| | ၁ | | ၃ | မြန်မာ့ဓါတ်သတ္တု တူးဖော်လုပ်ကိုင်ရေး ကော်ပိုရေးရှင်း | | .... | .... | .... | .... | ၃၇,၇၀,၇၅၀ | .... | ၂၀ | .... | .... | .... |
| ၅ | | | | အမှတ် (၁) စက်မှုဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ | ၎င်း | | | | | | | | | | |
| | ၁ | ၆ | ၅ | အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း .... | | ၆၄,၂၄,၀၄,၃၀၀ | ၆၀,၇၂,၄၂,၀၀၀ | .... | ၁၀ | ၂,၂၀,၃၂,၃၀၀ | .... | ၁၀ | ၃,၀၉,၁၇,၀၀၀ | .... | ၁၀ |
| | ၂ | ၆ | ၄ | စားသောက်ကုန် လုပ်ငန်းကော်ပိုရေးရှင်း .... | | ၄၆,၆၉,၃၀,၉၀၀ | ၃၇,၀၃,၆၆,၀၀၀ | .... | ၁၀ | ၅၀,၂၅,၅၅၀ | .... | ၃၀ | ၁,၂၀,၆၂,၀၀၀ | .... | ၁၀ |
| | ၃ | ၆ | ၉ | ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း | | ၃၃,၇၃,၂၄,၅၀၀ | ၂၉,၂၉,၀၉,၃၀၀ | .... | ၁၀ | ၃၀,၄၂,၇၀၀ | .... | ၁၀ | ၆၉,၀၀၀ | .... | ၁၀ |
| | ၄ | ၆ | ၇ | ကြွေထည် မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း | | ၈,၇၅,၉၀,၃၀၀ | ၈,၀၀,၉၄,၅၀၀ | .... | ၁၀ | ၂,၉၆,၉၇,၄၀၀ | .... | ၂၀ | ၁,၂၄,၆၂,၀၀၀ | .... | ၁၀ |
| | ၅ | ၆ | ၆ | သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း .... | | ၁၃,၀၇,၀၀,၉၀၀ | ၁၀,၇၁,၂၉,၀၀၀ | .... | ၁၀ | ၁၂,၄၂,၀၆၀ | .... | ၁၀ | ၉,၈၀,၁၀၀ | .... | ၁၀ |
| | ၆ | ၆ | ၁၁ | အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း .... | | ၅,၁၃,၇၂,၅၀၀ | ၄,၈၀,၂၅,၀၀၀ | .... | ၁၀ | ၁၉,၇၇,၀၃၀ | .... | ၁၀ | ၁,၈၅,၄၀၀ | .... | ၁၀ |
| | [illegible] | ၆ | [illegible] | [illegible] | | [illegible] | [illegible] | [illegible] | ၁၀ | [illegible] | .... | ၁၀ | [illegible] | .... | ၁၀ |

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ

ဇယား(၃)။ အဆက်

| အမှတ်စဉ် | | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ဇယား(၅)ပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ — သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ ပင်ကိုးရငွေအတွက် နောက်ထပ်ရထားငွေ | သုံးငွေများ — သာမန် — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | သာမန် — နောက်ထပ်ခွင့်ပြုငွေ — အပြည့်ခွင့်ပြုငွေ | သာမန် — နောက်ထပ်ခွင့်ပြုငွေ — ဖယ်ခွင့်ပြုငွေ | ငွေလုံးငွေရင်း — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | ငွေလုံးငွေရင်း — နောက်ထပ်ခွင့်ပြုငွေ — အပြည့်ခွင့်ပြုငွေ | ငွေလုံးငွေရင်း — နောက်ထပ်ခွင့်ပြုငွေ — ဖယ်ခွင့်ပြုငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့် ပြေငြ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ — အပြည့်ခွင့်ပြုငွေ | နောက်ထပ်ခွင့်ပြုငွေ — ဖယ်ခွင့်ပြုငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | | | | အမှတ်(၂) စက်မှုဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းများ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | | | | | | | |
| | ၁ | | | စက်မှုဆောင်ရွက်မှု လုပ်ငန်း ကော်ပိုရေးရှင်း | | ၃,၀၀၀ | ၇,၀၄,၉၀၀ | ၇,၀၄,၉၀၀ | .... | ၅,၂၀,၁၁၀ | ၅,၂၀,၁၁၀ | .... | .... | .... | .... |
| | ၂ | ၁၁ | ၁ | ဗဟိုသုတေသနလုပ်ငန်းအဖွဲ့ .... | | ၄,၁၃,၆၀၀ | ၃၀,၃၇,၅၀၀ | .... | ၁၀ | ၁၉,၀၀,၉၂၀ | .... | ၁၀ | ၂,၅၀,၆၀၀ | .... | ၁၀ |
| | ၃ | ၆ | ၁ | လျှပ်စစ်ဓါတ်အားကော်ပိုရေးရှင်း .... | | ၁၄,၁၀,၇၀,၀၀၀ | ၁၁,၃၂,၅၉,၀၀၀ | .... | ၁၀ | ၇,၉၂,၄၀,၁၆၀ | .... | ၇၀ | ၁,၅၆,၃၀,၀၀၀ | .. | ၁၀ |
| | ၄ | ၆ | ၃ | အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း .... | | ၃၅,၃၇,၁၂,၀၀၀ | ၃၄,၀၂,၀၂,၀၀၀ | .... | ၁၀ | ၃,၀၂,၄၁,၆၀၀ | .... | ၁၀ | ၃,၆၀,၁၆,၀၀၀ | .... | ၁၀ |
| | ၅ | | | ကျောက်နှင့် ဓါတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း | | ၁၃,၇၁,၇၆,၇၀၀ | ၉,၇၇,၀၁,၂၀၀ | .... | ၁၀ | ၁,၀၆,၅၄,၂၀၀ | .... | ၁၀ | ၁,၂၅,၃၇,၉၀၀ | .... | ၁၀ |
| | ၆ | | | ဆေးနှင့် ဓါတုဗေဒနှင့် သဘာဝ ဓါတ်ငွေ့ လုပ်ငန်းကော်ပိုရေးရှင်း | | ၈၁,၆၃,၉၇,၀၀၀ | ၆၉,၃၃,၅၃,၀၀၀ | ... | ၁၀ | ၇,၂၀,၇၅,၂၀၀ | .... | ၆၀ | ၁,၇၁,၂၅,၇၀၀ | .... | ၁၀ |
| | ၇ | | | ရေနံထွက်ပစ္စည်း၊ ရေနံဓါတုဗေဒ ပစ္စည်းနှင့် ဓါတ်ငွေ့ ပစ္စည်း ဖြန့်ဖြူး ရောင်းချရေး ကော်ပိုရေးရှင်း | | ၈၄,၂၉,၄၀,၀၀၀ | ၇၅,၉၃,၇၀,၁၀၀ | .... | ၁၀ | ၃၀,၅၃,၀၀၀ | ... | ၄၀ | ၂,၂၅,၀၀၀ | .... | ၁၀ |
| ၇ | | ၇ | | ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့ အစည်းများ | ၎င်း | | | | | | | | | | |
| | ၁ | | ၁ | ဆောက်လုပ်ရေးကော်ပိုရေးရှင်း .... | | .... | ... | .... | .... | ၂,၃၀,၇၀၀ | ၂,၃၀,၇၀၀ | .... | | ... | .... |
| | ၂ | | ၂ | ကျောက်မိုင်းကော်ပိုရေးရှင်း .... | | ၅,၀၀,၀၀၀ | ၄,၀၀,၀၀၀ | ၄,၀၀,၀၀၀ | ... | .... | .... | .... | .. | .... | .... |
| ၈ | | ၈ | | ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းများ | ၎င်း | | | | | | | | | | |
| | ၁ | | ၁ | ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း .... | | .... | .... | .... | .... | ၈,၂၅,၀၀၀ | .... | ၁၀ | ... | .... | .... |
| | ၂ | | ၂ | ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... | | ၇၃,၈၂,၄၀၀ | .... | .... | .... | .... | .... | ... | .... | .... | .... |
| | ၃ | | ၃ | ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... | | .... | .... | .... | .... | ၂၄,၄၁,၇၀၀ | .... | ၁၀ | .... | .... | .... |
| | ၄ | | ၄ | ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း .... | | ၅၀,၀၀,၀၀၀ | ၂,၆၀,၆၆,၂၀၀ | .... | ၂၀ | ၆၂,၆၆,၀၀၀ | ... | ၂၀ | .... | .... | .... |
| | ၅ | | ၅ | လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... | | .... | .... | .... | .... | ၂,၂၉,၂၀,၀၀၀ | ၂,၂၉,၂၀,၀၀၀ | .... | ၃,၉၅,၁၀၀ | .... | ၃၀ |
| | ၆ | | ၇ | သင်္ဘောကျင်းကော်ပိုရေးရှင်း .... | | ၁,၆၀,၃၀၀ | .... | .... | .... | .... | .... | .... | ... | .... | .... |

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် သဏ်စသည့်အဖွဲ့အစည်းများ



| အမှတ်စဉ် | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံး ဆိုင်ရာ ဥပဒေ ဇယား (၅) ပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ — သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေအတွက် နောက်ထပ်ရထားငွေ | သုံးငွေများ — သာမန် — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | သုံးငွေများ — သာမန် — နောက်ထပ်ခွင့်ပြုငွေ — အပြည့်ခွင့်ပြုငွေ | သုံးငွေများ — သာမန် — နောက်ထပ်ခွင့်ပြုငွေ — ဝေါ ခွင့်ပြုငွေ | သုံးငွေများ — ငွေလုံးငွေရင်း — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | သုံးငွေများ — ငွေလုံးငွေရင်း — နောက်ထပ်ခွင့်ပြုငွေ — အပြည့်ခွင့်ပြုငွေ | သုံးငွေများ — ငွေလုံးငွေရင်း — နောက်ထပ်ခွင့်ပြုငွေ — ဝေါ ခွင့်ပြုငွေ | သုံးငွေများ — ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ — နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | သုံးငွေများ — ထောက်ပံ့ငွေ … — နောက်ထပ်ခွင့်ပြုငွေ — အပြည့်ခွင့်ပြုငွေ | သုံးငွေများ — ထောက်ပံ့ငွေ … — နောက်ထပ်ခွင့်ပြုငွေ — ဝေါ ခွင့်ပြုငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၀ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၉ | ၉ | ကုန်သွယ်ရေး ဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းများ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | | | | | | | | | | |
| ၁ | ၁ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁) | | .... | ၂၅,၀၀,၀၀၀ | .... | ၃၀ | ၉,၀၃,၀၀၀ | .... | ၅၀ | .... | .... | .... |
| ၂ | ၃ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၃) | | ၂၂,၀၇,၀၃,၀၀၀ | ၁၅,၉၃,၆၇,၅၀၀ | .... | ၂၇၀ | .... | .... | .... | .... | .... | .... |
| ၃ | ၄ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၄) | | ၂,၅၀,၃၃,၀၀၀ | ၂,၀၀,၇၂,၅၇၀ | .... | ၃၀ | .... | .... | .... | .... | .... | .... |
| ၄ | ၅ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၅) | | ၇၉,၁၂,၀၀၀ | ၅,၆၅,၀၁,၀၀၀ | .... | ၃၀ | .... | .... | .... | .... | .... | .... |
| ၅ | ၆ | ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၆) | | ၇,၀၃,၁၇,၀၀၀ | ၆,၀၁,၈၇,၀၀၀ | .... | ၀၀ | .... | .... | .... | .... | .... | .... |
| ၆ | ၉ | ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၉) | | ၂,၄၅,၈၀,၀၀၀ | ၇၀,၀၀၀ | .... | ၁၀ | .... | .... | .... | .... | .... | .... |
| ၇ | ၁၀ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁၀) | | ၃,၅၆,၅၁,၀၀၀ | ၂,၃၆,၄၂,၀၀၀ | .... | ၆၀ | .... | .... | .... | ၆၀,၀၀၀ | .... | ၁၀ |
| ၀ | ၁၁ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁၂) | | ၁,၄၈,၀၄,၀၀၀ | — | | .... | .... | .... | .... | .... | .... | .... |
| ၉ | ၁၂ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁၃) | | — | ၄၁,၉၂,၀၀၀ | .... | ၆၀ | .... | .... | .... | .... | .... | .... |
| ၁၀ | ၁၃ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁၄) | | ၄,၈၄,၁၄,၀၀၀ | ၃,၁၃,၇၀,၀၀၀ | .... | ၆၀ | .... | .... | .... | .... | .... | .... |
| ၁၁ | ၁၄ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁၅) | | ၈,၀၀,၂၆,၀၁၁ | ၄,၇၃,၆၀,၀၀၀ | .... | ၁၇၀ | .... | .... | .... | .... | .... | .... |
| ၁၂ | ၁၅ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁၇) | | ၄,၀၂,၇၂,၀၁၀ | ၁,၆၃,၉၂,၇၁၀ | .... | ၆၀ | .... | .... | .... | .... | .... | .... |
| ၁၃ | ၁၀ | ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၂၀) | | — | — | .... | .... | ၂၀,၀၀၀ | .... | ၁၀ | .... | .... | .... |
| ၁၀ | ၁၁ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဌာန လက်အောက်ခံအဖွဲ့အစည်းများ— | ၎င်း | | | | | | | | | | |
| ၁ | ၂ | ပြည်ထောင်စု မြန်မာနိုင်ငံဘဏ် — | | ၃,၀၅,၆၃,၃၀၀ | ၁,၃၇,၄၄,၆၀၁ | ၁,၃၇,၄၄,၆၀၁ | .... | .... | .... | .... | .... | .... | .... |
| ၂ | ၃ | ဝါဒီလုပ်ငန်းစီမံကိန်း — | | ၁,၄၃,၀၃,၉၀၁ | ၁,၆၀,၀၀,၀၀၀ | ၁,၆၀,၀၀,၀၀၁ | .... | ၂၀,၅၆,၉၄၀ | .... | ၂၀ | .... | .... | .... |

စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)

| အမှတ်စဉ် | ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေ ဇယား(၆) ပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေအတွက် နောက်ထပ်လိုသောငွေ | သာမန် | | | ငွေလုံးငွေရင်း | | | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြေးမြီ၊ ရင်းနှီး မြှုပ်နှံငွေနှင့် ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေ | | |
| | | | | | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ | | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ | | နောက်ထပ်အသုံးစရိတ် ခန့်မှန်းခြေ | နောက်ထပ်ခွင့်ပြုငွေ | |
| | | | | | | အပြည့်ခွင့်ပြုငွေ | တော်ခွင့်ပြုငွေ | | အပြည့်ခွင့်ပြုငွေ | တော်ခွင့်ပြုငွေ | | အပြည့်ခွင့်ပြုငွေ | တော်ခွင့်ပြုငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိစည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၇,၀၀၀ | ... | ... | ... | ... | ... | ... | ... | ... | ... |
| ၂ | ၂ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ... ကာ... အဖွဲ့များ | ၎င်း | ၆၃,၇၅၀ | ... | ... | ... | ... | ... | ... | ... | ... | ... |
| | | ပေါင်း | | ၁,၂၀,၇၅၀ | ... | ... | ... | ... | ... | ... | ... | ... | ... |

အမိန့်အရ

(ပုံ) မြကေး

ဦး...

မြင်ထောင်... နိုင်ငံတော်ကောင်စီ

(ပုံ) ...

ဦး... (ကိုယ်စား)၊

နိုင်ငံတော်ကောင်စီ

... ၁၉၇၇ ခုနှစ် ...

# ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၈]

## နိဒါန်း

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာကော်မရှင်သည် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည့်ဝစွာဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာကော်မရှင်ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)ကို ပုဒ်မ ၅ ပုဒ်မခွဲ(ဇ)အဖြစ် ပြင်ဆင်ရမည်၊

(ခ) အောက်ပါတို့ကို ပုဒ်မ ၅ ၏ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) အဖြစ် ဖြည့်စွက်ရမည် —

(ဃ) ကော်မရှင်သည် ၁၉၇၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ

ကျောင်းပရေးကော်မီရှင် ဥပဒေပါ ကော်မီရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အရ ကော်မီရှင်အဖွဲ့ခွဲတခုခု၏ ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်ချက်များ၊ ဆုံးဖြတ်ချက်များကို တွေ့ရှိလျှင် ဥပဒေနှင့်အညီပယ်ဖျက်ပိုင်ခွင့်၊ပြင်ဆင်ပိုင်ခွင့်၊ အသစ်တဖန်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းလုပ်ပိုင်ခွင့်များကို အဆင့်မြင့်ကော်မီရှင်အဖွဲ့ခွဲ တခုခုအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(င) ကော်မီရှင်သည် ကော်မီရှင်အဖွဲ့ခွဲ ဖွဲ့စည်းထားခြင်း မရှိသည့်အခါ ကော်မီရှင်အဖွဲ့ခွဲတခုခု၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်၊

(စ) ကော်မီရှင်သည် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျောင်းပရေးကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်ချက်များကို ယင်းအားဖွဲ့စည်းသည့်နေ့မှစ၍ ဆက်ခံဆောင်ရွက်ပိုင်ခွင့်ရှိသည်၊

(ဆ) ကော်မီရှင်သည် ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်များကို ကော်မီရှင်အဖွဲ့ခွဲများအား အပ်နှင်းနိုင်သည်။

# ဘဏ်ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... | ၇၉ |
| ၂ | အခန်း(၁) .... .... အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၈၀ |
| ၃ | အခန်း(၂) .... .... တည်ထောင်ခြင်းနှင့်ရည်ရွယ်ချက် | ၈၂ |
| ၄ | အခန်း(၃) .... .... သုံးစွဲငွေထုတ်ခြင်းနှင့်စီမံခန့်ခွဲခြင်း | ၈၅ |
| ၅ | အခန်း(၄) .... .... ရွှေနှင့်နိုင်ငံခြားသုံးငွေ | ၈၈ |
| ၆ | အခန်း(၅) .... .... နိုင်ငံတော်အတွက် ဘဏ်အသီးသီး၏တာဝန်များ | ၉၀ |
| ၇ | အခန်း (၆) .... .... ဘဏ်လုပ်ငန်းများ | ၉၂ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၈ | အခန်း (၇) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် | .... | | ၉၄ |
| ၉ | အခန်း (၈) မြန်မာ့စီးပွားရေးဘဏ် | .... | .... | ၉၈ |
| ၁၀ | အခန်း (၉) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | .... | .... | ၁၀၄ |
| ၁၁ | အခန်း (၁၀) မြန်မာ့စိုက်ပျိုးရေးဘဏ် | .... | .... | ၁၀၈ |
| ၁၂ | အခန်း (၁၁) ငွေစာရင်းများနှင့်စာရင်းစစ်ဆေးခြင်း | .... | .... | ၁၁၂ |
| ၁၃ | အခန်း (၁၂) အထွေထွေ | .... | .... | ၁၁၃ |

# ဘဏ်ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၉]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်တွင် ချမှတ် အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးစီမံကိန်းများကို စီးပွားရေးမူဝါဒပေါ် ငွေကြေးနှင့် ဘဏ်လုပ်ငန်းမူဝါဒအရ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ လက်ရှိဘဏ်ကို စီးပွားရေးဆန်သော ဘဏ်များဖြစ်လာအောင် ပြုပြင်တည်ထောင်ရန် လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဘဏ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် —

(က) ဘဏ် ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃ အရ တည်ထောင်ထားသော ဘဏ်အသီးသီးကိုဆိုသည်၊

(ခ) ဘဏ်လုပ်ငန်း ဆိုသည်မှာ ဤဥပဒေပါဘဏ်အသီးသီး၏ လုပ်ငန်းအဝဝကိုဆိုသည်၊

(ဂ) ငွေစက္ကူ ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ထုတ်သောငွေစက္ကူကို ဆိုသည်၊ ယင်းတွင် ယခင်ကထုတ်ထားသော တရားဝင် ငွေစက္ကူများလည်း ပါဝင်သည်၊

(ဃ) ဒင်္ဂါး ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ထုတ်သော ကျပ်

ဒင်္ဂါးနှင့် အကြွေတို့ကိုဆိုသည်။ ယင်းတွင် ယခင်က ထုတ်ထားသော တရားဝင် ကျပ်ဒင်္ဂါးနှင့် အကြွေများ လည်း ပါဝင်သည်၊

(င) ရွှေ ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ပေးယူဖလှယ်မှု၌ သတ်မှတ် အသုံးပြုသည့် စံချိန်မီ ရွှေတုံး ရွှေခဲများကို ဆိုသည်၊

(စ) သုံးစွဲငွေ ဆိုသည်မှာ ငွေစက္ကူနှင့်ဒင်္ဂါးတို့ကိုဆိုသည်၊

(ဆ) လှည့်လည်သုံးစွဲငွေဆိုသည်မှာဘဏ်အသီးသီး လက်ဝယ်ရှိ ငွေစက္ကူနှင့်ဒင်္ဂါးများမှအပ လှည့်လည်သုံးစွဲလျက်ရှိသည့် သုံးစွဲငွေကိုဆိုသည်၊

(ဇ) နိုင်ငံခြားသုံးငွေ တွင် အောက်ပါတို့ပါဝင်သည် —

(၁) နိုင်ငံခြားငွေများ၊

(၂) အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ နိုင်ငံခြားရှိ ဘဏ်များနှင့် ငွေတိုက်များတွင် အပ်ငွေများ၊

(၃) နိုင်ငံခြား အစိုးရများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ငွေချေးသက်သေခံ လက်မှတ်များနှင့် အသုံးပြုသည့် စာချုပ်စာတမ်းများ၊

(၄) တနိုင်ငံမှ တနိုင်ငံသို့ ငွေများ လွှဲပြောင်း ရာတွင် အသုံးပြုသည့် စာချုပ်စာတမ်းများ။

## အခန်း (၂)

## တည်ထောင်ခြင်းနှင့်ရည်ရွယ်ချက်

၃။ ဝန်ကြီးအဖွဲ့သည် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စအဝဝကို စနစ်တကျ ဆောင်ရွက်နိုင်ရန် လက်ရှိဘဏ်ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင် တည်ထောင်ရမည်—

(က) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်၊

(ဂ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊

(ဃ) မြန်မာ့စိုက်ပျိုးရေးဘဏ်။

၄။ (က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဘဏ် အသီးသီးကို တာဝန်ယူကြီးကြပ်ကွပ်ကဲရမည်၊

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် နိုင်ငံတော်၏ ဗဟို ဘဏ်အဖြစ်ဆောင်ရွက်၍ဘဏ်အသီးသီး၏ဘဏ်လုပ်ငန်း ဆိုင်ရာကိစ္စရပ်များ စနစ်တကျရှိစေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စာရင်း စစ်ဆေးခြင်းတို့ကို ပြုလုပ်ရမည်၊

(ဂ) ဘဏ်အသီးသီးသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် လုပ်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲပိုင်ခွင့်နှင့် တရားစွဲ ခံပိုင်ခွင့်ရှိသော အဖွဲ့ အစည်းများဖြစ်သည်၊

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်ကို ဒါရိုက်တာ အဖွဲ့ဖြင့်လည်းကောင်း၊ ကျန်ဘဏ်အသီးသီးကို စီမံခန့်ခွဲမှုအဖွဲ့ဖြင့်လည်းကောင်း စီမံခန့်ခွဲရမည်။

၅။ ဘဏ်အသီးသီးကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် တည်ထောင်ထားရှိသည် —

(က) နိုင်ငံတော်၏နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် စီးပွားရေးစီမံကိန်းပါ ရည်မှန်းချက်များအောင်မြင်စေရန်၊

(ခ) နိုင်ငံပိုင်လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ရေး၊ ကုန်ထုတ်စွမ်းရည် မြှင့်တင်ရေး၊ စီးပွားရေးစီမံကိန်းအရ ဆောင်ရွက်ရာတွင် ငွေရေး ကြေးရေး ရှုဒေါင့်မှ ကြီးကြပ်ပေးရန်၊

(ဂ) စီမံကိန်းပါ ဘဏ္ဍာရေး လုပ်ငန်းများနှင့် ဘဏ္ဍာငွေအရ-အသုံးစာရင်းပါ လုပ်ငန်းများအတွက် ကြီးကြပ်ရန်နှင့်အကြံဉာဏ်ပေးရန်၊

(ဃ) နိုင်ငံတော်၏ ဘဏ္ဍာငွေအခြေအနေ ပြေလည်ရေးအတွက် စီစဉ်ရေးနှင့် ရှင်သန်တိုးပွားစေရေးအတွက် အားပေးရန်၊

(င) ပြည်တွင်းပြည်ပတွင် မြန်မာ့ကျပ်ငွေ အခြေအနေ ခိုင်ခံ့တည်မြဲစေရန်၊

(စ) ဘဏ်လုပ်ငန်းများ တိုးတက်စေရန်။

၆။ (က) ဘဏ်အသီးသီး၏ဖွဲ့စည်းပုံကို ရှိရင်းစွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရေးဆွဲဆောင်ရွက်ရမည်၊

(ခ) ဘဏ်ဒုသီးသီး၏ရုံးချုပ်ကို ရန်ကုန်မြို့တော်တွင် ထားရှိရမည်၊

(ဂ) ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဖွဲ့စည်းပုံအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဘဏ်ခွဲများ၊ ရုံးများ ဖွင့်လှစ်နိုင်သည်၊ သို့မဟုတ် ကိုယ်စားလှယ်များ ခန့်ထားနိုင်သည်။

## အခန်း (၃)

## သုံးစွဲငွေထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၇။ (က) နိုင်ငံတော်တွင် သုံးစွဲငွေဖြင့် ဖော်ပြသည့်တန်ဖိုးမှန်သမျှကို ကျပ် ဖြင့်ဖော်ပြရမည်၊

(ခ) ငွေတကျပ်ကို အပိုင်းတရာပိုင်း၍ တပိုင်းကို ပြားဟု ခေါ်ရမည်။

၈။ ဥပဒေနှင့်အညီ ငွေကြေးနှင့်စပ်လျဉ်းသည့်၊သို့မဟုတ် ငွေကြေးဖြင့် ပေးရန်ရှိသည့် စာချုပ်စာတမ်း၊ သို့မဟုတ် အလုပ်ကိစ္စ၊ သို့မဟုတ် ကြေးမြီ တာဝန်တခုခုတွင် နိုင်ငံခြားသုံးငွေဖြင့် ပြုလုပ်ကြောင်း အတိအလင်း သဘောတူညီချက်မရှိခဲ့လျှင် ယင်းကို နိုင်ငံတော်အတွင်းတွင် ကျပ်ငွေဖြင့် ပြုလုပ်သည်ဟု မှတ်ယူရမည်။

၉။ (က) ကျပ်ငွေကို ငွေစက္ကူ၊ သို့မဟုတ် ဒင်္ဂါးအဖြစ်ဖြင့် ထုတ်ရမည်၊

(ခ) ငွေစက္ကူများနှင့် ဒင်္ဂါးများ၏ တန်ဘိုး၊ အဆင်အပြင်၊ ပြုလုပ်သည့် ဝတ္ထုပစ္စည်းနှင့် အခြား ခွဲခြားနိုင်သည့် လက္ခဏာများသည် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနကသတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၁၀။ (က) နိုင်ငံတော်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ်ကသာ လျှင်ငွေစက္ကူနှင့် ဒင်္ဂါးထုတ်ပိုင်ခွင့်ရှိသည်။ ယင်းသို့ငွေ စက္ကူနှင့် ဒင်္ဂါး ထုတ်သည့်အခါ ငွေသားစီမံကိန်းအရ သာဖြစ်ရမည်၊

(ခ) နိုင်ငံတော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဘဏ်မှတပါး မည်သူမျှ ငွေစက္ကူ၊ သို့မဟုတ် ဒင်္ဂါးကဲ့သို့ အသုံးချနိုင် သော စာချုပ်စာတမ်း တခုခုကိုဖြစ်စေ၊ အရာဝတ္ထု တခုခုကိုဖြစ်စေ ထုတ်ပိုင်ခွင့်မရှိရ၊ သို့မဟုတ်လက်ခံပိုင်ခွင့် မရှိရ၊

(ဂ) လက်ဝယ်ရှိသူက တောင်းဆိုသည့်အခါ ဘဏ်တွင်အပ်နှံ ထားသော ငွေများမှ ငွေလက်ငင်း ထုတ်ပေးရမည့် ချက်လက်မှတ်များနှင့် ငွေလွှဲလက်မှတ်များကိုပုဒ်မခွဲ (ခ) အလို့ငှါ ငွေစက္ကူကဲ့သို့ အသုံးချနိုင်သော စာချုပ် စာတမ်းများဟူ၍ မမှတ်ယူရ။

၁၁။ (က) ဤဥပဒေအရ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ထုတ် သည့် ငွေစက္ကူနှင့် ဒင်္ဂါးများသည် လည်းကောင်း၊ ဤ ဥပဒေပြဋ္ဌာန်းသည့် နေ့တွင်တည်ရှိနေသည့်တရားဝင် ငွေ စက္ကူနှင့် ဒင်္ဂါးများသည် လည်းကောင်း နိုင်ငံတော် ကောင်စီက တရားဝင်ငွေအဖြစ်မှ ရပ်စဲကြောင်း မကြေ ညာမချင်း တရားဝင်ငွေအဖြစ်တည်စေရမည်၊

(ခ) ငွေအကြွေကိုသုံးစွဲရာတွင် တကျပ်တန်ဘိုးအထိ လက်ခံရ မည်။ တကျပ်တန်ဘိုးထက်ပိုမိုသော ငွေအကြွေကိုလက်ခံ ရန်ငြင်းဆိုခွင့်ရှိသည်။

၁၂။ (က) နိုင်ငံတော်ကထုတ်ထားသောတရားဝင်သုံးစွဲငွေအားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်က တာဝန်ယူသည်၊

(ခ) တရားဝင်သုံးစွဲနိုင်သည့် ငွေစက္ကူ၊ သို့မဟုတ် ဒင်္ဂါးများကို လဲလှယ်ရန် တောင်းဆိုသည့်အခါ ဘဏ်လုပ်ငန်း အသီး သီးသည် အခမဲ့လဲလှယ်ပေးရမည်၊

(ဂ) ရှိရင်းစွဲ ဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိ စေကာမူ ပျောက်ဆုံးသော၊ သို့မဟုတ်ခိုးရာပါသော၊ သို့မဟုတ် ချွတ်ယွင်းသော၊ သို့မဟုတ် ပုံသဏ္ဌာန်ပျက်သော ငွေစက္ကူ၏ တန်ဘိုးကိုဖြစ်စေ၊ ဒင်္ဂါးတခုခု၏ တန်ဘိုးကိုဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်ထံမှ ရပိုင်ခွင့်ရှိသည့် အနေဖြင့် မည်သူမျှ တောင်းဆိုခွင့် မရှိစေရ။ သို့ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ယင်းကဲ့သို့သော ငွေစက္ကူနှင့် ဒင်္ဂါးတန်ဘိုးကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်၍ ပြန်လည်ထုတ်ပေးနိုင်သည်။

၁၃။ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် မိမိထုတ်သောငွေစက္ကူနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် အက်ဥပဒေနှင့် ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထုတ်သော ငွေစက္ကူနှင့်စပ်လျဉ်း၍ ဖြစ်စေ တံဆိပ်ခေါင်းခွန်၊ သို့မဟုတ် အလားတူ အခွန်ပေးဆောင်ရန် တာဝန်မရှိစေရ။

# အခန်း (၄)

## ရွှေနှင့် နိုင်ငံခြားသုံးငွေ

၁၄။ (က) ဘဏ်အသီးသီးရှိ ရွှေနှင့်နိုင်ငံခြားသုံးငွေတို့ကို နိုင်ငံတော်ကသာပိုင်ဆိုင်သည်။ သို့ရာတွင်ဘဏ်မှ ချေးငွေကိုယူရန် အပေါင်ထားသည့် ရွှေ ငွေ လက်ဝတ် လက်စားနှင့် စိန်၊ ကျောက်မျက် ရတနာ၊ ပုလဲစသည်များဖြင့် ပြုလုပ်သည့် ရွှေလက်ဝတ် လက်စားများ၊ ဘဏ်တွင်လုံခြုံစွာ ထိန်းသိမ်းရန် ပေးအပ်သော ရွှေလက်ဝတ်လက်စားနှင့် ရွှေများမပါဝင်စေရ၊

(ခ) နိုင်ငံတော်က ပိုင်ဆိုင်သည့် ရွှေနှင့်နိုင်ငံခြား သုံးငွေတို့ကို စီမံကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်ကတာဝန်ယူရမည်။ သို့ရာတွင်ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ စီမံကြီးကြပ်မှုဖြင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်အား နိုင်ငံခြားသုံးငွေရောင်းဝယ် ဖောက်ကားခွင့် ပေးနိုင်သည်။

၁၅။ (က) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် မိမိလက်ဝယ်ရှိ နိုင်ငံတော်ပိုင်ရွှေနှင့် နိုင်ငံခြားသုံးငွေတို့ကို နိုင်ငံခြား

ဘဏ်များတွင် အပ်ငွေအဖြစ် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံငွေအဖြစ် သော်လည်းကောင်း ထားပိုင်ခွင့်ရှိသည်၊

(ခ) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် မိမိလက်ဝယ်ရှိ နိုင်ငံခြားသုံးငွေကို နိုင်ငံခြားဘဏ်များတွင် အပ်ငွေအဖြစ်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံငွေ အဖြစ်သော်လည်းကောင်း ထားပိုင်ခွင့်ရှိသည်။

၁၆။ (က) နိုင်ငံခြားနှင့် ငွေကြေး ဆက်သွယ်ရေး အလုပ်ကိစ္စများအတွက် ရွှေ၊ သို့မဟုတ် လိုအပ်သည့် နိုင်ငံခြားသုံးငွေတို့၏ ကျပ်ငွေနှင့်တူညီသည့် တရားဝင် ဈေးနှုန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က သတ်မှတ်ကြေညာပေးရမည်၊

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် ပုဒ်မခွဲ (က) အရ သတ်မှတ်ချက်ကို အခြေပြု၍ နိုင်ငံခြားသုံးငွေရောင်းချသည့် ဈေးနှုန်းနှင့် ဝယ်ယူသည့်ဈေးနှုန်းတို့ကို စည်းကမ်းချက်နှင့်အညီ သတ်မှတ်ရောင်းဝယ်ရမည်၊

(ဂ) နိုင်ငံခြားသုံးငွေတခုခုအတွက် လဲလှယ်နှုန်းကို ကမ္ဘာ့ဈေးကွက် အခြေအနေအရ ကြေညာရန် မသင့်ဟုယူဆလျှင် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ယင်းနိုင်ငံခြားသုံးငွေ၏ ဈေးနှုန်းကို မကြေညာပဲ နေနိုင်သည်။

၁၇။ ကျပ်ငွေ၏တရားဝင်ဈေးနှုန်းပြောင်းလဲခြင်းကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်နှင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တို့၏ ရပိုင်ခွင့်စာရင်းရှိ ရွှေနှင့် နိုင်ငံခြားသုံးငွေများ၏ တန်ဘိုးကိုပြန်လည်သတ်မှတ်ရသဖြင့်ဖြစ်ပေါ်လာသည့် အမြတ်ငွေ၊ သို့မဟုတ် အရှုံးငွေကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ညွှန်ကြားသည့်အတိုင်း ယင်းဘဏ်တို့က စီမံခန့်ခွဲရမည်။

# အခန်း (၅)

## နိုင်ငံတော်အတွက် ဘဏ်အသီးသီး၏ တာဝန်များ

၁၈။ (က) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် နိုင်ငံတော်၏ဘဏ္ဍာတော်ထိန်းအဖြစ် ဆောင်ရွက်ရမည်၊

(ခ) ဘဏ်အသီးသီးသည် နိုင်ငံတော်၏ ဘဏ္ဍာရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာ၌ ပုဒ်မ ၂၂ တွင် ဖော်ပြထားသော ဆောင်ရွက်ပိုင်ခွင့်ရှိသည့်လုပ်ငန်းများကိုလည်း တိုက်ရိုက်ဖြစ်စေ၊ မိမိ၏ကိုယ်စားလှယ်များမှ တဆင့်ဖြစ်စေ နိုင်ငံတော်အတွက် ဆောင်ရွက်ရမည်၊

(ဂ) ဘဏ်အသီးသီးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးအပ်သောအခြား လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်။

၁၉။ ဘဏ်အသီးသီးသည် ဝန်ကြီးအဖွဲ့၊ သို့မဟုတ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ညွှန်ကြားသည့် ကိစ္စများအတွက် နိုင်ငံခြား၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊

နိုင်ငံခြားအစိုးရများနှင့် သော်လည်းကောင်း ဆက်သွယ်ခြင်း၊ စေ့စပ်ပြောဆိုခြင်း၊ သို့မဟုတ် အလုပ်ကိစ္စများဆောင်ရွက်ခြင်းပြုရမည်။

၂၀။ နိုင်ငံတော်၏ ပြည်တွင်းပြည်ပ စီးပွားရေးရာကိစ္စများတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးရှုဒေါင့်မှ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား အကြံပေးရမည်။

၂၁။ (က) ဘဏ်အသီးသီးသည် နိုင်ငံတော်၏ စီမံကိန်းအရ ခွင့်ပြုထားသည့်ကိစ္စများအတွက် နိုင်ငံတော်၏ အဖွဲ့အစည်းများအား ငွေများထုတ်ချေးနိုင်သည်၊

(ခ) ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို နိုင်ငံတော်၏ စီးပွားရေးနှင့် ဘဏ္ဍာရေး မူဝါဒများနှင့်အညီ သတ်မှတ်ဆောင်ရွက်ရမည်။

# အခန်း (၆)

## ဘဏ်လုပ်ငန်းများ

၂၂။ ဘဏ်အသီးသီးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်—

(က) အပ်ငွေများကို လက်ခံခြင်း၊

(ခ) အာမခံနှင့်ဖြစ်စေ၊ အာမခံမရှိပဲဖြစ်စေ ငွေများထုတ်ချေးခြင်းနှင့် ကြိုတင်ထုတ်ပေးခြင်း၊ သို့မဟုတ် အပ်ငွေထက်ပို၍ ငွေထုတ်ခွင့်ပြုခြင်း၊

(ဂ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ငွေထုတ်ပေးရမည့် ငွေပေးအမိန့်လက်မှတ်များနှင့် အခြား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း၊ လက်ခံခြင်း၊ လျှော့နှုန်းဖြင့် ငွေလဲခြင်း၊ ဝယ်ယူခြင်းနှင့် ရောင်းချခြင်း၊

(ဃ) ငွေလွှဲလက်မှတ်များ၊ ကြေးနန်းငွေလွှဲစာများနှင့် အခြားငွေလွှဲစာများကို ထုတ်ပေးခြင်း၊ ဝယ်ယူခြင်းနှင့် ငွေလွှဲစာတမ်းများကို ထုတ်ပေးခြင်း၊ လက်ခံခြင်း၊

(င) နိုင်ငံတော်ကသော်လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပြားရေးအဖွဲ့အစည်းကသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရက

သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တခုခုကသော်လည်းကောင်း ထုတ်သော၊ သို့မဟုတ် အာမခံသော အပေါင်စာချုပ်များ၊ ဒီဘင်ချာစာချုပ်များ၊ ခံဝန်ချုပ်များနှင့် အခြားငွေချေးသက်သေခံလက်မှတ်များကို ရင်းနှီးခြင်းနှင့် ရောင်းဝယ်ခြင်း၊

(စ) အာမခံဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လျော်ကြေးအတွက်သော်လည်းကောင်း၊ ခံဝန်အတွက် သော်လည်းကောင်း၊ အာမခံအတွက်သော်လည်းကောင်း ပဋိညာဉ်စာချုပ်များကို ချုပ်ဆိုခြင်း၊

(ဆ) ဘဏ်၏လုပ်ငန်းများကိုဆောင်ရွက်ရန် ငွေချေးယူခြင်းနှင့် ယင်းသို့ချေးယူသည့် ငွေများအတွက် မိမိပိုင်ပစ္စည်းများကို အာမခံအဖြစ် ပေါင်နှံခြင်း၊

(ဇ) ငွေရေးကြေးရေး လုပ်ငန်းများတွင်လည်းကောင်း၊ ငွေချေး သက်သေခံ လက်မှတ်များနှင့် အစုရှယ်ယာများ ရောင်းဝယ်ရာတွင် လည်းကောင်း ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ဈ) လုံခြုံစွာထိန်းသိမ်းရန် ပေးအပ်သော လက်ဝတ်လက်စား ကျောက်မျက်ရတနာ၊ ငွေချေးသက်သေခံ လက်မှတ်များနှင့် အခြားအဘိုးတန် ပစ္စည်းများနှင့် စာချုပ်စာတမ်းများကို လက်ခံခြင်း၊ ထို့ပြင် ယင်းချေးငွေ သက်သေခံလက်မှတ်များ၏ငွေရင်းမှဖြစ်စေ၊ အတိုးမှဖြစ်စေ၊ အမြတ်ဝေစုမှဖြစ်စေ ရရှိသည့်ငွေများကို ကောက်ခံခြင်း၊

(ည) နိုင်ငံပိုင်အဖွဲ့အစည်းများကို ဘဏ်ကြီးကြပ်မှု ပြုလုပ်ခြင်း။

၂၃။ နိုင်ငံတော်အတွင်း ချက်လက်မှတ်၊ ငွေလွှဲလက်မှတ်၊ သို့မဟုတ် ငွေထုတ်အမိန့်များဖြင့် ထုတ်ယူနိုင်သည့် အပ်ငွေများကို လက်ခံခြင်း၊ သို့မဟုတ် အပ်ငွေများဖန်တီးခြင်းကိစ္စကို ဤဥပဒေအရ တည်ထောင်ထားသည့် ဘဏ်များမှတပါး အခြားမည်သူမျှမလုပ်ရ။

# အခန်း (၇)

## ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်

၂၄။ (က) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် ဒါရိုက်တာအဖွဲ့ကို အဖွဲ့ဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၂၅ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဒါရိုက်တာအဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(၁) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် ဥက္ကဋ္ဌ၊

(၂) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် ဒုတိယဥက္ကဋ္ဌ၊

(၃) အချိန်ပြည့်အမှုဆောင်ဒါရိုက်တာများ၊

(၄) ကျန်ဘဏ်အသီးသီး၏ အကြီးအကဲများ၊

(၅) သင့်လျော်သော နိုင်ငံသားများ။

၂၅။ (က) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ် ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းဘဏ်၏ဒုတိယဥက္ကဋ္ဌသည် အဖွဲ့၏ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) ဒါရိုက်တာအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ဘဏ်ဝန်ထမ်းတဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၂၆။ ဒါရိုက်တာအဖွဲ့သည်—

(က) ဤဥပဒေပါ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို တာဝန်ယူဆောင်ရွက်ရမည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည့် မူဝါဒများ ချမှတ်၍ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လုပ်ငန်းများကို ကြပ်မရမည်။

၂၇။ (က) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ မူလ မ,တည်ငွေရင်းသည် ကျပ်သန်းပေါင်း နှစ်ရာဖြစ်သည်။ ယင်းငွေကို နိုင်ငံတော်က အပြည့်ထည့်ဝင်ရမည်၊

(ခ) မ,တည်ငွေကို နိုင်ငံတော်၏ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရသာ တိုးနိုင်သည်။

၂၈။ (က) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်တွင် သီးသန့်ရန်ပုံငွေ ရှိရမည်၊ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများ ပါဝင်ရမည်—

(၁) နိုင်ငံတော်က ကနဦးထည့်ဝင်သော ကျပ်သန်းပေါင်း ငါးဆယ်၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့်ငွေထဲမှ သီးသန့်ရန်ပုံငွေသို့လွှဲပြောင်းသည့်ငွေများ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာတွင် လိုသည့်ငွေကိုဖြည့်စွက်ရန် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

၂၉။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာမှရရှိသည့် အသားတင် အမြတ်ငွေကို ကျပ်တသန်းအပြည့်စီ လိ၍ အောက်တွင်ဖော်ပြပါအတိုင်း ခွဲဝေရမည်—

(က) သီးသန့်ရန်ပုံငွေသို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ခ) နိုင်ငံတော်သို့ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်း၊

သို့ရာတွင် သီးသန့်ရန်ပုံငွေလက်ကျန်မှာ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ မ, တည်ငွေရင်းနှင့် ညီမျှလျှင် သီးသန့်ရန်ပုံငွေသို့ ပေးသွင်းရမည့်ငွေပေါင်းကို နိုင်ငံတော်သို့ ပေးသွင်းရမည်။ ဤပုဒ်မအရ နိုင်ငံတော်သို့ ပေးသွင်းသည့် ငွေပေါင်းကို နိုင်ငံတော်က ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သို့ပေးရန် ကျန်ရှိသည့်ကြွေးများနှင့် ခုနှိမ်ရမည်။

၃၀။ (က) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သည် လုပ်ငန်းဆောင်ရွက်ရာတွင် မိမိတောင်းဆိုရမည်ဖြစ်သော၊ သို့မဟုတ် ခွင့်ပြုရမည်ဖြစ်သော လျော့နှုန်း၊ တဆင့်လျော့နှုန်းနှင့် အတိုးနှုန်းများကို နိုင်ငံတော်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးမူများနှင့်အညီ အခါအားလျော်စွာ သတ်မှတ်ရမည်၊

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က အခါအားလျော်စွာ သတ်မှတ်သည့် လျော့နှုန်း၊ တဆင့်လျော့နှုန်းနှင့် အတိုးနှုန်းများကို အခြေခံ၍ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့စိုက်ပျိုးရေးဘဏ်တို့ကလျော့နှုန်း၊ တဆင့်လျော့နှုန်းနှင့် အတိုးနှုန်းများကို ပြောင်းလဲသတ်မှတ်ရမည်၊

(ဂ) ပုဒ်မခွဲ(ခ)တွင် မည်သို့ဆိုစေကာမူ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ လျော့နှုန်း၊ တဆင့်လျော့နှုန်းနှင့် အတိုးနှုန်းများနှင့် လိုက်လျောညီစွာ မသတ်မှတ်နိုင်သည့် ကိစ္စရပ်များအတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခြားနားသတ်မှတ်နိုင်သည်။

၃၁။ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် စီးပွားရေး စီမံကိန်းအရ ငွေသားစီမံကိန်းရေးဆွဲအကောင်အထည်ဖော်နိုင်ရန်နှင့် သုတေသန လုပ်ငန်းများအတွက် လိုအပ်သောစာရင်းအင်းနှင့် အချက်အလက်များကို သက်ဆိုင်ရာတို့ထံမှ တောင်းခံနိုင်သည်။

၃၂။ နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများအတွက် နိုင်ငံတော်က ခွဲဝေသတ်မှတ်ပေးသော ရင်းနှီးမြှုပ်နှံရန် မ,တည်ရန်ပုံငွေကို သက်ဆိုင်ရာအဖွဲ့အစည်းသည် ချမှတ်ထားသော စီမံကိန်းအတိုင်း အသုံးပြုမှု ရှိ မရှိကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ကြီးကြပ်ပေးရမည်။

၃၃။ အစိုးရငွေချေး သက်သေခံလက်မှတ် အက်ဥပဒေအရလည်းကောင်း၊ နှစ်စဉ်ပြဋ္ဌာန်းသည့် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရလည်းကောင်း ငွေချေးသက်သေခံ လက်မှတ်အမျိုးအစားများ ထုတ်ရန်ကိစ္စနှင့် နိုင်ငံတော်၏ ကြွေးမြီစီမံခန့်ခွဲရန်ကိစ္စတို့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်တို့ သဘောတူသည့် စည်းကမ်းချက်များအတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ လွှဲအပ်နိုင်သည်။

၃၄။ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် ရွှေ၊ ငွေနှင့် ဝန်ကြီးအဖွဲ့က သတ်မှတ်သည့် အခြားသတ္တုများကို ဝယ်ယူခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း(၈)

## မြန်မာ့စီးပွားရေးဘဏ်

၃၅။ (က) မြန်မာ့စီးပွားရေးဘဏ် စီမံခန့်ခွဲမှုအဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(၁) မြန်မာ့စီးပွားရေးဘဏ်၏ အကြီးအကဲ၊

(၂) မြန်မာ့စီးပွားရေးဘဏ်၏ ဒုတိယအကြီးအကဲ၊

(၃) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ ကိုယ်စားလှယ်၊

(၄) သင့်လျော်သော နိုင်ငံသားများ။

၃၆။ (က) မြန်မာ့စီးပွားရေးဘဏ်၏ အကြီးအကဲသည် စီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းဘဏ်၏ ဒုတိယအကြီးအကဲသည် အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ဘဏ်ဝန်ထမ်းတဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၃၇။ **စီမံခန့်ခွဲမှုအဖွဲ့သည် —**

(က) ဤဥပဒေပါ မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကိုတာဝန်ယူဆောင်ရွက်ရမည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည့် မူဝါဒများချမှတ်၍ မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းများကို ကြပ်မရမည်။

၃၈။ မြန်မာ့စီးပွားရေးဘဏ်သည် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်း ပေးခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၃၉။ (က) မြန်မာ့စီးပွားရေးဘဏ်၏ မူလမတည်ငွေရင်းသည် ကျပ်သန်းပေါင်း ရှစ်ဆယ်ဖြစ်သည်။ ယင်းငွေကိုနိုင်ငံတော်ကလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ်ကလည်းကောင်း ရင်းနှီးမြှုပ်နှံငွေအပြည့် ထည့်ဝင်ရမည်၊

(ခ) မတည်ငွေကို နိုင်ငံတော်၏ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရသာ တိုးနိုင်သည်။

၄၀။ (က) မြန်မာ့စီးပွားရေးဘဏ်တွင် သီးသန့်ရန်ပုံငွေရှိရမည်။ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများပါဝင်ရမည် —

(၁) နိုင်ငံတော်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်တို့ကကနဦး ထည့်ဝင်သောငွေများ၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့် ငွေထဲမှ သီးသန့် ရန်ပုံငွေသို့ လွှဲပြောင်းသည့်ငွေများ၊

(ခ) မြန်မာ့ စီးပွားရေးဘဏ်က လုပ်ငန်းဆောင်ရွက်ရာတွင် ဖြည့်စွက်ရန်ငွေလိုလျှင် သီးသန့်ရန်ပုံငွေမှသုံးစွဲနိုင်သည်။

၄၁။ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောအခါ မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာမှ ရရှိသည့် အသားတင်အမြတ်ငွေကို ကျပ်တသန်း အပြည့်စီ လီ၍ အောက်ပါအတိုင်း ခွဲဝေရမည်—

(က) သီးသန့်ရန်ပုံငွေသို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ဂ) နိုင်ငံတော်သို့ ငါးဆယ် ရာခိုင်နှုန်း၊

သို့ရာတွင် သီးသန့်ရန်ပုံငွေ လက်ကျန်မှာ မြန်မာ့စီးပွားရေး ဘဏ်၏ မတည်ငွေနှင့် ညီမျှလျှင်သီးသန့်ရန်ပုံငွေသို့ ပေးသွင်းရမည့် ငွေပေါင်းကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သို့ လေးဆယ် ရာခိုင်နှုန်းနှင့် နိုင်ငံတော်သို့ ခြောက်ဆယ် ရာခိုင်နှုန်းပေးသွင်းရမည်။

၄၂။ မြန်မာ့စီးပွားရေးဘဏ်သည်—

(က) ချေးတာ စုဆောင်းရေးလုပ်ငန်းကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းအတွက် ငွေတိုက်လက်မှတ်များ၊ ငွေစုလက်မှတ်များ၊ ငွေစုတံဆိပ်ခေါင်းများနှင့် ချေးတာစုဆောင်းရေးနှင့် စပ်လျဉ်းသည့် အခြားစာချုပ် စာတမ်းများကို ထုတ်ပိုင်ခွင့်ရှိသည်၊

(ခ) ချေးတာစုဆောင်းရေး လုပ်ငန်းနှင့် သက်ဆိုင်သောရှိရင်းစွဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၃။ မြန်မာ့စီးပွားရေးဘဏ်သည် စီမံခန့်ခွဲမှု အဖွဲ့က သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ အသေးစားချေးငွေကို ထုတ်ချေးနိုင်သည်။ ယင်းသို့ချေးရာတွင် ရွှေပြောင်းနိုင်သည့် ပစ္စည်းကိုအပေါင်ထား၍ ချေးရမည်။

၄၄။ မြန်မာ့စီးပွားရေးဘဏ်သည် အသေးစားချေးငွေ လုပ်ငန်းကို ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်—

(က) အသေးစား ချေးငွေဌာနခွဲများနှင့် အရောင်းဌာနများ ဖွင့်လှစ်ခြင်း၊

(ခ) ငွေချေးယူသူများက ဘဏ်တွင် ပေါင်နှံ၍ မရွေးယူပဲ ထားသောပစ္စည်းများကို ဥပဒေနှင့်အညီ ထုခွဲရောင်းချခြင်း။

၄၅။ မြန်မာ့ စီးပွားရေး ဘဏ်သည် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်—

(က) ချေးငွေများအတွက် သော်လည်းကောင်း၊ ကြိုတင်ထုတ်ပေးငွေများအတွက် သော်လည်းကောင်း၊ အပ်ငွေထက်ပိုထုတ်ငွေများအတွက် သော်လည်းကောင်း အာမခံအဖြစ် ဘဏ်သို့ပေါင်နှံပြီးနောက်၊ သို့မဟုတ် လွှဲအပ်ပြီးနောက် သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ရွေးယူသင့်သော အချိန်တွင် မရွေးယူပဲထားသည့်ပစ္စည်း၊ ကုန်စည်၊ လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းနှင့် အခြားအာမခံများကို ဥပဒေနှင့်အညီရောင်းခြင်း၊ သို့မဟုတ် လက်ဝယ်ထားခြင်း၊

(ခ) သေတမ်းစာ အတည်ပြုသူအဖြစ်ဖြင့် သော်လည်းကောင်း၊ ယုံကြည်အပ်နှံခံရသူအဖြစ်ဖြင့်သော်လည်းကောင်း၊ ဒီဘင်ချာယုံကြည်အပ်နှံမှုစာချုပ်တခုခုအရသော်လည်းကောင်း၊ အခြားနည်းဖြင့် သော်လည်းကောင်း အမွေပစ္စည်းများကိုဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အမွေစားအမွေခံတိအား ပစ္စည်းခွဲဝေသတ်မှတ်ပေးခြင်း၊

(ဂ) ချေးငွေများ၊ ဒီဘင်ချာစာချုပ်များနှင့် အစုရှယ်ယာများထုတ်ရာ၌ ပါဝင်၍အာမခံခြင်း၊ သို့မဟုတ်စေ့စပ်ပြောဆိုခြင်း၊ သို့မဟုတ်စီမံခန့်ခွဲခြင်း။

၄၆။ မြန်မာ့စီးပွားရေးဘဏ်သည်—

(က) စက်မှုလက်မှု လုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းများအားငွေချေးခွင့်ရှိသည်။ ယင်းအတွက်နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီးပွားရေး စီမံကိန်းပါလုပ်ငန်းများ အတွက်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက အခါအားလျော်စွာ ညွှန်ကြားသည့် လုပ်ငန်းများအတွက်လည်းကောင်း ချေးငွေများကို ဘဏ္ဍာရေးစီမံကိန်းနှင့်အညီ ထုတ်ချေးနိုင်သည်၊

(ခ) ချေးငွေများကိုနှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီးပွားရေးစီမံကိန်းများနှင့်လိုက်လျောညီထွေအသုံးပြုခြင်း ရှိ မရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများအား ကြီးကြပ်ပိုင်ခွင့်ရှိသည်။

၄၇။ မြန်မာ့စီးပွားရေးဘဏ်သည်—

(က) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေချေးယူနိုင်သည်၊

(ခ) ချေးယူရရှိသည့် ငွေကိုဝန်ကြီးအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ စက်မှုလက်မှု လုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များဖြင့် ပြန်လည်ထုတ်ချေးခွင့်ရှိသည်။

၄၈။ မြန်မာ့စီးပွားရေးဘဏ်သည် ပုဒ်မ ၄၆ နှင့် ၄၇ တို့အရ မိမိ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် အောက်ပါ လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်—

(က) သမဝါယမနှင့် ပုဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းများအပါအဝင် စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ငွေရေးကြေးရေးကြီးကြပ်မှုတွင် နိုင်ငံတော်အား ကူညီခြင်း၊

(ခ) စက်မှုလက်မှုလုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းများ အတွက် ငွေရေးကြေးရေးတာဝန်များ ကျေပွန်စွာ ပြီးဆုံးသည့်တိုင်အောင် နည်းလမ်းတကျ ဆောင်ရွက်စေခြင်း အလို့ငှာ အာမခံပေးခြင်း၊

(ဂ) စက်မှုလက်မှုလုပ်ငန်းအပါအဝင် စီးပွားရေး လုပ်ငန်းများအတွက် စီမံခန့်ခွဲသူ၊ စက်မှုလက်မှု ကျွမ်းကျင်သူတို့နှင့် ယင်းတို့၏ အကြံဉာဏ်များကိုရရှိအောင် စီမံဆောင်ရွက်ခြင်း၊

(ဃ) စက်မှုလက်မှုလုပ်ငန်းအတွက် ငွေထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က မိမိအား တာဝန်လွှဲအပ်သော ငွေကြေးထောက်ပံ့ခြင်း လုပ်ငန်းကို အားပေး ချီးမြှင့်ခြင်း၊ ယင်းတို့နှင့် ဆက်စပ်နေသော၊ သို့မဟုတ်အထောက်အပံ့ဖြစ်သော ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ခြင်း။

# အခန်း (၉)

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

၄၉။ (က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် စီမံခန့်ခွဲမှုအဖွဲ့ကို အဖွဲ့ဝင် အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးဖြင့်ဖွဲ့စည်းရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်—

(၁) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏အကြီးအကဲ၊

(၂) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ ဒုတိယအကြီးအကဲ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ ကိုယ်စားလှယ်၊

(၄) သင့်လျော်သော နိုင်ငံသားများ။

၅၀။ (က) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အကြီးအကဲသည် စီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းဘဏ်၏ ဒုတိယအကြီးအကဲသည် အဖွဲ့၏ဒုတိယ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ဘဏ်ဝန်ထမ်းတဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၅၁။ စီမံခန့်ခွဲမှုအဖွဲ့သည်-

(က) ဤဥပဒေပါ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ်တရားများကို တာဝန်ယူဆောင်ရွက်ရမည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုအပ်သည့်မူဝါဒများချမှတ်၍ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ လုပ်ငန်းများကို ကြပ်မရမည်။

၅၂။ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၅၃။ (က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ မူလ မ,တည်ငွေရင်းသည် ကျပ်သန်းပေါင်း သုံးဆယ်ဖြစ်သည်။ ယင်းငွေကို နိုင်ငံတော်ကလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်ကလည်းကောင်း ရင်းနှီးမြှုပ်နှံငွေအပြည့် ထည့်ဝင်ရမည်၊

(ခ) မ,တည်ငွေကို နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာဥပဒေအရသာ တိုးနိုင်သည်။

၅၄။ (က) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တွင် သီးသန့်ရန်ပုံငွေရှိရမည်။ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများ ပါဝင်ရမည်-

(၁) နိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်တို့ကကနဦးထည့်ဝင်သောငွေများ၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့်ငွေထဲမှ သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းသည့်ငွေများ၊

(ခ) မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်က လုပ်ငန်းဆောင်ရွက်ရာတွင် ဖြည့်စွက်ရန်ငွေလိုလျှင် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

၅၅။ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောအခါ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာမှ ရရှိသည့်အသားတင်အမြတ်ငွေကို ကျပ်တသန်း အပြည့်စီ လီ၍ အောက်ပါအတိုင်း ခွဲဝေရမည်—

(က) သီးသန့်ရန်ပုံငွေသို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ဂ) နိုင်ငံတော်သို့ ငါးဆယ် ရာခိုင်နှုန်း၊

သို့ရာတွင် သီးသန့်ရန်ပုံငွေလက်ကျန်မှာ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ မှတည်ငွေနှင့်ညီမျှလျှင် သီးသန့်ရန်ပုံငွေသို့ ပေးသွင်းရမည့် ငွေပေါင်းကို ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ လေးဆယ် ရာခိုင်နှုန်းနှင့် နိုင်ငံတော်သို့ ခြောက်ဆယ် ရာခိုင်နှုန်း ပေးသွင်းရမည်။

၅၆။ မြန်မာ့ နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ငွေချေးယူနိုင်သည်။

၅၇။ မြန်မာ့ နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် ပြည်ပ ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့် နိုင်ငံခြား ငွေပေးငွေယူလုပ်ငန်းနှင့် ကုန်သွယ်မှုနှင့်မသက်ဆိုင်သောနိုင်ငံခြားငွေပေးငွေယူလုပ်ငန်းအဝဝတို့ကိုဆောင်ရွက်ရမည်။

၅၈။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် နိုင်ငံခြားသုံးငွေပေးချေမှု၊ လက်ခံမှုနှင့်စပ်လျဉ်း၍ သဘောတူ စာချုပ် ချုပ်ဆိုခြင်းများကို ဝန်ကြီးအဖွဲ့၊ သို့မဟုတ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ပြုလုပ်နိုင်သည်။

၅၉။ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် အောက်ပါလုပ်ငန်းများ ကို ဆောင်ရွက်ရမည်–

(က) နိုင်ငံခြားငွေ အဝင် အထွက်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဘဏ်၏ကိုယ်စား ကြီးကြပ်ခြင်း၊

(ခ) နိုင်ငံခြားငွေ ရောင်းဝယ်မှုအတွက် ကိုယ်စားလှယ်များကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ ခွင့်ပြုချက်အရခန့်ထား ခြင်း၊

(ဂ) နိုင်ငံအချင်းချင်း ကုန်ဖလှယ်မှုစာချုပ်အရငွေစာရင်းများ ထားရှိခြင်း။

# အခန်း (၁၀)

## မြန်မာ့စိုက်ပျိုးရေးဘဏ်

၆၀။ (က) မြန်မာ့စိုက်ပျိုးရေးဘဏ်စီမံခန့်ခွဲမှုအဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်-

(၁) မြန်မာ့စိုက်ပျိုးရေးဘဏ်၏ အကြီးအကဲ၊

(၂) မြန်မာ့စိုက်ပျိုးရေးဘဏ်၏ ဒုတိယအကြီးအကဲ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ ကိုယ်စားလှယ်၊

(၄) သင့်လျော်သော နိုင်ငံသားများ။

၆၁။ (က) မြန်မာ့စိုက်ပျိုးရေးဘဏ်၏ အကြီးအကဲသည် စီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းဘဏ်၏ ဒုတိယအကြီးအကဲသည် အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ဘဏ်ဝန်ထမ်းတဦးကို အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၆၂။ စီမံခန့်ခွဲမှုအဖွဲ့သည်—

(က) ဤဥပဒေပါ မြန်မာ့စိုက်ပျိုးရေးဘဏ်၏ လုပ်ပိုင်ခွင့်များနှင့် တာဝန် ဝတ်တရားများကို တာဝန်ယူ ဆောင်ရွက်ရမည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုအပ်သည့်မူဝါဒများချမှတ်၍ မြန်မာ့စိုက်ပျိုးရေးဘဏ်၏လုပ်ငန်းများကိုကြပ်မတ်ရမည်။

၆၃။ မြန်မာ့စိုက်ပျိုးရေးဘဏ်သည် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ် ညှိနှိုင်းပေးခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၆၄။ (က) မြန်မာ့ စိုက်ပျိုးရေးဘဏ်၏ မူလ မ,တည်ငွေရင်းသည် ကျပ်သန်းပေါင်းလေးဆယ်ဖြစ်သည်။ ယင်းငွေကို နိုင်ငံတော်ကလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်က လည်းကောင်း ရင်းနှီးမြှုပ်နှံငွေ အပြည့် ထည့်ဝင်ရမည်၊

(ခ) မ,တည်ငွေကိုနိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရသာ တိုးနိုင်သည်။

၆၅။ (က) မြန်မာ့စိုက်ပျိုးရေးဘဏ်တွင် သီးသန့်ရန်ပုံငွေ ရှိရမည်။ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများ ပါဝင်ရမည်—

(၁) နိုင်ငံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်တို့က ကနဦးထည့်ဝင်သောငွေများ၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့်ငွေထဲမှ သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းသည့် ငွေများ၊

(ခ) မြန်မာ့စိုက်ပျိုးရေးဘဏ်က လုပ်ငန်း ဆောင်ရွက်ရာတွင် ဖြည့်စွက်ရန်ငွေလိုလျှင် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

၆၆။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတွင် မြန်မာ့စိုက်ပျိုးရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာမှ ရရှိသည့် အသားတင်အမြတ်ငွေကို ကျပ်တသန်း အပြည့်စီ လီ၍ အောက်ပါအတိုင်း ခွဲဝေရမည်—

(က) သီးသန့်ရန်ပုံငွေသို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ဂ) နိုင်ငံတော်သို့ ငါးဆယ် ရာခိုင်နှုန်း၊

သို့ရာတွင် သီးသန့်ရန်ပုံငွေလက်ကျန်မှာ မြန်မာ့စိုက်ပျိုးရေးဘဏ်၏ မ,တည်ငွေနှင့် ညီမျှလျှင် သီးသန့်ရန်ပုံငွေသို့ ပေးသွင်းရမည့်ငွေပေါင်းကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သို့ လေးဆယ်ရာခိုင်နှုန်းနှင့်နိုင်ငံတော်သို့ ခြောက်ဆယ်ရာခိုင်နှုန်း ပေးသွင်းရမည်။

၆၇။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဘဏ်များကို ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းနိုင်သည်။

၆၈။ မြန်မာ့စိုက်ပျိုးရေးဘဏ်သည် နိုင်ငံပိုင် လယ်ယာ အဖွဲ့အစည်းများ၊ သမဝါယမလယ်ယာအဖွဲ့အစည်းများ၊ အစုစပ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဘဏ်များ၊ တောင်သူလယ်သမားနှင့် လယ်ယာအလုပ်သမားများအား နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်ချေးငွေများကို ထုတ်ချေးနိုင်သည်။

၆၉။ ချေးငွေများကို အောက်ပါ ကာလအပိုင်းအခြားအတိုင်း ထုတ်ချေးရမည်—

(က) နှစ်စဉ်ချေးငွေဖြစ်လျှင် တနှစ်အထိ၊

(ခ) နှစ်တိုချေးငွေဖြစ်လျှင် တနှစ်အထက်မှ လေးနှစ်အထိ၊

(ဂ) နှစ်ရှည်ချေးငွေဖြစ်လျှင် လေးနှစ်အထက်မှ အနှစ်နှစ်ဆယ်အထိ။

၇၀။ ပြန်လည်မပေးဆပ်သည့်ကြွေးများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံရယူနိုင်သည်။

၇၁။ (က) မြန်မာ့စိုက်ပျိုးရေးဘဏ်သည် ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ငွေချေးယူနိုင်သည်၊

(ခ) ချေးယူရရှိသည့်ငွေကို ဝန်ကြီးအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များဖြင့် ပြန်လည်ထုတ်ချေးခွင့်ရှိသည်။

၇၂။ မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မြန်မာ့စိုက်ပျိုးရေးဘဏ်က သော်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဘဏ်များကသော်လည်းကောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ထုတ်ချေးသော ငွေများနှင့်စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်းများမှာ မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ရသည့်ပြင် ရှိရင်းစွဲ ဥပဒေအရ တံဆိပ်ခေါင်းခွန်ပေးဆောင်ခြင်းမှလည်း ကင်းလွတ်စေရမည်။

## အခန်း (၁၁)

## ငွေစာရင်းများနှင့် စာရင်းစစ်ဆေးခြင်း

၇၃။ ဘဏ်များ၏ ဘဏ္ဍာရေးနှစ်သည် နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်ရမည်။

၇၄။ ဘဏ်များ၏ငွေစာရင်းများကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့က သတ်မှတ်သည့်အတိုင်း စစ်ဆေးရမည်။

၇၅။ (က) ဘဏ်အသီးသီးသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ပြုလုပ်ရမည်၊

(ခ) သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးသည့် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းတစောင်စီကိုဘဏ်အသီးသီး၏ နှစ်ချုပ်အစီရင်ခံစာနှင့်အတူ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ၆ လအတွင်း ဝန်ကြီးအဖွဲ့သို့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှတဆင့် တင်ပြရမည်။

# အခန်း (၁၂)

## အထွေထွေ

၇၆။ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့များ၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ အကျိုးခံစားခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၇၇။ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့တို့သည် တစ်ခုတခုသောကိစ္စကို ဆောင်ရွက်ရန် ကော်မီတီများကို ဖွဲ့စည်းနိုင်သည်။ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သင့်လျော်သလို သတ်မှတ်ပေးရမည်။

၇၈။ ဒါရိုက်တာအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့၊ သို့မဟုတ်ကော်မီတီတွင် နေရာတခုခုလစ်လပ်လျက်ရှိသည့် အကြောင်းကြောင့်အဖွဲ့၊ သို့မဟုတ် ကော်မီတီက ဆောင်ရွက်သောကိစ္စနှင့် မှုခင်းများသည် မပျက်ပြယ်စေရ။ ထို့ပြင် အဖွဲ့၊ သို့မဟုတ်ကော်မီတီကို အသစ်ဖွဲ့စည်းရန်လိုအပ်၍ ဖွဲ့စည်းရသည့်အခါဖျက်သိမ်းခြင်းခံရသည့်အဖွဲ့၊ သို့မဟုတ်ကော်မီတီ၏ ဆောင်ရွက်ခဲ့သောကိစ္စနှင့်မှုခင်းများသည် မပျက်ပြယ်စေရ။

၇၉။ ဘဏ်အသီးသီးသည် မိမိ၏ လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အဆောက်အဦနှင့် လုပ်ငန်းဥပစာများကို ဥပဒေနှင့်အညီရယူခြင်း၊ ပြုပြင်ထားရှိခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၀။ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ဒါရိုက်တာအဖွဲ့ဝင်များ၊အခြားဘဏ်အသီးသီး၏ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ကော်မီတီဝင်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

၁၁။ ဘဏ်အသီးသီးပိုင် ပစ္စည်းမှန်သမျှသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်။

၁၂။ ရှိရင်းစွဲဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်အသီးသီးသည် ဝင်ငွေခွန်ဖြစ်စေ၊ ကုန်သွယ်လုပ်ငန်းခွန်များကိုဖြစ်စေ ပေးဆောင်ရန်တာဝန် မရှိစေရ။

၁၃။ ရှိရင်းစွဲဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်အသီးသီး၏ ကြွေးမြီများကို တောင်းခံရယူရာတွင် နိုင်ငံတော်သို့ ပေးဆပ်ရမည့် ကြွေးမြီနှင့် အခွန်များမှတပါး အခြားကြွေးမြီနှင့် အခွန်အားလုံးထက် ဦးစားပေးရမည်။

၁၄။ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအခန်း ၁၀ (က) ပါပြဋ္ဌာန်းချက်များသည် ဘဏ်များနှင့် မသက်ဆိုင်စေရ။

၁၅။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားရှိ အပိုဒ် ၁၄၉ သည် ဘဏ်အသီးသီးက စွဲဆိုသည့်တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၁၆။ (က) ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်၊

(ခ) ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လုပ်ငန်းများအနက်မှ ဆိုင်သင့်ရာရာများကို ဤဥပဒေအရ တည်ထောင်သော ဘဏ်များက ရပိုင်ခွင့်နှင့်ကြွေးမြီ တာဝန်များနှင့်အတူ ဆက်ခံရမည်၊

(ဂ) ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ

ဘဏ်ကပြုလုပ်ခဲ့သည့်၊ သို့မဟုတ်ချုပ်ဆိုခဲ့သည့် သဘော တူစာချုပ်များသည် သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဆက်ခံသည့် ဘဏ်အသီးသီးက ပြုလုပ်သည့်၊ သို့မဟုတ် ချုပ်ဆိုသည့် သဘောတူစာချုပ်များ ဖြစ်သည်ဟုမှတ်ယူ ရမည်၊

(ဃ) ဤဥပဒေအရ တည်ထောင်သည့် ဘဏ်များစတင်တာဝန် ထမ်းဆောင်နိုင်သည်အထိ လက်ရှိပြည်ထောင်စုမြန်မာ နိုင်ငံဘဏ်သည် ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေအတည်ဖြစ်နေဘိသကဲ့သို့ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။

၈၇။ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံပြည်သူ့ဘဏ် ဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်နှင့် ယင်းဘဏ်၏ လုပ်ငန်းဌာနများ၏ ရန်ပုံငွေများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက် ဖြင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်သည်၊ သို့မဟုတ် ဤဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသော ဘဏ်အသီးသီးအားစီမံခန့်ခွဲ စေနိုင်သည်၊ သို့မဟုတ် သင့်လျော်အောင် ညှိနှိုင်းရှင်းလင်းနိုင်သည်၊ သို့မဟုတ် ညှိနှိုင်းရှင်းလင်းစေနိုင်သည်။

၈၈။ (က) ရုပ်သိမ်းလိုက်သည့် ဥပဒေအရဖြစ်စေ၊ အခြားလုပ်ပိုင် ခွင့် တခုခုအရဖြစ်စေ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့်စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင် သမျှ၊ သို့မဟုတ် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းမပြုသေး သမျှဆက်လက် အကျိုးသက်ရောက်စေရမည့်အပြင် ဤ ဥပဒေနှင့်အညီ ပြဋ္ဌာန်းသည့်နည်းဥပဒေများ၊ ထုတ်ပြန် သည့်စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်များ၊သို့မဟုတ် ညွှန်ကြားချက်များဖြစ်သည်ဟူ၍ မှတ်ယူရမည်၊

(ခ) ဆက်လက်အကျိုး သက်ရောက်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ သို့မဟုတ်

ညွှန်ကြားချက်များအရ ဆိုင်သင့်ရာရာ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဤဥပဒေအရတည်ထောင်ထား သော ဘဏ် အသီးသီးက အခါအားလျော်စွာ သတ်မှတ်သည့်အဖွဲ့အစည်း၊ သို့မဟုတ် ဝန်ထမ်းများက ကျင့်သုံးဆောင်ရွက်နိုင်သည်။

၇၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ စည်းမျဉ်းများ၊ စည်းကမ်းများကို ဝန်ကြီးအဖွဲ့ကလည်းကောင်း၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၀။ (က) မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကို ဖောက်ဖျက် ကျူးလွန်လျှင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တရားစွဲဆိုခြင်းခံရမည်၊

(ခ) မည်သူမဆိုပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ၅ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ စီရင်ခြင်းခံစေရမည်။

# အာမခံလုပ်ငန်းဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁ | နိဒါန်း | .... | .... | ၁၂၁ |
| ၂ | အခန်း (၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | .... | .... | ၁၂၂ |
| ၃ | အခန်း (၂)<br>တည်ထောင်ခြင်းနှင့်ရည်ရွယ်ချက် | .... | .... | ၁၂၄ |
| ၄ | အခန်း (၃)<br>တာဝန်နှင့်လုပ်ပိုင်ခွင့်များ | .... | .... | ၁၂၇ |
| ၅ | အခန်း (၄)<br>မှတည်ငွေများ | .... | .... | ၁၂၉ |
| ၆ | အခန်း (၅)<br>အာမခံလုပ်ငန်းများ | .... | .... | ၁၃၀ |
| ၇ | အခန်း (၆)<br>ငွေစာရင်းများနှင့်စာရင်းစစ်ဆေးခြင်း | .... | .... | ၁၃၂ |
| ၈ | အခန်း (၇)<br>အထွေထွေ | ... | .... | ၁၃၃ |

# အာမခံလုပ်ငန်းဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်တွင် အာမခံ လုပ်ငန်းများကိုစနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အလို့ငှါ လက်ရှိဘဏ်၏ အာမခံ လုပ်ငန်းဌာနကို ပြုပြင်ဖွဲ့စည်းရန် လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အာမခံလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **ကော်ပိုရေးရှင်း** ဆိုသည်မှာ မြန်မာ့ အာမခံလုပ်ငန်း ကော်ပိုရေးရှင်းကိုဆိုသည်၊

(ခ) **အာမခံလုပ်ငန်း** ဆိုသည်မှာ အသက်အာမခံနှင့် အထွေထွေ အာမခံလုပ်ငန်းများကိုဆိုသည်၊

(ဂ) **အသက်အာမခံ** ဆိုသည်မှာ လူ့အသက်အတွက် ထားရှိသော အာမခံစာချုပ်အရထုတ်ပေးထိုက်သောအာမခံငွေ ထုတ်ပေးရန် တာဝန်ယူခြင်းကိုဆိုသည်၊

(ဃ) **အထွေထွေအာမခံ** ဆိုသည်မှာ အသက်အာမခံနှင့် လူမှုဖူလုံရေးအာမခံတို့မှအပ မီးအာမခံ၊ ရေကြောင်းအာမခံ၊ လေကြောင်းအာမခံ၊ ယာဉ်အာမခံနှင့် အခြားအမျိုးမျိုးသော အာမခံများကို ဆိုသည်၊

(င) တဆင့်အာမခံ ဆိုသည်မှာ အာမခံသူက မိမိတာဝန်ယူထားသော အာမခံခြင်းကို အားလုံးသော်လည်းကောင်း၊ တစိတ်တဒေသ သော်လည်းကောင်း အခြားအာမခံသူအား လွှဲပေးခြင်းကိုဆိုသည်။

## အခန်း (၂)

## တည်ထောင်ခြင်းနှင့် ရည်ရွယ်ချက်

၃။ ဝန်ကြီးအဖွဲ့သည် အာမခံလုပ်ငန်းဆိုင်ရာကိစ္စအဝဝကို စနစ်တကျ ဆောင်ရွက်နိုင်ရန် လက်ရှိဘဏ်၏ အာမခံလုပ်ငန်းဌာနကို မြန်မာ့အာမခံလုပ်ငန်း ကော်ပိုရေးရှင်းအဖြစ် ပြင်ဆင်တည်ထောင်ရမည်။

၄။ (က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ကော်ပိုရေးရှင်းကို တာဝန်ယူကြီးကြပ်ကွပ်ကဲရမည်၊

(ခ) ကော်ပိုရေးရှင်းသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် လုပ်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲပိုင်ခွင့်နှင့် တရားစွဲခံပိုင်ခွင့်ရှိသော အဖွဲ့အစည်းဖြစ်သည်၊

(ဂ) ကော်ပိုရေးရှင်းကို စီမံခန့်ခွဲမှုအဖွဲ့ဖြင့် စီမံခန့်ခွဲရမည်။

၅။ (က) ကော်ပိုရေးရှင်း၏ စီမံခန့်ခွဲမှုအဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်-

(၁) ကော်ပိုရေးရှင်း၏ အကြီးအကဲ၊

(၂) ကော်ပိုရေးရှင်း၏ ဒုတိယအကြီးအကဲ၊
(၃) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ ကိုယ်စားလှယ်၊
(၄) သင့်လျော်သော နိုင်ငံသားများ။

၆။ (က) ကော်ပိုရေးရှင်း၏ အကြီးအကဲသည် စီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယ အကြီးအကဲသည် အဖွဲ့၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ကော်ပိုရေးရှင်း ဝန်ထမ်းတဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၇။ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏အကျိုးခံစားခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၈။ (က) ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံကိုရှိရင်းစွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရေးဆွဲဆောင်ရွက်ရမည်၊

(ခ) ကော်ပိုရေးရှင်း၏ ရုံးချုပ်ကို ရန်ကုန်မြို့တော်တွင်ထားရှိရမည်၊

(ဂ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဖွဲ့စည်းပုံအတွင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရုံးခွဲများဖွင့်လှစ်နိုင်သည်၊ သို့မဟုတ် ကိုယ်စားလှယ်များ ခန့်ထားနိုင်သည်။

၉။ ကော်ပိုရေးရှင်းကို အောက်ပါရည်ရွယ်ချက်များဖြင့်တည်ထောင်ထားရှိသည် —

(က) ဖြစ်ပျက်တတ်သော ဘေးအန္တရာယ်များကြောင့် ပြည်သူများကြုံတွေ့နိုင်သည့် လူမှုရေး၊ စီးပွားရေး နစ်နာဆုံးရှုံးမှုများကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ ငွေကြေးအားဖြင့် ပြေလည်မှုရရှိစေရန်၊

(ခ) ပြည်သူအားလုံးနှင့်အကျုံးဝင်သော အာမခံစနစ်ဖြစ်လာစေရန်၊

(ဂ) ပြည်သူများ ယုံကြည်ကိုးစားသည့် အာမခံလုပ်ငန်းဖြစ်လာစေရန်နှင့် စနစ်တကျတိုးတက်စေရန်၊

(ဃ) လူတဦးစီအလိုက် ငွေစုဆောင်းသည့်အလေ့အထ တိုးပွားစေပြီး ဆိုရှယ်လစ်အရင်းအနှီးစုဆောင်းမှုကို အထောက်အကူပြုစေရန်။

# အခန်း (၃)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ (က) စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေတွင်ပါရှိသည့် တာဝန်ဝတ်တရားများနှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်၊

(ခ) ဤဥပဒေနှင့်အညီပြဋ္ဌာန်းသော နည်းဥပဒေများ၊ ထုတ်ပြန်သောစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများပါ တာဝန်ဝတ်တရားများနှင့် လုပ်ပိုင်ခွင့်များကိုလည်း ဆောင်ရွက်ရမည်။

၁၁။ စီမံခန့်ခွဲမှုအဖွဲ့သည် တစုံတခုသောကိစ္စကို ဆောင်ရွက်ရန် ကော်မီတီများကိုဖွဲ့စည်းနိုင်သည်။ တာဝန်ဝတ်တရားများနှင့် လုပ်ပိုင်ခွင့်များကို သင့်လျော်သလိုသတ်မှတ်ပေးရမည်။

၁၂။ စီမံခန့်ခွဲမှုအဖွဲ့၊ သို့မဟုတ် ကော်မီတီတွင် နေရာတခုခုလစ်လပ်လျက်ရှိသည့်အကြောင်းကြောင့် အဖွဲ့၊ သို့မဟုတ် ကော်မီတီကဆောင်ရွက်သောကိစ္စနှင့်မှုခင်းများသည် မပျက်ပြယ်စေရ။ ထို့ပြင် အဖွဲ့၊သို့မဟုတ် ကော်မီတီကို အသစ်ဖွဲ့စည်းရန်လိုအပ်၍ ဖွဲ့စည်းရသည့်အခါတွင်ဖျက်သိမ်း

ခြင်းခံရသည့်အဖွဲ့၊ သို့မဟုတ် ကော်မီတီက ဆောင်ရွက်ခဲ့သော ကိစ္စနှင့် ပူးခြင်းများသည် မပျက်ပြယ်စေရ။

၁၃။ (က) အာမခံလုပ်ငန်းမှ အာမခံကြေးဝင်ငွေများကိုနိုင်ငံတော်၏ ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံထားနိုင်သည်၊

(ခ) အခြားရင်းနှီးမြှုပ်နှံရန် ကိစ္စများကိုစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၄။ စစ်သည်မှအပ ဝန်ထမ်းများသည် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း အသက်အာမခံထားရှိရမည်။

၁၅။ နိုင်ငံတွင်းရှိ စက်တပ်ယာဉ်အားလုံးသည် သူတပါး ထိခိုက်မှုအာမခံထားရှိရေးအတွက် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

# အခန်း (၄)

## မှတည်ငွေများ

၁၆။ (က) ကော်ပိုရေးရှင်း၏ မူလ မှတည်ငွေရင်းသည် ကျပ်သိန်းပေါင်း တဆယ်ဖြစ်သည်။ ယင်းငွေကို နိုင်ငံတော်က အပြည့်ထည့်ဝင်ရမည်၊

(ခ) မှတည်ငွေကို နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရသာတိုးနိုင်သည်။

၁၇။ (က) ကော်ပိုရေးရှင်းတွင် သီးသန့်ရန်ပုံငွေရှိရမည်။ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများပါဝင်ရမည်

(၁) နိုင်ငံတော်က ကနဦးထည့်ဝင်သောငွေများ၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့်ငွေထဲမှ သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းသည့်ငွေများ၊

(ခ) ကော်ပိုရေးရှင်း၏လုပ်ငန်းဆောင်ရွက်ရာတွင် လိုသည့်ငွေကို ဖြည့်စွက်ရန် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

# အခန်း (၅)

## အာမခံလုပ်ငန်းများ

၁၈။ နိုင်ငံတော်အတွင်း အသက်အာမခံလုပ်ငန်း၊ အထွေထွေအာမခံလုပ်ငန်းနှင့် တဆင့်အာမခံလုပ်ငန်းအမျိုးမျိုးကို ကော်ပိုရေးရှင်းမှတပါး အခြားမည်သူမျှမလုပ်ရ။

၁၉။ နိုင်ငံတော်ကဖြစ်စေ၊ ကော်ပိုရေးရှင်းကဖြစ်စေ အာမခံပေါ်လစီရှင်ပေါ်တွင်တင်ရှိသောကြွေးမြီမှတပါး ပေါ်လစီရှင်ကခံယူသည့် အခြားကြွေးမြီ၊ သို့မဟုတ် ကြွေးမြီတာဝန်တခုခုနှင့်စပ်လျဉ်း၍ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသောနည်းဥပဒေများ၊ ထုတ်ပြန်သောစည်းမျဉ်းများ၊ စည်းကမ်းများအရဖြစ်စေ ပေါ်လစီရှင်သို့ထုတ်ပေးရမည့်ပေါ်လစီငွေများကို မည်သည့်တရားစီရင်ရေးအဖွဲ့ကမဆို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေဖြင့်သော် လည်းကောင်းချမှတ်သောအမိန့်၊ သို့မဟုတ် ဒီကရီအရ ဝရမ်းမကပ်ရ။

၂၀။ မည်သည့်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေအရပြုလုပ်သည့် အာမခံပေါ်လစီတိုင်းအတွက် အာမခံထားသူက သတ်မှတ်သည့်သူသာလျှင် အကျိုးခံစားခွင့်ရှိစေရမည်။

၂၁။ မည်သည့်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အရွယ်မရောက်သူက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရပြုလုပ်သည့် အသက်အာမခံပဋိညာဉ်စာချုပ်သည် အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ အသက်အာမခံကုမ္ပဏီများ အက်ဥပဒေနှင့် အာမခံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များသည် ကော်ပိုရေးရှင်းနှင့် မသက်ဆိုင်စေရ။

## အခန်း (၆)

## ငွေစာရင်းများနှင့်စာရင်းစစ်ဆေးခြင်း

၂၃။ ကော်ပိုရေးရှင်း၏ဘဏ္ဍာရေးနှစ်သည် နိုင်ငံတော်၏ဘဏ္ဍာရေးနှစ်အတိုင်းဖြစ်ရမည်။

၂၄။ ကော်ပိုရေးရှင်း၏ငွေစာရင်းများကို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကသတ်မှတ်သည့်အတိုင်း စစ်ဆေးရမည်။

၂၅။ (က) ကော်ပိုရေးရှင်းသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကသတ်မှတ်သည့်အတိုင်း ပြုလုပ်ရမည်၊

(ခ) သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့က မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးသည့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ကော်ပိုရေးရှင်း၏နှစ်ချုပ်အစီရင်ခံစာနှင့်အတူ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ၆ လအတွင်း ဝန်ကြီးအဖွဲ့သို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတဆင့် တင်ပြရမည်။

# အခန်း (၇)

## အထွေထွေ

၂၆။ ကော်ပိုရေးရှင်း၏ စီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် ကော်မီတီဝင်များ သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ ကော်ပိုရေးရှင်းပိုင် ပစ္စည်းမှန်သမျှသည် နိုင်ငံတော်ပိုင် ပစ္စည်း ဖြစ်သည်။

၂၈။ ရှင်းတွဲဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ကော်ပိုရေး ရှင်း၏ ကြွေးမြီများကို တောင်းခံရယူရာတွင် နိုင်ငံတော်သို့ပေးဆပ်ရမည့် ကြွေးမြီနှင့်အခွန်များမှတပါး အခြားကြွေးမြီနှင့် အခွန်အားလုံးထက် ဦးစားပေးရမည်။

၂၉။ အသက်အာမခံရရန်ပိုင်ခွင့်များနှင့်ပေးရန်တာဝန်များကိုအသက် အာမခံသချာနည်းအရ စီမံကိန်းနှစ်များအလိုက် လေးနှစ်တကြိမ် တန်ဘိုး ဖြတ်ပေးရမည်။

၃၀။ စည်းမျဉ်း၊ စည်းကမ်းချက်များနှင့်ကိုက်ညီသော အာမခံတောင်း ခံငွေများကို အမြန်ဆုံးထုတ်ပေးရမည်။ တောင်းခံလွှာ ရရှိသည့်နေ့မှစ၍ တနှစ်ကာကျမကျော်လွန်စေရ။

၃၁။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားရှိ အပိုဒ် ၁၄၉ သည် ကော်ပိုရေးရှင်းက စွဲဆိုသည့်တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၃၂။ (က) ဘဏ်ဥပဒေအရ ရုပ်သိမ်းလိုက်သော ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ်၏လုပ်ငန်းများအနက်မှ အာမခံလုပ်ငန်းများကို ရပိုင်ခွင့်နှင့်ကြွေးမြီတာဝန်များနှင့်အတူ ကော်ပိုရေးရှင်းက ဆက်ခံရမည်၊

(ခ) ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်က အာမခံလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြုလုပ်ခဲ့သည့်၊ သို့မဟုတ် ချုပ်ဆိုခဲ့သည့် သဘောတူ စာချုပ်များ၊ ပေါ်လစီများသည် ဆက်ခံသူကော်ပိုရေးရှင်းက ပြုလုပ်သည့်၊ သို့မဟုတ် ချုပ်ဆိုသည့်သဘောတူ စာချုပ်များ၊ ပေါ်လစီများဖြစ်သည်ဟု မှတ်ယူရမည်၊

(ဂ) ကော်ပိုရေးရှင်း စတင် တာဝန် ထမ်းဆောင်သည်အထိ လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သည် ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေအတည်ဖြစ်နေဘိသကဲ့သို့ အာမခံလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၃၃။ (က) ရုပ်သိမ်းလိုက်သည့် ဥပဒေအရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တခုခုအရဖြစ်စေ ပြဋ္ဌာန်းသည့်နည်းဥပဒေများ၊ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ၊ သို့မဟုတ် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း မပြုသေးသမျှ ဆက်လက်အကျိုးသက်ရောက် စေရမည့်အပြင် ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊

အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များဖြစ်သည်ဟူ၍ မှတ်ယူရမည်၊

(ခ) ဆက်လက် အကျိုးသက်ရောက်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များအရ ဆိုင်သင့်ရာသူ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကိုကောာ်ပိုရေးရှင်းကအခါအားလျော်စွာ သတ်မှတ်သည့်အဖွဲ့အစည်းများ၊ သို့မဟုတ် ဝန်ထမ်းများက ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်ရန်အလို့ငှါ စည်းမျဉ်းများ၊ စည်းကမ်းများကို ဝန်ကြီးအဖွဲ့ကလည်းကောင်း၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း ထုတ်ပြန်နိုင်သည်။

# မြန်မာစာအဖွဲ့ဥပဒေ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း ---- ---- ---- ---- | ၁၄၁ |
| ၂ | အခန်း (၁) ---- ---- ---- ---- <br> အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁၄၂ |
| ၃ | အခန်း(၂) ---- ---- ---- ---- <br> ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက် | ၁၄၃ |
| ၄ | အခန်း (၃) ---- ---- ---- ---- <br> အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၄၅ |
| ၅ | အခန်း (၄) ---- ---- ---- ---- <br> အဖွဲ့၏ ဘဏ္ဍာရေးစည်းကမ်း | ၁၄၇ |
| ၆ | အခန်း (၅) ---- ---- ---- ---- <br> အထွေထွေ | ၁၄၉ |

# မြန်မာစာအဖွဲ့ ဥပဒေ

[ ၁၉၇၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၁]

## နိဒါန်း

မြန်မာစာရေးသားရာတွင် မြန်မာ ဗျည်း သရ အက္ခရာ၊ မြန်မာဝေါဟာရတို့၏ စာလုံးပေါင်း သတ်ပုံ၊ အနက်အဓိပ္ပာယ်၊ အသံထွက်၊ သဒ္ဒါနှင့်ဝါကျဖွဲ့ထုံးတို့ ထုံးမိစံမျှ မှန်ကန်တိကျရေး၊ အစွန့်ရှည်စွာ တည်တံ့ရေးနှင့် မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာစာအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အဖွဲ့ဆိုသည်မှာ ဗဟိုတွင် ဖွဲ့စည်းထားသော မြန်မာစာအဖွဲ့ကို ဆိုသည်။

# အခန်း (၂)

## ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

၃။ (က) ဝန်ကြီးအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ကို ဖွဲ့စည်းရမည်—

(၁) ဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန၊
(၂) ဒုတိယဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန၊
(၃) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာအဖွဲ့၊
(၄) ညွှန်ကြားရေးမှူးချုပ်၊ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန၊
(၅) ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန၊
(၆) ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံသမိုင်းသုတေသန ဦးစီးဌာန၊
(၇) ညွှန်ကြားရေးမှူးချုပ်၊ အထက်တန်းပညာ ဦးစီးဌာန၊
(၈) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊

(၉) ညွှန်ကြားရေးမှူး၊ ပညာရေးသုတေသနအဖွဲ့၊

(၁၀) ပါမောက္ခ သို့မဟုတ် ဌာနမှူး၊ မြန်မာစာဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်၊

(၁၁) ပါမောက္ခ သို့မဟုတ် ဌာနမှူး၊ မြန်မာစာဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး၊

(၁၂) ပါမောက္ခ သို့မဟုတ် ဌာနမှူး၊ အရှေ့တိုင်းပညာဌာန၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ မန္တလေး၊

(၁၃) အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးများ၊ မြန်မာစာအဖွဲ့၊

(၁၄) ဝန်ကြီးအဖွဲ့က ခန့်ထားသည့် သင့်လျော်သော နိုင်ငံသားများ။

(ခ) ဝန်ကြီးအဖွဲ့သည် ပညာရေးဝန်ကြီးဌာနဝန်ကြီးကို ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာ အဖွဲ့ကို ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း တာဝန်ပေး ရမည်၊

(ဂ) ပုဒ်မခွဲ(က) အပိုဒ် (၁၄) အရ ခန့်ထားသည့် အဖွဲ့ဝင် များ၏ ဦးရေနှင့် ယင်းတို့၏သက်တမ်းကို ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးရမည်၊

(ဃ) အဖွဲ့သည် ပညာရေးဝန်ကြီးဌာနကို တာဝန်ခံရမည်။

၄။ အဖွဲ့ကို အောက်ပါ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းထားရှိသည် —

(က) မြန်မာ ဗျည်းသရ အက္ခရာ၊ မြန်မာဝေါဟာရတို့၏ စာလုံး ပေါင်းသတ်ပုံ၊ အနက်အဓိပ္ပာယ်၊ အသံထွက်၊ သဒ္ဒါနှင့် ဝါကျဖွဲ့ထုံးတို့ ထုံးမီစံမျှ မှန်ကန်တိကျစေရန်နှင့် အစွန်း ရှည်စွာ တည်တံ့စေရန်၊

(ခ) မြန်မာစာ ဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း (၃)

## အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဝေါဟာရ ပြည့်စုံသော၊ စာလုံးပေါင်း သတ်ပုံ အရာ၌ ထုံးမိစံမျှ ဖြစ်သော၊ အနက်အဓိပ္ပာယ် မှန်ကန်တိကျသော အကိုးအထောက် ခိုင်မာစုံလင်သော၊ ခေတ်မီစနစ်ကျသော မြန်မာအဘိဓာန်ကျမ်းများ ပြုစုခြင်း၊

(ခ) မြန်မာစာအရေးအသား မှန်ကန်မှု၊ ရှင်းလင်းမှု၊ ကျစ်လစ်မှု၊ ထိမိမှုကို အထောက်အကူဖြစ်စေနိုင်မည့် မြန်မာသဒ္ဒါကျမ်းများ ပြုစုခြင်း။

၆။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လိုအပ်သောအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ခ) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ နိုင်ငံတော်၏ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) ပုဂ္ဂလိကပိုင် စာအုပ်များ၊ စာမူများကို လိုအပ်သည့်အခါ မူပိုင်ဝယ်ယူ၍ အသုံးပြုခြင်း၊

(ဃ) မည်သူအားမဆို သင့်လျော်သည့် ညာဏ်ပူဇော်ခ ချီးမြှင့်၍ စာအုပ်စာတမ်း ပြုစုစေခြင်း၊

(င) အဖွဲ့၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေခြင်းငှာ ဝန်ကြီးအဖွဲ့က လိုအပ်သလို အပ်နှင်းသော အခြားလုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

၇။ အဖွဲ့က ပြုစုထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံတော်၏မူပိုင် ဖြစ်သည်။

# အခန်း (၄)

## အဖွဲ့၏ ဘဏ္ဍာရေးစည်းကမ်း

၁။ အဖွဲ့၏ ဝင်ငွေ ထွက်ငွေများနှင့် စပ်လျဉ်း၍ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းကို ပညာရေးဝန်ကြီးဌာနသို့ တင်သွင်းရမည်။

၂။ အဖွဲ့သည် ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်။

## အခန်း (၅)

## အထွေထွေ

၁၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သည့်စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့က လိုအပ်သလို ထုတ်ပြန်နိုင်သည်။

၁၁။ (က) ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာစာကော်မီရှင်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင်သည် မြန်မာစာအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည်အထိ ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာစာကော်မီရှင်ဥပဒေ အတည်ဖြစ်နေဘိသကဲ့သို့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်၊

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင်၏ရပိုင်ခွင့်၊ ကြွေးမြီတာဝန်နှင့် လုပ်ငန်းများကို ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာစာအဖွဲ့က ဆက်ခံရမည်။

# ပြည်သူ့ကိုယ်စားလှယ်များ၏
# ခံစားခွင့်ဥပဒေ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... .... | ၁၅၃ |
| ၂ | အခန်း (၁) | |
| | အမည်၊ အာဇာတည်ခြင်းနှင့် အဓိပ္ပာယ် ဖော်ပြချက် | ၁၅၄ |
| ၃ | အခန်း (၂) | |
| | ထောက်ပံ့ကြေး .... .... | ၁၅၆ |
| ၄ | အခန်း (၃) | |
| | ချီးမြှင့်ငွေ .... .... .... | ၁၅၉ |
| ၅ | အခန်း (၄) | |
| | လုပ်ငန်းကုန်ကျစရိတ် .... .... | ၁၆၀ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | အခန်း (၅) | |
| | ကရုဏာကြေး .... | ၁၆၁ |
| ၇ | အခန်း (၆) | |
| | အခြားခံစားခွင့်များ .... .... | ၁၆၃ |
| ၈ | အခန်း (၇) | |
| | အထွေထွေ .... | ၁၆၇ |
| ၉ | နောက်ဆက်တွဲဇယားများ— | |
| | ဇယား (က) ကရုဏာကြေးရာခိုင်နှုန်းဖော်ပြချက် | ၁၇၀ |
| | ဇယား (ခ) နေ့တွက်စရိတ်များ .... | ၁၇၁ ၇၂ |
| | ဇယား (ဂ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ခရီးစရိတ်နှင့် အခြားခံစားခွင့်များ။ | |
| | ဇယား (ဃ) ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ ပြည်သူ့ကိုယ်စားလှယ်များ၏ ခရီးစရိတ်နှင့် အခြားခံစားခွင့်များ။ | |

# ပြည်သူ့ကိုယ်စားလှယ်များ၏ခံစားခွင့်ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၂]

## နိဒါန်း

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ပြည်သူ့ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးကို သည်ပိုးထမ်းဆောင် ကြရသည့် လုပ်ငန်းတာဝန်နှင့် လျော်ညီသော ခံစားခွင့်များ ရရှိစေရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့ ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အဆင့်တခုခုသို့ ရွေးချယ်တင်မြှောက်ခြင်း ခံရသော ပုဂ္ဂိုလ်တဦးကိုဆိုသည်။ ဤစကားရပ်တွင် ပြည်သူ့ကောင်စီ အဆင့် တခုခု၌ နိုင်ငံတော်ကောင်စီက ယာယီဖွဲ့စည်းတာဝန် ပေးအပ်သော ပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ခ) ထောက်ပံ့ကြေး ဆိုသည်မှာနိုင်ငံတော်သမ္မတ အပါအဝင် နိုင်ငံတော်ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်၊ တိုင်းနှင့်

မြို့နယ်အဆင့်ဆင့် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ အဖွဲ့ဝင်များ အတွက် သတ်မှတ် ထားသည့် လစဉ်ခံစားခွင့်ကိုဆိုသည်။

(ဂ) ချီးမြှင့်ငွေ ဆိုသည်မှာ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ အတွက် သတ်မှတ်ထားသည့် လစဉ်ခံစားခွင့်ကိုဆိုသည်။

(ဃ) လုပ်ငန်းကုန်ကျစရိတ် ဆိုသည်မှာ ထောက်ပံ့ကြေးရယူ ခံစားသည့် ပြည်သူ့ ကိုယ်စားလှယ်များမှ အစ လွှတ်တော်နှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်ပြည်သူ့ကောင်စီ-များရှိ ပြည်သူ့ ကိုယ်စားလှယ်များ လုပ်ငန်းတာဝန် ကိစ္စအဝဝကို ထမ်းဆောင်ရာတွင် ကုန်ကျစရိတ်အတွက် သတ်မှတ်ထားသည့် သုံးလတကြိမ် ခံစားခွင့်ကို ဆို လိုသည်။

(င) စနေရာထိုင်ခင်းစရိတ် ဆိုသည်မှာ နေအိမ်၊ ဥယျာဉ်၊ အိမ်ထောင်ပရိဘောဂ၊ လျှပ်စစ်မီးနှင့် အိမ်အကူတို့ အတွက် ကုန်ကျစရိတ်များကိုဆိုလိုသည်။

(စ) အသေးသုံးစရိတ် ဆိုသည်မှာ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမှအပ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များ အတွက်သတ်မှတ်ထားသည့် ပြည်သူ့ကောင်စီ အစည်း အဝေးကျင်းပသည့် အကြိမ်တိုင်း ခံစားခွင့်ကို ဆိုသည်။

# အခန်း (၂)

## ထောက်ပံ့ကြေး

၄။ နိုင်ငံတော်သမ္မတအတွက် လစဉ်ထောက်ပံ့ကြေးမှာ ကျပ် ၃၅၀၀ ဖြစ်သည်။ ယင်းထောက်ပံ့ကြေးအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်။

၅။ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းတို့တွင် တာဝန်ထမ်းဆောင်ကြရသော ပြည်သူ့ကိုယ်စားလှယ်များ အတွက် လစဉ် ထောက်ပံ့ကြေးမှာ အောက်ပါအတိုင်းဖြစ်သည်—

| | | |
|---|---|---|
| (က) | နိုင်ငံတော်ကောင်စီအတွင်းရေးမှူး .... | ကျပ် ၃၀၀၀ |
| (ခ) | ဝန်ကြီးချုပ် .... .... | ကျပ် ၃၀၀၀ |
| (ဂ) | နိုင်ငံတော်ကောင်စီဝင် .... | ကျပ် ၂၅၀၀ |
| (ဃ) | ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ .... | ကျပ် ၂၅၀၀ |
| (င) | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ.... | ကျပ် ၂၅၀၀ |
| (စ) | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ.... | ကျပ် ၂၅၀၀ |
| (ဆ) | ဒုတိယဝန်ကြီးချုပ် .... | ကျပ် ၂၃၀၀ |
| (ဇ) | ဝန်ကြီးအဖွဲ့ဝင် .... .... | ကျပ် ၂၀၀၀ |

(ဈ) ပြည်သူ့တရားသူကြီးအဖွဲ့ဝင် .... ကျပ် ၂၀၀၀

(ည) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင် .... ကျပ် ၂၀၀၀

(ဋ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် .... ကျပ် ၂၀၀၀

၆။ ဒုတိယဝန်ကြီးအတွက် လစဥ်ထောက်ပံ့ကြေးမှာ ကျပ် ၁၀၀၀ ဖြစ်သည်။

၇။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီများတွင် တာဝန်ထမ်းဆောင်ကြသော ပြည်သူ့ ကိုယ်စားလှယ်များ အတွက် လစဥ်ထောက်ပံ့ကြေးမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ကျပ် ၁၃၀၀

(ခ) တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ... ကျပ် ၁၂၀၀

(ဂ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ... ကျပ် ၁၂၀၀

(ဃ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီ အတွင်းရေးမှူး ကျပ် ၁၁၀၀

(င) ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ကျပ် ၉၀၀

(စ) တရားသူကြီးအဖွဲ့ဝင် .... ကျပ် ၉၀၀

(ဆ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် .... ကျပ် ၉၀၀

၈။ မြို့နယ် ပြည်သူ့ကောင်စီများတွင် တာဝန် ထမ်းဆောင်ကြသော ပြည်သူ့ကိုယ်စားလှယ်များအတွက် လစဥ်ထောက်ပံ့ကြေးမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ .... ကျပ် ၆၀၀

(ခ) တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ .... ကျပ် ၅၅၀

(ဂ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ .... ကျပ် ၅၅၀

(ဃ) မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး .... ကျပ် ၅၀၀

(င) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင် .... ကျပ် ၄၅၀

(စ) တရားသူကြီးအဖွဲ့ဝင် .... ကျပ် ၄၅၀

(ဆ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် .... ကျပ် ၄၅၀

၉။ လစဉ်ထောက်ပံ့ကြေး ခံစားခွင့်ရှိသည့် ပြည်သူ့ကိုယ်စားလှယ်များသည် ဝန်ကြီးအဖွဲ့မှ အခါအားလျော်စွာ ခွင့်ပြုသည့် ဒေသန္တရ ခရီးစရိတ်များကိုလည်း ခံစားခွင့်ရှိသည်။

၁၀။ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံကြရသည့် ဝန်ထမ်းများသည် မိမိတို့ ရရှိခံစားနေသည့် လစာနှင့် ပြည်သူ့ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် ထောက်ပံ့ကြေးခံစားခွင့် နှစ်ရပ်အနက် ကြိုက်နှစ်သက်ရာတရပ်ကို ခံစားခွင့်ရှိသည်။

၁၁။ ပြည်သူ့ ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် အငြိမ်းစားဝန်ထမ်းများသည် ပြည်သူ့ ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် ထောက်ပံ့ကြေးခံစားခွင့်အပြင် မိမိတို့၏ အငြိမ်းစား လစာကိုပါ ခံစားခွင့်ရှိသည်။

၁၂။ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် အငြိမ်းစားဝန်ထမ်းတဦးအား နိုင်ငံတော်ကောင်စီက ဝန်ထမ်းအဖွဲ့အစည်း တရပ်ရပ်တွင် နိုင်ငံရေးအရ တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းဖြစ်ပါက တာဝန်ထမ်းဆောင်ရသည့် ရာထူးမှ ရရှိသည့်လစာအပြင် အငြိမ်းစား လစာကိုပါ ခံစားခွင့်ရှိသည်။

# အခန်း (၃)

## ချီးမြှင့်ငွေ

၁၃။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ အတွက် လစဉ်ချီးမြှင့်ငွေမှာ ကျပ် ၁၀၀ ဖြစ်သည်။

(ခ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအတွင်းရေးမှူး အတွက် လစဉ်ချီးမြှင့်ငွေမှာ ကျပ် ၈၀ ဖြစ်သည်။

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ချီးမြှင့်ငွေအပေါ် ဝန်ကြီးအဖွဲ့မှ အခါအားလျော်စွာ ခွင့်ပြုသည့် ဒေသန္တရ ရှားပါးစရိတ် များကိုလည်း ခံစားခွင့်ရှိသည်။

၁၄။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဝန်ထမ်းများ သည် မိမိတို့ရရှိသော လစာအပြင် ချီးမြှင့်ငွေကိုလည်း ခံစားနိုင်ခွင့်ရှိသည်။ သို့ရာတွင် လစာအပေါ် ခံစားခွင့်ရှိသော ဒေသန္တရ ရှားပါးစရိတ်နှင့် ချီးမြှင့်ငွေအပေါ် ခံစားခွင့်ရှိသော ဒေသန္တရ ရှားပါးစရိတ် နှင့်ရှိပ်အနက် ကြိုက်နှစ်သက်ရာ ဒေသန္တရ ရှားပါးစရိတ်တရပ်ကိုသာ ခံစားခွင့်ရှိသည်။

# အခန်း - (၄)

## လုပ်ငန်းကုန်ကျစရိတ်

၁၅။ လစဉ် ထောက်ပံ့ကြေး ခံစားခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များမှအပ လွှတ်တော်ကိုယ်စားလှယ်များသည် သုံးလလျှင် တကြိမ် လုပ်ငန်းကုန်ကျစရိတ် ကျပ် ၇၅၀ ခံစားခွင့်ရှိသည်။

၁၆။ လစဉ် ထောက်ပံ့ကြေး ခံစားခွင့်ရှိသည့် ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ ကိုယ်စားလှယ်များမှအပ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီဝင်များသည် သုံးလလျှင်တကြိမ် လုပ်ငန်းကုန်ကျစရိတ် ကျပ် ၃၀၀ ခံစားခွင့်ရှိသည်။

၁၇။ လစဉ်ထောက်ပံ့ကြေး ခံစားခွင့်ရှိသည့် မြို့နယ်ပြည်သူ့ကောင်စီ ကိုယ်စားလှယ်များမှအပ မြို့နယ်ပြည်သူ့ကောင်စီဝင်များသည် သုံးလလျှင် တကြိမ် လုပ်ငန်းကုန်ကျစရိတ် ကျပ် ၁၅၀ ခံစားခွင့်ရှိသည်။

၁၈။ ပြည်သူ့ ကိုယ်စားလှယ်များအတွက် ခွင့်ပြုထားသည့်လုပ်ငန်းကုန်ကျစရိတ်အပေါ်တွင် ဝင်ငွေခွန် ပယ်ဖျက်ခြင်းမှ ကင်းလွတ်စေရမည်။

# အခန်း (၅)

## ကရုဏာကြေး

၁၉။ ပြည်သူ့ကိုယ်စားလှယ်များသည် သောင်းကျန်းသူများ၏ လက်ချက်ကြောင့်—

(က) အသက်ဆုံးရှုံးလျှင် သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိ၍ အလုပ်လုပ်ကိုင်နိုင်သည့်စွမ်းအား ဆုံးရှုံးမှုသည် ရာခိုင်နှုန်းပြည့်ဖြစ်လျှင် အောက်ပါ ကရုဏာကြေးကိုခံစားခွင့်ရှိသည်—

| | | | |
|---|---|---|---|
| (၁) | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် | ကျပ် | ၁၀၀၀၀ |
| (၂) | ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင် | ကျပ် | ၇၅၀၀ |
| (၃) | မြို့နယ် ပြည်သူ့ကောင်စီဝင် .... | ကျပ် | ၆၀၀၀ |
| (၄) | ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဝင် | ကျပ် | ၅၀၀၀ |

(ခ) ထိခိုက်ဒဏ်ရာရရှိ၍ အလုပ် လုပ်ကိုင်နိုင်သည့် စွမ်းအား ဆုံးရှုံးမှုသည် ရာခိုင်နှုန်း တစ်ရာ အောက် လျော့နည်း၍

သတ်မှတ်ခြင်းခံရလျှင် အထက် ပုဒ်မခွဲ (က) ပါ ကရုဏာကြေးကိုအခြေခံလျက် နောက်ဆက်တွဲ ဇယား "က" တွင် ဖေါ်ပြထားသော အလုပ် လုပ်ကိုင်နိုင်သည့် စွမ်းအားဆုံးရှုံးမှု ရာခိုင်နှုန်းအလိုက် အချိုးကျခံစားခွင့်ရှိသည်။

၂၀။ ပြည်သူ့ ကိုယ်စားလှယ်များသည် သောင်းကျန်းသူများ၏လက်ချက်မှအပ အခြားအကြောင်း ကိစ္စရပ်များကြောင့် အသက်ဆုံးရှုံးလျှင်သို့မဟုတ်ထိခိုက်ဒဏ်ရာရရှိလျှင် ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ထမ်းများခံစားခွင့်ထက် မလျော့နည်းသောခံစားခွင့်ကို နိုင်ငံတော်ကောင်စီက သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။

၂၁။ ပြည်သူ့ကိုယ်စားလှယ်တဦးသည် အသက်ဆုံးရှုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းမှာပြည်သူ့ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းကြောင့်မဟုတ်ပဲ မိမိ၏ပရောဂကြောင့် အသက်ဆုံးရှုံးခြင်း သို့မဟုတ် ဒဏ်ရာရရှိခြင်းဖြစ်လျှင် အကျိုးခံစားခွင့်မရှိစေရ။

# အခန်း (၆)

## အခြားခံစားခွင့်များ

၂၂။ ပြည်သူ့ ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ အစည်းအဝေး များသို့ တက်ရောက်ခြင်းနှင့် တာဝန်အရ ခရီးလှည့်လည်ခြင်းတို့အတွက် နောက်ဆက်တွဲဇယား "ခ" တွင် ဖော်ပြထားသည့် နေ့တွက် စရိတ်များကို ခံစားခွင့်ရှိသည်။

၂၃။ လွှတ်တော်ကိုယ်စားလှယ်များသည် နောက်ဆက်တွဲဇယား "ဂ" တွင်ဖော်ပြထားသည့် ခရီးစရိတ်၊နေရာထိုင်ခင်းစရိတ်နှင့်မော်တော်ယာဉ် သုံးစွဲပိုင်ခွင့်စသော ခံစားခွင့်များကိုလည်းကောင်း၊ ပြည်သူ့ကောင်စီ အဆင့်ဆင့်ရှိ ပြည်သူ့ကိုယ်စားလှယ်များသည်နောက်ဆက်တွဲဇယား "ဃ" တွင်ဖော်ပြထားသည့် ခရီးစရိတ်၊နေအိမ် သို့မဟုတ် နေအိမ်စရိတ်၊ မော်တော်ယာဉ်သုံးစွဲပိုင်ခွင့်၊ အသေးသုံးငွေများနှင့် ပုံသေခရီးစရိတ်များကို လည်းကောင်း ခံစားခွင့်ရှိသည်။

၂၄။ ပြည်သူ့ကိုယ်စားလှယ်များ ခံစားခွင့်ရှိသည့် အိမ်ငှါးရမ်းခများ ပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်။

၂၅။ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့်ဝန်ကြီးချုပ်တို့ ပြည်ပသို့ခရီးသွားခြင်းအတွက် နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်။

၂၆။ နိုင်ငံတော်ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်း အဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများ ပြည်ပသို့ခရီးသွားရာတွင် အောက်ပါအတိုင်း ခံစားခွင့်ရှိသည်—

(က) လေယာဉ်၊ မီးရထား၊ သင်္ဘော စသည့် ယာဉ်များတွင် အထက်တန်း သို့မဟုတ် ပထမတန်းဖြင့်သွားလာခွင့်၊

(ခ) ညွှန်ခန်းပါသော ဟော်တယ်ခန်း၌တည်းခိုခွင့်(သို့ရာတွင် ခရီးသွားရသော အကြောင်းအပေါ် အခြေခံလျက် အကြောင်းထူးမရှိလျှင် ညွှန်ခန်းမပါသည့် အခန်းတွင် တည်းခိုရမည်)၊

(ဂ) ဝန်ထမ်းများ ခွင့်ပြုသည့် စရိတ်ထက် တစ်ဆ ပိုသော နေ့တွက်စရိတ်။

၂၇။ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါ ပုဂ္ဂိုလ်များမှအပ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်ပသို့ခရီးသွားရလျှင် ဝန်ထမ်းများအား ခံစားခွင့်ပြုသည့်အတိုင်း ခံစားခွင့်ရှိသည်။

၂၈။ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီအတွင်းရေးမှူးနှင့် ဝန်ကြီးချုပ်တို့မှအပ ပြည်သူ့ ကိုယ်စားလှယ်များသည် ပြည်ပသို့ ခရီးသွားလာရာတွင် ပထမအကြိမ် အနီးသောနိုင်ငံသို့ သွားရောက်ရလျှင် ဝတ်စုံစရိတ်အဖြစ် ကျပ် ၂၅၀၀ ကိုလည်းကောင်း၊ ပထမအကြိမ် ပူသောနိုင်ငံသို့ သွားရောက်ရလျှင် ဝတ်စုံစရိတ်အဖြစ် ကျပ် ၁၅၀၀ ကိုလည်းကောင်း နိုင်ငံခြားငွေဖြင့်ခံစားခွင့်ရှိသည်။ နောက်ထပ်သွားရောက်ရသော အကြိမ်များအတွက် သုံးနှစ်ပြည့်တိုင်း ကျပ် ၁၅၀၀ ကို နိုင်ငံခြားငွေဖြင့် ခံစားခွင့်ရှိသည်။

၂၉။ (က) နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့် ဝန်ကြီးချုပ်တို့၏ ညှော်ခံစရိတ်များကို နိုင်ငံတော်စရိတ်ဖြင့် ကျခံရမည်၊

(ခ) နိုင်ငံတော်ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်း အဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများအတွက် ညှော်ခံစရိတ်များကို နိုင်ငံတော် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်း သုံးစွဲခွင့်ရှိသည်၊

(ဂ) ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ကောင်စီ ညှော်ခံစရိတ်များကို ပြည်သူ့ကောင်စီ အဖွဲ့အစည်းအလိုက် နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်း သုံးစွဲခွင့်ရှိသည်။

၃၀။ (က) ပြည်သူ့ ကိုယ်စားလှယ်များသည် ဆေးဝါး ကုသခံရန် အခြေအနေ ဖြစ်ပေါ်လာပါက ဝန်ထမ်းများအတွက် သတ်မှတ်ထားသည့် ရပိုင်ခွင့်များထက်မနည်း ခံစားခွင့် ရှိသည်၊

(ခ) ပြည်သူ့ ကိုယ်စားလှယ်များ၏ ဆေးဝါးကုသခွင့်နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်း သို့မဟုတ် ညွှန်ကြားချက်များကို နိုင်ငံတော်ကောင်စီက ထုတ်ပြန်ရမည်။

၃၁။ (က) နိုင်ငံတော် ကောင်စီဝင်၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်၊တိုင်း၊မြို့နယ်အဆင့် ပြည်သူ့ ကောင်စီများတွင် တာဝန် ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များသည် ယင်းသို့ရွေးချယ်တာဝန် ပေးအပ်ခြင်းကြောင့် မိမိတို့ နေထိုင်ရာဒေသမှ သက်ဆိုင်ရာ အဖွဲ့အစည်းရုံးစိုက်ရာသို့ ပြောင်းရွှေ့ရလျှင်လည်းကောင်း၊ တာဝန်မှ ရုပ်သိမ်းခြင်း၊ နုတ်ထွက်ခြင်း၊ တာဝန်ပြီးဆုံးခြင်းများကြောင့် ယင်းအဖွဲ့ရုံးစိုက်ရာ ဒေသမှ မိမိတို့နေထိုင်ရာဒေသသို့ ပြန်လည် ပြောင်းရွှေ့

ရလျှင်လည်းကောင်း ဝန်ထမ်းများ ပြောင်းရွှေ့ရသည့် အခါခံစားခွင့်ရှိစေရန် သတ်မှတ်ထားသည့် စည်းမျဉ်း၊ နည်းလမ်းများအတိုင်း ပြောင်းရွှေ့ ခရီးစရိတ်ခံစားခွင့် ရှိသည်၊

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြသည့် ပြည်သူ့ ကိုယ်စားလှယ် တဦးဦးသည် ဖော်ပြပါတာဝန်တွင် ထမ်းဆောင် နေစဉ်ကွယ်လွန်ပါက ကျန်ရစ်သော မိသားစုများအား မိမိတို့ဒေသသို့ ပြန်လည်ပြောင်းရွှေ့ရန်အတွက် ပုဒ်မခွဲ (က)ပါ စည်းမျဉ်း၊နည်းလမ်းများအတိုင်း ပြောင်းရွှေ့ ခရီးစရိတ် ခံစားခွင့်ရှိသည်။

၃၂။ ထောက်ပံ့ကြေး ခံစားခွင့်ရှိသော ပြည်သူ့ ကိုယ်စားလှယ်များ မှအပ ပြည်သူ့ကိုယ်စားလှယ်များသည် ဌာနဆိုင်ရာများမှ လုပ်ငန်း သဘာဝအလိုက် ဖွဲ့စည်းသော ကော်မီတီများ၊ အဖွဲ့များတွင် ပြည်သူ့ ကိုယ်စားလှယ်တဦးအနေဖြင့် ပါဝင်ရပါက ယင်းကော်မီတီ သို့မဟုတ် အဖွဲ့အဆင့်အလိုက် သက်ဆိုင်ရာဌာနမှ ချီးမြှင့်သော နေ့တွက်စရိတ်၊ အစည်းအဝေးထိုင်စရိတ်များကို နောက်ဆက်တွဲဇယား “ခ” စာတိုင် ၅ တွင် ဖော်ပြထားသောနှုန်းထက်မများခံစားခွင့်ရှိသည့်ပြင် သက်ဆိုင်ရာ ဌာနမှ ချီးမြှင့်သည့်အမှန်ကုန်ကျသော ခရီးစရိတ်များကိုလည်း ခံစားခွင့် ရှိသည်။

# အခန်း (၇)

## အထွေထွေ

၃၃။ ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ ခံစားခွင့် ရှိသည့်ပြည်သူ့ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်မှ ရပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်း မပြုသမျှ ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၃၄။ ထောက်ပံ့ကြေးခံစားခွင့်ရှိသည့် ပြည်သူ့ ကိုယ်စားလှယ်တဦးဦးသည် အကြောင်းကြောင်းကြောင့် ယင်း၏တာဝန်အဆင့်မှ ရပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းပြုရသော်လည်း ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းမရှိသ၍ လုပ်ငန်းကုန်ကျစရိတ်ကို ခံစားခွင့်ရှိသည်။

၃၅။ ပြည်သူ့ကိုယ်စားလှယ် တဦးဦးသည် သောင်းကျန်းသူများ ဖမ်းဆီးခြင်းခံရပြီးပျောက်ဆုံးနေစဉ် ယင်းပြည်သူ့ကိုယ်စားလှယ်ကွယ်လွန်ကြောင်း သက်ဆိုင်ရာမှ တရားဝင်ကြေညာသည့်အချိန်အထိ သို့မဟုတ် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းပြည်သူ့ကိုယ်စားလှယ်၏ နေရာတွင် ပြန်လည်အစားထိုး ရွေးချယ်တင်

မြောက်ရန် သက်ဆိုင်ရာမှ ကြေညာသည့်အချိန်အထိ ဤဥပဒေအရ ခံစားခွင့်များကို ယင်းကိုယ်စားလှယ်၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူက ခံစားခွင့်ရှိသည်။

၃၆။ ပြည်သူ့ကောင်စီ၏ အဖွဲ့အစည်း တရပ်ရပ် သို့မဟုတ် ပြည်သူ့ကောင်စီ၏ ဖွဲ့အစည်း၏အဖွဲ့ဝင်တဦးဦးကို နိုင်ငံတော်ကောင်စီကတာဝန်မှ ယာယီရပ်စဲခြင်းပြုလျှင် အဆိုပါအဖွဲ့ဝင်သည် ယင်းသို့ရပ်စဲထားသည့် ကာလအတွင်း ခံစားခွင့်ရှိသော ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။ ယင်းအပြင် နိုင်ငံတော်ကောင်စီက ယာယီဖွဲ့စည်းတာဝန် ပေးအပ်ခြင်းခံရသည့် ပြည်သူ့ကိုယ်စားလှယ်များသည်လည်း ယင်းသို့တာဝန် ထမ်းဆောင်ရသည့် ကာလအတွက် ခံစားခွင့်ရှိသော ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ ခံစားခွင့်ရှိစေရမည်။

၃၇။ ပြည်သူ့ ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်တဦးချင်းအလိုက် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်အရ လည်းကောင်း၊ နယ်မြေဒေသ သဘာဝအရလည်းကောင်း ထူးခြားသော အခြေအနေများ မမြော်လင့်နိုင်သော အခြေအနေများကြောင့် ခံစားခွင့်ပြုရမည့် ခရီးစရိတ်များ၊ နေ့တွက်စရိတ်များနှင့် အခြားစရိတ်များကို နိုင်ငံတော်ကောင်စီက သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။

၃၈။ ပြည်သူ့ ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားသည့် ထောက်ပံ့ကြေး၊ ချီးမြှင့်ငွေ၊ လုပ်ငန်းကုန်ကျစရိတ်၊ ကရုဏာကြေးနှင့် အခြား ခံစားခွင့်များအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်ဘဏ္ဍာ၏ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်မှ ကျခံရမည်။

၃၉။ ပြည်သူ့ ကိုယ်စားလှယ်များ၏ ခံစားခွင့်များနှင့် စပ်လျဉ်း၍ ယခင်က ထုတ်ပြန်ထားသော ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် အမိန့်များတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီသည် လိုအပ်သလို ထုတ်ပြန်နိုင်သည်။

သေသင်းကျွန်းသူများ၏လက်ချက်ဖြင့် ထိခိုက်ဒဏ်ရာရရှိ၍ အလုပ်လုပ်ကိုင်နိုင်သည့် စွမ်းအား ဆုံးရှုံးမှုအတွက် ပြည်သူ့ကိုယ်စားလှယ်များ ခံစားခွင့်ရှိသည့် ကရုဏာကြေး ရာခိုင်နှုန်းဖော်ပြချက် ဇယား

| အမှတ်စဉ် | ထာဝစဉ် ဆုံးရှုံးသော ကိုယ်အင်္ဂါ အမျိုးအမည် | အလုပ်လုပ်ကိုင်နိုင်သည့်စွမ်းအားဆုံးရှုံးမှုရာခိုင်နှုန်း |
|---|---|---|
| ၁ | လက်ျာလက် တတောင်ဆစ် အထိ၊ သို့မဟုတ် တတောင်ဆစ် အထက်ဆုံးရှုံးခြင်း | ၇၀ |
| ၂ | လက် ဝဲ လက် တ တောင် ဆစ် အ ထိ၊ သို့မဟုတ် တတောင်ဆစ်အထက် ဆုံးရှုံးခြင်း | ၆၀ |
| ၃ | လက်ျာလက် တတောင်ဆစ်အောက်ဆုံးရှုံးခြင်း .... | ၆၀ |
| ၄ | ခြေ ထောက် တ ဖက် ဒူး ဆစ် အ ထိ၊ သို့မဟုတ် ဒူးဆစ်အထက် ဆုံးရှုံးခြင်း | ၆၀ |
| ၅ | လက်ဝဲလက် တတောင်ဆစ်အောက် ဆုံးရှုံးခြင်း .... | ၅၀ |
| ၆ | ခြေထောက်တဖက်ဒူးဆစ်အောက်ဆုံးရှုံးခြင်း .... | ၅၀ |
| ၇ | အမြဲတမ်း လုံးဝနားပင်းသွားခြင်း .... | ၅၀ |
| ၈ | မျက်စိတဖက် ပျက်သွားခြင်း၊ သို့မဟုတ် ကွယ်သွားခြင်း | ၃၀ |
| ၉ | လက်မတချောင်း ဆုံးရှုံးခြင်း .... | ၂၅ |
| ၁၀ | ခြေထောက် တဖက်၏ခြေ ချောင်း ကလေး များ အားလုံးဆုံးရှုံးခြင်း | ၂၀ |
| ၁၁ | လက်ညှိုးတချောင်းဆုံးရှုံးခြင်း .... | ၁၅ |
| ၁၂ | ခြေမတချောင်း ဆုံးရှုံးခြင်း .... | ၁၁ |
| ၁၃ | လက်ညှိုးနှင့် လက်မမှ အပ အခြား လက်ချောင်း တခုခု ဆုံးရှုံးခြင်း | ၅ |

## ပြည်သူ့ကိုယ်စားလှယ်များခံစားခွင့်ရှိသော နေ့တွက်စရိတ်များဇယား

| ပြည်သူ့ကိုယ်စားလှယ်အဆင့် | ပြည်သူ့လွှတ်တော်/ပြည်သူ့ကောင်စီ ဆိုင်ရာ အစည်းအဝေးတက်ရောက်ခြင်း | | | | အမြဲတမ်းဗဟိုအာဏာပိုင် အဖွဲ့အစည်း တာဝန်အရ ခရီးလှည့်လည်ခြင်း | အခြားတာဝန် ကိစ္စရပ်များ ဆောင် ရွက်ခြင်း |
|---|---|---|---|---|---|---|
| | ပုံမှန်/အထူး အစည်းအဝေး | ကော်မရှင်/ ကော်မီတီ အစည်း အဝေး | သဘာပတိ အဖွဲ့အစည်း အဝေး | ရေးရာ ကော်မီတီ အစည်း အဝေး | | |
| | ၃ | | | | ၄ | ၅ |
| ၂ | က | ခ | ဂ | ဃ | | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| **ပြည်သူ့လွှတ်တော်အဆင့်** | | | | | | |
| နိုင်ငံတော် သမ္မတ / နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ | .... | .... | .... | .... | • | .... |
| နိုင်ငံတော်ကောင်စီအတွင်းရေးမှူး .... | .... | .... | .... | .... | • | .... |
| ဝန်ကြီးချုပ် .... .... | .... | .... | .... | .... | • | .... |
| နိုင်ငံတော်ကောင်စီဝင် .... | .... | .... | .... | .... | ၃၀ | .... |
| ဗဟိုအာဏာပိုင်အဖွဲ့အစည်း ဥက္ကဋ္ဌများ .... | .... | .... | .... | .... | ၃၀ | .... |
| ဗဟိုအာဏာပိုင်အဖွဲ့အစည်း အဖွဲ့ဝင်များ .... | .... | .... | .... | .... | ၂၅ | .... |
| ဒုတိယဝန်ကြီးများ .... .... | .... | .... | .... | .... | ၂၀ | .... |
| သဘာပတိအဖွဲ့ဝင်များ .... | ၄၀ | ၂၅ | ၄၀ | .... | .... | ၂၀ |
| ရေးရာကော်မီတီဝင်များ .... | ၃၀ | ၂၅ | .... | ၂၅ | .... | ၂၀ |
| ကျန်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ .... | ၃၀ | ၂၅ | .... | .... | .... | ၂၀ |
| **ပြည်နယ်/တိုင်းအဆင့်** | | | | | | |
| ပြည်သူ့ကောင်စီဥက္ကဋ္ဌ .... | .... | •• | .... | .... | ၁၂ | ၁၂ |
| သူကြီး/လုပ်ငန်း စစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌများ | .... | •• | .... | .... | ၁၂ | ၁၂ |
| အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး .... | .... | •• | .... | .... | ၁၂ | ၁၂ |
| အလုပ် အမှုဆောင်/တရား သူကြီး/လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်များ | .... | •• | ... | .... | ၁၂ | ၁၂ |
| သဘာပတိအဖွဲ့ဝင်များ .... | ၂၀ | •• | ၂၀ | .... | .... | ၁၂ |
| ရေးရာကော်မီတီဝင်များ .... | ၁၅ | •• | .... | ၁၂ | .... | ၁၂ |
| ကျန်ပြည်သူ့ကိုယ်စားလှယ်များ .... | ၁၅ | •• | .... | .... | .... | ၁၂ |

## ပြည်သူ့ကိုယ်စားလှယ်များခံစားခွင့်ရှိသော နေ့တွက်စရိတ်များဇယား

| အမှတ်စဉ် | | ပြည်သူ့ကိုယ်စားလှယ်အဆင့် | ပြည်သူ့လွှတ်တော်/ပြည်သူ့ကောင်စီ ဆိုင်ရာ အစည်းအဝေး တက်ရောက်ခြင်း | | | | အာဏာပိုင်အဖွဲ့အစည်း တာဝန်အရ ခရီးလှည့်လည်ခြင်း | အခြားတာဝန်ကိစ္စရပ်များ ဆောင်ရွက်ခြင်း |
|---|---|---|---|---|---|---|---|---|
| | | | ဂိမ်း/အထူးအရေးပေါ် အစည်းအဝေး | ကော်မရှင်/ကော်မီတီ အစည်းအဝေး | သဘာပတိအဖွဲ့ အစည်းအဝေး | ရေးရာကော်မီတီ အစည်းအဝေး | | |
| ၁ | | ၂ | ၃ (က) | ၃ (ခ) | ၃ (ဂ) | ၃ (ဃ) | ၄ | ၅ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၃ | | **မြို့နယ်အဆင့်** | | | | | | |
| | ၁၈ | ပြည်သူ့ကောင်စီဥက္ကဋ္ဌ — | .... | •• | .... | .... | ၇–၅၀ | ၇–၅၀ |
| | ၁၉ | တရားသူကြီး/လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌများ | .... | •• | .... | .... | ၇–၅၀ | ၇–၅၀ |
| | ၂၀ | အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး — | .... | •• | .... | .... | ၇–၅၀ | ၇–၅၀ |
| | ၂၁ | အလုပ် အမှုဆောင်/တရား သူကြီး/လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်များ | .... | •• | .... | .... | ၇–၅၀ | ၇–၅၀ |
| | ၂၂ | သဘာပတိအဖွဲ့ဝင်များ .... | ၁၅ | •• | ၁၅ | .... | .... | ၇–၅၀ |
| | ၂၃ | ရေးရာကော်မီတီဝင်များ .... | ၁၀ | •• | .... | ၇–၅၀ | .... | ၇–၅၀ |
| | ၂၄ | ကျန်ပြည်သူ့ကိုယ်စားလှယ်များ .... | ၁၀ | •• | .... | .... | .... | ၇–၅၀ |
| ၄ | | **ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်** | | | | | | |
| | ၂၅ | ပြည်သူ့ကောင်စီဥက္ကဋ္ဌ — | ... | •• | ... | ... | .. | ၅ |
| | ၂၆ | အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး — | .... | •• | .... | | .. | ၅ |
| | ၂၇ | [illegible] ဥက္ကဋ္ဌ .... | ၅ | •• | .... | .... | .... | .. ၅ |
| | ၂၈ | [illegible] တရားသူကြီးအဖွဲ့ အဖွဲ့ဝင် | ၅ | •• | .... | .... | .... | .. ၅ |
| | ၂၉ | [illegible] — | ၇ | •• | ၇ | .... | .... | .. ၅ |
| | ၃၀ | ကျန် [illegible] လှယ်များ — | ၅ | •• | .... | .... | .... | ၅ |

မှတ်ချက်။ (၁)။ • နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီအတွင်းရေးမှူးနှင့် ဝန်ကြီးချုပ် တာဝန်အရ ခရီးလှည့်လည်လျှင် အထူးအစီအစဉ်ဖြင့်လုပ်သတ်မှတ် ပေးရန်။

(၂)။ •• ပြည်သူ့လွှတ်တော်မှအဖွဲ့ဝင်သည် ကော်မရှင်နှင့် ကော်မီတီများတွင်ပါဝင်သော လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနည်းတူ ခံစားခွင့်ရှိသည်။

(၃)။ စာတိုင် (၅)ရှိ အခြားတာဝန်ကိစ္စရပ်များ ဆောင်ရွက်ခြင်းဆိုသည်မှာ၊ အထက်အာဏာပိုင်အဖွဲ့အစည်းများက ခေါ်ယူခြင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှကျင်းပသည့်ညီလာခံများ၊ အစည်းအဝေးများနှင့် သင်တန်းများသို့ ပြည်သူ့ကိုယ်စားလှယ်အနေဖြင့်တက်ရောက်ခြင်း၊ တရားစီရင်ရေးအဖွဲ့၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခြင်း။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတက်ရောက်ခြင်းနှင့်ညွှန်ကြားချက်များမှန်အညီဆောင်ရွက်ရန် သွားရောက်ခြင်းများကိုဆိုသည်။

ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ။ ။အဆက်

ဇယား (၅)။ ။အဆက်

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | သုံးငွေများ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ | အတိုးရငွေ၊ ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့်ထောက်ပံ့ငွေ | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၇ | | ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ | ဝန်ကြီးချုပ်၊သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | | | | | | |
| | ၁ | ဆောက်လုပ်ရေးကော်ပိုရေးရှင်း .... .... | | ၃၀,၃၉,၇၂,၂၀၀ | .... | ၂,၂၃,၀၂,၀၀၀ | ၃၇,၇၅,၄၄,၂၀၀ | ၅၁,၀၆,၉၆၀ | ၉,၄၁,၄၀၀ |
| | ၂ | ကျောက်မိုင်းကော်ပိုရေးရှင်း .... .... | | ၁,၀၁,၄၁,၆၀၀ | .... | .... | ၇၀,၆၇,၂၀၀ | ၁၆,၂၈,၀၀၀ | ၆၇,၀၀၀ |
| ၈ | | ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ | ၎င်း | | | | | | |
| | ၁ | ကြယ်ငါးပွင့် သင်္ဘောကော်ပိုရေးရှင်း .... .... | | ၁၃,၀၀,၃၂,၀၀၀ | .... | .... | ၁၃,၆၃,၉၄,၆၀၀ | ၈,၃၆,၆၃၀ | ၄၀,၀၀၀ |
| | ၂ | ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... | | ၇,၃၆,၅၇,၆၀၀ | .... | ၄,၇၀,၆၇,၀၀၀ | ၆,၇၆,၇၂,၁၀၀ | ၇,၈၇,၂၇,၀၃၀ | ၂၂,၁၁,၉၀၀ |
| | ၃ | ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... | | ၁၁,၀၄,၆၀,၁၀၀ | .... | ၁,၇၉,၆၆,၀၀၀ | ၁၀,၀၉,၆၉,၁၀၀ | ၁,၁၀,၃၇,၁၃၀ | ၅၈,၉၈,၂၀၀ |
| | ၄ | ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း .... .... | | ၂၀,၄၄,၉၉,၂၀၀ | .... | ၇,၀၁,၈၁,၀၀၀ | ၁၆,၇၅,၁၆,၁၀၀ | ၆,၀၄,၀၁,၄၁၀ | ၄,၄၇,၁၆,၇၀၀ |
| | ၅ | လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း .... .... | | ၇,၈၂,၄၄,၄၀၀ | .... | ၁,၃၃,၅၁,၀၀၀ | ၆,၇၀,၈၇,၆၀၀ | ၁၇,၀၄,၆၁၀ | ၈၂,၅၂,၇၀၀ |
| | ၆ | ဆိပ်ကမ်းကော်ပိုရေးရှင်း .... .... | | ၅,၃၃,၉၉,၆၀၀ | .... | ၁၄,၁၄,၀၀၀ | ၃,၄၃,၀၆,၈၀၀ | ၉၁,၇၀,၀၀၀ | ၆၃,၀၆,၆၀၀ |
| | ၇ | သင်္ဘောကျင်းကော်ပိုရေးရှင်း .... .... | | ၇၅,၃၉,၇၀၀ | ၉,၄၆,၄၀၀ | ၁၂,၉၄,၀၀၀ | ၇၃,၉၄,၁၀၀ | ၅၅,၆၂,၆၀၀ | ၁၉,၁၆,၀၀၀ |
| | ၈ | ပို့ဆောင်ရေးကိုယ်စားလှယ်ကော်ပိုရေးရှင်း .... .... | | ၄၀,၃၅,၀၀၀ | .... | — | ၂၉,၅၁,၇၀၀ | ၁၀,၇၀၀ | .... |
| | ၉ | ဆက်သွယ်ရေးကော်ပိုရေးရှင်း .... .... | | ၅,၀၀,၁၀,၇၀၀ | .... | ၂၀,၃၄,၀၀၀ | ၃,၉၄,၆၂,၃၀၀ | ၁,၃၃,၀၉,၀၄၀ | ၄,၅၀,၀၀၀ |
| ၉ | | ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းများ | ၎င်း | | | | | | |
| | ၁ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁) .... .... | | ၂,၉၇,၃၃,၂၁,၆၀၀ | ၂၉,၄၃,၀၀၀ | .... | ၂,၄၂,၃၉,၀၅,၅၀၀ | ၄,၇၈,၃၇,၄၀၀ | ၂၀,၃၅,၀၀၀ |
| | ၂ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂) .... .... | | ၁၅,၆၃,၇၀,၃၀၀ | .... | .... | ၁၄,၉၀,၄၀,၀၀၀ | ၃,၅၁,၃၀၀ | ၃၃,၉၄,၀၀၀ |
| | ၃ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၃) .... .... | | ၇,၄၄,၀၄,၉၀၀ | .... | .... | ၅,၅၂,၄၂,၅၀၀ | ၁,၁၅,၁၀၀ | ၂,၃၉,၀၀၀ |
| | ၄ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၄) .... .... | | ၁၉,၂၁,၁၃,၀၀၀ | .... | .... | ၁၆,၅၂,၇၅,၃၀၀ | ၉,၉၂,၇၀၀ | ၁,၅၆,၀၀၀ |
| | ၅ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၅) .... .... | | ၉၃,၃၉,၈၇,၈၀၀ | .... | .... | ၇၉,၃၀,၆၀,၀၀၀ | ၁၅,၀၀၀ | — |
| | ၆ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၆) .... .... | | ၂၀,၁၄,၂၄,၀၀၀ | .... | .... | ၂၅,၃၉,၆၇,၉၀၀ | ၁,၀၀,၉၀၀ | — |
| | ၇ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၇) .... .... | | ၃,၀၀,၆၅,၀၀၀ | .... | .... | ၃,၄၀,၃၅,၃၀၀ | ၁၅,၀၀၀ | — |
| | ၈ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၈) .... .... | | ၃,၉၀,၃၀,၀၀၀ | .... | .... | ၃,၇၀,၇၄,၀၀၀ | ၁၅,၀၀၀ | — |
| | ၉ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၉) .... .... | | ၇,၂၀,၃၀,၀၀၀ | .... | .... | ၇,၅၁,၅၈,၃၀၀ | ၁၅,၀၀၀ | — |
| | ၁၀ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၀) .... .... | | ၁၂,၉၆,၁၃,၀၀၀ | .... | .... | ၇,၉၉,၅၀,၀၀၀ | ၄,၂၂,၅၀၀ | ၂၆,၀၀၀ |
| | ၁၁ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၂) .... .... | | ၁၅,၃၁,၂၈,၀၀၀ | .... | — | ၉,၉၇,၀၂,၁၀၀ | ၂,၅၀,၀၀၀ | — |
| | ၁၂ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၃) .... .... | | ၆,၆၅,၆၆,၀၀၀ | .... | — | ၄,၄၇,၉၆,၄၀၀ | ၁,၂၄,၉၀၀ | ၁,၅၀,၁၀၀ |
| | ၁၃ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၄) .... .... | | ၇,၁၆,၆၅,၀၀၀ | .... | — | ၆,၀၇,၈၅,၀၀၀ | ၁,၅၁,၆၀၀ | — |
| | ၁၄ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၅) .... .... | | ၉,၂၂,၃၁,၀၀၀ | .... | — | ၆,၄၉,၅၆,၄၀၀ | ၄,၇၉,၀၀၀ | ၂၆,၆၀၀ |
| | ၁၅ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၇) .... .... | | ၈,၂၁,၉၉,၂၀၀ | ၄၇,၆၆,၆၀၀ | — | ၇,၆၀,၃၁,၃၀၀ | ၃၁,၆၀၀ | — |
| | ၁၆ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၈) .... .... | | ၄,၀၆,၆၃,၀၀၀ | — | — | ၃,၄၁,၂၆,၄၀၀ | ၁၅,၀၀၀ | — |
| | ၁၇ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၉) .... .... | | ၃,၀၉,၀၃,၀၀၀ | ၁၁,၀၀,၀၀၀ | — | ၂,၃၅,၈၇,၀၀၀ | ၈,၇၄,၀၀၀ | ၃၁,၀၀၀ |
| | ၁၈ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၀) .... .... | | ၂,၃၀,၇၀,၆၀၀ | — | — | ၂,၂၉,၁၉,၂၀၀ | ၇၀,၉၄,၀၀၀ | ၇၅,၅၅,၀၀၀ |
| | ၁၉ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၁) .... .... | | ၂၀,၇၀,၀၀၀ | — | — | ၁၉,၇၄,၀၀၀ | ၁၀,၀၀၀ | — |
| | ၂၀ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၂) .... .... | | ၈,၅၂,၇၀,၀၀၀ | — | — | ၇,၅၁,၄၆,၀၀၀ | — | ၆,၀၀၀ |
| | ၂၁ | ထုပ်ပိုး ထည့်သွင်းပစ္စည်းကော်ပိုရေးရှင်း .... .... | | ၆,၉၉,၄၁,၂၀၀ | — | — | ၅,၇၉,၁၁,၉၀၀ | ၂,၂၆,၁၀၀ | — |
| | ၂၂ | ကုန်သွယ်ရေး (ဗဟို) သင်တန်းကျောင်း .... | | .... | — | — | ၁၀,၁၆,၁၀၀ | ၁၆,၆၀၀ | — |
| | ၂၃ | မြို့နယ်/မြို့မကုန်သွယ်ရေးများနှင့် ကုန်သွယ်ရေး ကြားစခန်းများ .... | | ၅,၄၈,၈၅,၀၀၀ | — | — | ၆,၀၉,၆၇,၀၀၀ | ၇၁,၂၀၀ | — |
| | ၂၄ | ဗဟိုကုန်သွယ်ရေး .... .... | | ၁,၉၉,၀၀၀ | ၄၇,၀၀၀ | ၈,၀၂,၀၀,၀၀၀ | ၁,၀၉,၀၇,၀၀၀ | ၉၀,၀၀၀ | ၈၀,၃၉,၆၀၀ |

## ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ ပြည်သူ့ကိုယ်စားလှယ်များ၏ ခရီးစရိတ်နှင့်အခြားခံစားခွင့်များ

နောက်ဆက်တွဲဇယား (ဃ)

| အမှတ်စဉ် | တာဝန်ထမ်းဆောင် | ခရီးစရိတ် | အခြားခံစားခွင့်များ — နေအိမ်၊ သို့မဟုတ် နေအိမ်စရိတ် | အခြားခံစားခွင့်များ — မော်တော်ယာဉ်သုံးပိုင်ခွင့် — ဦးရေ | အခြားခံစားခွင့်များ — အသေးသုံး (ကျပ်) | အခြားခံစားခွင့်များ — ပွဲသေခရီးစရိတ် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ | လေယာဉ်၊ မီးရထားအထက်တန်း၊ သင်္ဘောအထက်တန်း၊ မိမိကိုယ်ပိုင်ယာဉ်ဖြင့်သွားရလျှင် ယင်းခရီးအတွက် မီးရထား (သို့မဟုတ်) သင်္ဘောအထက်တန်းခကုန်ကျစရိတ်၊ ပြည်သူပိုင်ယာဉ်များ ပြေးဆွဲခြင်း မရှိသောခရီးစဉ်များတွင် မော်တော်ယာဉ်၊ ရေယာဉ်၊ တိရစ္ဆာန်ယာဉ်ဖြင့် သွားရလျှင် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများမှ သတ်မှတ်ထားရှိသည့် နှုန်းထားကုန်ကျစရိတ် | သင့်တင့်လျောက်ပတ်စွာ မွမ်းမံ ဆင်ယင်ထားသည့် နေအိမ် (သို့မဟုတ်) အိမ်လခ တလ ၁၂၅ ကျပ် | ၁ စီး | — | — |
| ၂ | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီအတွင်းရေးမှူး | ရှင်း | ရှင်း | ၁ စီး | — | — |
| ၃ | ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ | ရှင်း | ရှင်း | ၁ စီး | — | — |
| ၄ | ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ | ရှင်း | ရှင်း | ၁ စီး | — | — |
| ၅ | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် | ရှင်း | — | — | — | — |
| ၆ | ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့ဝင် | ရှင်း | — | — | — | — |
| ၇ | ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် | ရှင်း | — | — | — | — |
| ၈ | သဘာပတိအဖွဲ့ဝင်များ | ရှင်း | — | — | — | — |
| ၉ | ရေးရာကော်မီတီဝင်များ | ရှင်း | — | — | — | — |
| ၁၀ | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီဝင်များ | ရှင်း | — | — | — | — |
| ၁၁ | မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ | ရှင်း | — | — | — | — |
| ၁၂ | မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး | ရှင်း | — | — | — | — |
| ၁၃ | မြို့နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ | ရှင်း | — | — | — | — |
| ၁၄ | မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ | ရှင်း | — | — | — | — |
| ၁၅ | မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင် | ရှင်း | — | — | — | — |
| ၁၆ | မြို့နယ်တရားသူကြီးအဖွဲ့ဝင် | ရှင်း | — | — | — | — |
| ၁၇ | မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် | ရှင်း | — | — | — | — |
| ၁၈ | သဘာပတိအဖွဲ့ဝင် | ရှင်း | — | — | — | — |
| ၁၉ | ရေးရာကော်မီတီဝင် | ရှင်း | — | — | — | — |
| ၂၀ | မြို့နယ်ပြည်သူ့ကောင်စီဝင်များ | ရှင်း | — | — | — | — |
| ၂၁ | ရပ်ကွက်/ကျေးရွာအုပ်စုပြည်သူ့ကောင်စီဥက္ကဋ္ဌ | ရှင်း * | — | — | — | — |
| ၂၂ | အတွင်းရေးမှူး | ရှင်း * | — | — | — | — |
| ၂၃ | တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ | ရှင်း * | — | — | ၁၀ | ၂၀ |
| ၂၄ | အလုပ်အမှုဆောင်အဖွဲ့ဝင် | ရှင်း * | — | — | ၁၀ | ၁၅ |
| ၂၅ | တရားသူကြီးအဖွဲ့ဝင် | ရှင်း * | — | — | ၁၀ | ၁၅ |
| ၂၆ | သဘာပတိအဖွဲ့ဝင် | ရှင်း | — | — | ၁၀ | — |
| ၂၇ | ရပ်ကွက်/ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင်များ | ရှင်း | — | — | ၁၀ | — |

မှတ်ချက်။ ၊ * မိမိတို့သက်ဆိုင်ရာရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုအတွင်း ခရီးလှည့်လည်ခြင်းမှအပ တာဝန်အရ ခရီးသွားလာခြင်းအတွက်ဖြစ်ပါသည်။

# တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း
# ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
| --- | --- | --- | --- | --- |
| ၁ | နိဒါန်း | .... | .... | ၁၇၉ |

အပိုင်း ၁

| | | | | |
| --- | --- | --- | --- | --- |
| ၂ | အခန်း (၁)<br>အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက် | .... | ... | ၁၈၀ |
| ၃ | အခန်း (၂)<br>တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | .... | .... | ၁၈၂ |

အပိုင်း ၂

| | | | | |
| --- | --- | --- | --- | --- |
| ၄ | အခန်း (၁)<br>ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူကောင်စီဝင်ကို တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း | .... | .... | ၁၈၃ |
| ၅ | အခန်း (၂)<br>ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | .... | .... | ၁၈၆ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း ၃** | |
| ၆ | အခန်း (၁) .... — | ၁၈၉ |
| | မြို့နယ် ပြည်သူ့ကောင်စီဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |
| ၇ | အခန်း (၂) .... — | ၁၉၂ |
| | မြို့နယ် ပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊ | |
| | **အပိုင်း ၄** | |
| ၈ | အခန်း (၁) — - | ၁၉၅ |
| | ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီ ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |
| ၉ | အခန်း (၂) .... — | ၁၉၈ |
| | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း ၅** | |
| ၁၀ | အခန်း (၁) .... .... | ၂၀၁ |
| | လွှတ်တော် ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |
| ၁၁ | အခန်း (၂) .... | ၂၀၃ |
| | လွှတ်တော်က ရွေးချယ် တင် မြှောက် ပြီး တာဝန် ပေးအပ်ထားသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း | |
| | **အပိုင်း ၆** | |
| ၁၂ | အခန်း (၁) .... ... | ၂၀၉ |
| | ပြည်သူ့ ကိုယ်စားလှယ်ကို တာဝန်မှ ပြန် လည်ရုပ်သိမ်းခြင်း ပြုမည် မပြု မည် နှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များ၏ ဆန္ဒရယူခြင်း | |
| ၁၃ | အခန်း (၂) .... .... | ၂၁၁ |
| | အထွေထွေ | |

# တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၃]

## နိဒါန်း

ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော ပြည်သူ့ကိုယ်စားလှယ်တဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတခုကိုဖြစ်စေ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူများ၊ သို့မဟုတ် အဖွဲ့အစည်းက အခြေခံဥပဒေပုဒ်မ ၁၈၇ အရ တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်စေရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်၊

(ခ) ပြည်သူ့ကောင်စီ ဆိုသည်မှာ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကောင်စီအဆင့်ဆင့်ကို ဆိုသည်၊

(ဂ) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီဝင်ကို ဆိုသည်၊

(ဃ) အဖွဲ့အစည်း ဆိုသည်မှာ လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကို ဆိုသည်၊

(င) အဖွဲ့ဝင် ဆိုသည်မှာ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသော အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ကို ဆိုသည်၊

(စ) မဲဆန္ဒရှင်များ ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလ မဲစာရင်းတွင်ပါဝင်သော ပြည်သူများကို ဆိုသည်၊

(ဆ) သက်ဆိုင်ရာမဲဆန္ဒနယ် ဆိုသည်မှာ သက်ဆိုင်ရာ ပြည်သူ့ ကိုယ်စားလှယ်၏ မဲဆန္ဒနယ်ကို ဆိုသည်၊

(ဇ) အဆိုပြုလွှာ ဆိုသည်မှာ တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် တင်သွင်းသော အဆိုပြုလွှာကို ဆိုသည်၊

(ဈ) အဆိုပြုလွှာတင်သွင်းသူ ဆိုသည်မှာ တာဝန်မှ ပြန်လည် ရုပ်သိမ်းရန်အဆိုပြုလွှာ တင်သွင်းသူကို ဆိုသည်၊

(ည) အဆိုပြုခြင်းခံရသူ ဆိုသည်မှာ အဆိုပြုလွှာတင်သွင်းခြင်း ခံရသော ပြည်သူ့ကိုယ်စားလှယ်ကို ဆိုသည်၊

(ဋ) အဆိုပြုခြင်းခံရသော အဖွဲ့အစည်း ဆိုသည်မှာ အဆိုပြု လွှာတင်သွင်းခြင်းခံရသည့် အဖွဲ့အစည်းကို ဆိုသည်။

# အခန်း (၂)

## တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၃။ ပြည်သူ့ကိုယ်စားလှယ်တဦးဦးသည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် မဲဆန္ဒရှင်များက တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့် ရှိသည်။

၄။ အဖွဲ့အစည်းတခုခု၊ သို့မဟုတ် အဖွဲ့ဝင်တဦးဦးသည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များက တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

## အပိုင်း ၂

## အခန်း (၁)

# ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် တဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ မဲဆန္ဒရှင်တဦးဦးသည် သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီသဘာပတိအဖွဲ့သို့ အဆိုပြုလွှာတင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ အမျိုးသား မှတ်ပုံတင်အမှတ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။ သဘာပတိအဖွဲ့သည် ယင်းအဆိုပြုလွှာကို သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ ပေးပို့ရမည်။

၆။ မြို့နယ်ပြည်သူ့ကောင်စီသဘာပတိအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်–––

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်း ခံရသူအား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သဘောထား မှတ်ချက် ပါဝင်သည့် အစီရင်ခံစာကို မြို့နယ်ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ တင်ပြရမည်။

၈။ သဘာပတိအဖွဲ့သည် အစီရင်ခံစာကိုရရှိသောအခါ မြို့နယ်ပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးသို့ တင်ပြရမည်။

၉။ (က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကို သော်လည်းကောင်း မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးက စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်း ဆုံးဖြတ်ချက်ကို မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့က အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်း ခံရသူတို့အား အသိပေး ပြန်ကြားရမည်။

၁၀။ အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း မြို့နယ် ပြည်သူ့ကောင်စီ

အစည်းအဝေးက စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်း ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိ အဖွဲ့သို့ အကြောင်းကြားရမည်။

၁၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သည် အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား မြို့နယ်ပြည်သူ့ကောင်စီ ဆုံးဖြတ်ချက်ကို အသိပေးပြန်ကြားရမည့်အပြင် အဆိုပြုလွှာနှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးပွဲကျင်းပရန် နိုင်ငံတော်ကောင်စီသို့တင်ပြရမည်။

၁၂။ နိုင်ငံတော်ကောင်စီသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာကော်မရှင်အား ဆန္ဒမဲပေးပွဲကျင်းပရန် အကြောင်းကြားရမည်။

# အခန်း (၂)

## ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၁၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အဖွဲ့အစည်းတခုခု သို့မဟုတ် အဖွဲ့ဝင်တဦးဦးကို တာဝန်မှ ပြန်လည် ရုပ်သိမ်း လိုလျှင် အခြေခံ ဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ဖော်ပြ၍ သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်တဦးဦးသည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုလွှာတင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် မိမိအမည်၊ နေ့ရပ်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

၁၄။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာတင်သွင်းသူသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည်

အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

( ခ ) အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

( ဂ ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် ပါဝင်သည့်အစီရင်ခံစာကို မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၁၆။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အစီရင်ခံစာကို ရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင် မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကိုသော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

( ခ ) ယင်းသို့ ပယ်ကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသောအဖွဲ့အစည်း၊သို့မဟုတ် အဖွဲ့ဝင်အား အသိပေးပြန်ကြားရမည်။

၁၇။ အဆိုပြုလွှာတင်သွင်းသူသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်းဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အကြောင်းကြားရမည်။ အဆိုပြုခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းပြုမည် မပြုမည်

ကို ဆက်လက် ဆောင်ရွက်ရန် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့လည်း ပေးပို့ရမည်။

၁၈။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပချိန် ဖြစ်လျှင် ယင်း အစည်းအဝေးတွင်လည်းကောင်း၊ အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် လိုအပ်ပါက အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို တင်ပြဆောင်ရွက်ရမည်။ ယင်းအစည်းအဝေးတွင် ပြည်သူ့ကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆိုပြုလွှာ တင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သည် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များအား အဆိုပြုလွှာပါအကြောင်းရပ်နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့် ရှိသည်၊

(ဂ) တာဝန်မှ ပြန်လည် ရုပ်သိမ်းရန် အဆိုကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီက သဘောတူကြောင်း ဆုံးဖြတ်ပါက ယင်းအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်နေရာတွင် အဖွဲ့အစည်းသစ်၊ သို့မဟုတ် အဖွဲ့ဝင်သစ်ကို ယင်းအစည်းအဝေး၌အစားထိုး ရွေးချယ် တင်မြှောက်ရမည်။

## အပိုင်း ၃

## အခန်း (၁)

## မြို့နယ်ပြည်သူ့ကောင်စီဝင်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၁၉။ မြို့နယ် ပြည်သူ့ကောင်စီဝင်တဦးဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံ ဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ဖော်ပြ၍ မဲဆန္ဒရှင် တဦးဦးသည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အဆိုပြုလွှာ တင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ အမျိုးသားမှတ်ပုံတင် အမှတ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ သဘာပတိအဖွဲ့သည် ယင်းအဆိုပြုလွှာကို သက်ဆိုင်ရာပြည်နယ်၊သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ ပေးပို့ရမည်။

၂၀။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီသဘာပတိအဖွဲ့သည် ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်—

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံ ဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ခြင်းရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသူအား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် ပါဝင်သည့် အစီရင်ခံစာကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ တင်ပြရမည်။

၂၂။ သဘာပတိအဖွဲ့သည် အစီရင်ခံစာကိုရရှိသောအခါ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးသို့ တင်ပြရမည်။

၂၃။ (က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်မဟုတ်ကြောင်းကိုသော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကို သော်လည်းကောင်း ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးက စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်းဆုံးဖြတ်ချက်ကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။ မြို့နယ်ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့က အဆိုပြုလွှာ တင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား အသိပေးပြန်ကြားရမည်။

၂၄။ အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်း

ချက်တရပ်ရပ်နှင့်အကျုံးဝင်ကြောင်း ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အစည်းအဝေးက စိစစ်တွေ့ရှိလျှင် အကျုံးပင်ကြောင်း ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။

၂၅။ မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သည် အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ဆုံးဖြတ်ချက်ကို အသိပေးပြန်ကြားရမည့်အပြင် အဆိုပြုလွှာနှင့် စပ်လျဉ်း၍ ဆန္ဒမဲပေးပွဲကျင်းပရန် နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၂၆။ နိုင်ငံတော်ကောင်စီသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်အား ဆန္ဒမဲပေးပွဲကျင်းပရန် အကြောင်းကြားရမည်။

# အခန်း (၂)

## မြို့နယ် ပြည်သူ့ကောင်စီအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၂၇။ မြို့နယ်ပြည်သူ့ကောင်စီ အဖွဲ့အစည်း တခုခု၊ သို့မဟုတ် အဖွဲ့ဝင် တဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေ ပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီဝင် တဦးဦးသည် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုလွှာတင်သွင်းရမည်။ ယင်းသို့ တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။

၂၈။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၂၉။ စုံစမ်းစစ်ဆေးရေး အဖွဲ့သည်—

(က) အဆိုပြုလွှာ တင်သွင်းသူသည် မြို့နယ် ပြည်သူ့ကောင်စီဝင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ

၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့်(ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ခြင်းရှိမရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသည့် အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သဘောထား မှတ်ချက်ပါဝင်သည့်အစီရင်ခံစာကို ပြည်နယ်နှင့်တိုင်း အလုပ်အမှုဆောင်အဖွဲ့သို့တင်ပြရမည်။

၃၀။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အစီရင်ခံစာကို ရရှိသောအခါ—

(က) အဆိုပြုလွှာ တင်သွင်းသူသည် မြို့နယ်ပြည်သူ့ကောင်စီဝင် မဟုတ်ကြောင်းကိုသော်လည်းကောင်း၊အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကိုသော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကိုပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အသိပေးပြန်ကြားရမည်။

၃၁။ အဆိုပြုလွှာတင်သွင်းသူသည် မြို့နယ်ပြည်သူ့ကောင်စီဝင် ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်း ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာတင်သွင်းသူ၊ အဆိုပြုခြင်းခံရသောအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အကြောင်းကြားရမည်။ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အားတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကိုဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့လည်း ပေးပို့ရမည်။

၃၂။ (က) မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပချိန် ဖြစ်လျှင် ယင်းအစည်းအဝေးတွင်လည်းကောင်း၊ အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လိုအပ်ပါက အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ၍လည်းကောင်း တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို တင်ပြဆောင်ရွက်ရမည်။ ယင်း အစည်းအဝေးတွင် ပြည်သူ့ကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆိုပြုလွှာတင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသော မြို့နယ်ပြည်သူ့ကောင်စီအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သည် သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီဝင်များအား အဆိုပြုလွှာပါ အကြောင်းရပ်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့်ရှိသည်၊

(ဂ) တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်အဆိုကို မြို့နယ် ပြည်သူ့ကောင်စီက သဘောတူကြောင်းဆုံးဖြတ်ပါက ယင်းအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်နေရာတွင် အဖွဲ့အစည်းသစ်၊ သို့မဟုတ် အဖွဲ့ဝင်သစ်ကို ယင်းအစည်းအဝေး၌ အစားထိုးရွေးချယ်တင်မြှောက်ရမည်။

# အပိုင်း ၄

## အခန်း (၁)

### ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၃၃။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်တဦးဦးကိုတာဝန်မှပြန်လည် ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ) ပါပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ မဲဆန္ဒရှင်တဦးဦးသည် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အဆိုပြုလွှာ တင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် မိမိအမည်၊နေရပ်၊ အမျိုးသားမှတ်ပုံတင်အမှတ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ သဘာပတိအဖွဲ့သည် ယင်းအဆိုပြုလွှာကို နိုင်ငံတော်ကောင်စီသို့ ပေးပို့ရမည်။

၃၄။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၃၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာ တင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ခြင်း ရှိ မရှိစုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသူအား ခုခံချေပနိုင်ရန်အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် ပါဝင်သည့် အစီရင်ခံစာကို နိုင်ငံတော် ကောင်စီသို့တင်ပြရမည်။

၃၆။ နိုင်ငံတော်ကောင်စီသည် အစီရင်ခံစာကို ရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် မဟုတ် ကြောင်းကိုသော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံး မဝင်ကြောင်းကို သော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်း ဆုံးဖြတ်ချက်ကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့က အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား အသိပေးပြန်ကြားရမည်။

၃၇။ အဆိုပြုလွှာ တင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း နိုင်ငံတော်ကောင်စီကစိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်းဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတော်ကောင်စီက ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့အကြောင်းကြားရမည်။

၃၈။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသဘာပတိအဖွဲ့ကအဆိုပြုလွှာ တင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား နိုင်ငံတော်ကောင်စီ ဆုံးဖြတ်ချက်ကို အသိပေးပြန်ကြားရမည်။

၃၉။ နိုင်ငံတော်ကောင်စီသည်ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မရှင်အား ဆန္ဒမဲပေးပွဲကျင်းပရန် အကြောင်းကြားရမည်။

# အခန်း (၂)

## ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၄၀။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အဖွဲ့အစည်းတခုခု၊ သို့မဟုတ် အဖွဲ့ဝင်တဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့်(ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီဝင်တဦးဦးသည် နိုင်ငံတော်ကောင်စီသို့ အဆိုပြုလွှာ တင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ သက်ဆိုင်ရာမဲဆန္ဒနယ်နှင့်တကွ အဆိုပြုလွှာကိုမိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

၄၁။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်—

(က) အဆိုပြုလွှာ တင်သွင်းသူသည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင် ဟုတ်မဟုတ် နှင့် အဆိုပြုချက်သည်အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ

ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ခြင်းရှိ မ ိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်ပါဝင်သည့် အစီရင်ခံစာကိုနိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၄၃။ နိုင်ငံတော်ကောင်စီသည် အစီရင်ခံစာကို ရရှိသောအခါ—

(က) အဆိုပြုလွှာ တင်သွင်းသူသည် ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီဝင် မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံး မဝင်ကြောင်းကို သော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကိုပယ်ရမည်၊

(ခ) ယင်းသို့ ပယ်ကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုလွှာတင်သွင်းသူ၊ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အသိပေး ပြန်ကြားရမည်၊

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်းဆုံးဖြတ်ရမည်၊

(ဃ) ယင်းသို့အကျုံးဝင်ကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာတင်သွင်းသူ၊ အဆိုပြုခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သို့ အကြောင်းကြားရမည်။ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား တာဝန်မှပြန်လည် ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို ဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်နယ်၊ သို့မ

ဟုတ် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ ပေးပို့ ရမည်။

၄၄။ (က) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အစည်းအဝေးကျင်းပ ချိန်ဖြစ်လျှင် ယင်းအစည်းအဝေးတွင် လည်းကောင်း၊ အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် လိုအပ်ပါက အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ၍လည်းကောင်း တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို တင်ပြ ဆောင်ရွက်ရမည်။ ယင်း အစည်းအဝေးတွင် ပြည်သူ့ကောင်စီဥပဒေ၊နည်းဥပဒေများနှင့်အညီ အဆို ပြုလွှာတင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသော ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သည် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်များအား အဆိုပြုလွှာပါ အကြောင်းရပ်နှင့်စပ်လျဉ်း၍ ပြန်လည် ရှင်းလင်းနိုင်ခွင့်ရှိသည်၊

(ဂ) တာဝန်မှပြန်လည်ရုပ်သိမ်းရန်အဆိုကို ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက သဘောတူကြောင်း ဆုံးဖြတ်ပါက ယင်းအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်နေရာတွင် အဖွဲ့ အစည်းသစ်၊ သို့မဟုတ် အဖွဲ့ဝင်သစ်ကို ယင်းအစည်း အဝေး၌ အစားထိုးရွေးချယ်တင်မြှောက်ရမည်။

## အပိုင်း ၅

## အခန်း (၁)

## လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၄၅။ လွှတ်တော်ကိုယ်စားလှယ်တဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ) ပါ ပြစ်ဒဏ်ချက်တရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ မဲဆန္ဒရှင်တဦးဦးသည်လွှတ်တော်သဘာပတိအဖွဲ့သို့ အဆိုပြုလွှာတင်သွင်းနိုင်သည်။ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊နေရပ်၊ အမျိုးသားမှတ်ပုံတင်အမှတ်နှင့်တကွ အဆိုပြုလွှာကိုမိမိကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။ လွှတ်တော်သဘာပတိအဖွဲ့သည် ယင်းအဆိုပြုလွှာကိုနိုင်ငံတော်ကောင်စီသို့ ပေးပို့ရမည်။

၄၆။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊

(ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသူအား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် ပါဝင်သည့်အစီရင်ခံစာကို နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၄၇။ နိုင်ငံတော်ကောင်စီသည် အစီရင်ခံစာကိုရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံ ဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကိုသော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်းဆုံးဖြတ်ချက်ကို လွှတ်တော် သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။ လွှတ်တော် သဘာပတိအဖွဲ့ကအဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား အသိပေးပြန်ကြားရမည်။

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်ဟုတ်မှန်၍အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်းစိစစ်တွေ့ရှိလျှင် လွှတ်တော် သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။

၄၈။ လွှတ်တော်သဘာပတိအဖွဲ့က အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အားအသိပေးပြန်ကြားရမည်။ အဆိုပြုလွှာနှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးပွဲ ကျင်းပရန် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မရှင်သို့ နိုင်ငံတော်ကောင်စီက အကြောင်းကြားရမည်။

## အခန်း (၂)

### လွှတ်တော်က ရွေးချယ်တင်မြှောက်ပြီး တာဝန် ပေးအပ်ထားသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၅၀။ (က) လွှတ်တော်က ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းတခုခု၊ သို့မဟုတ် အဖွဲ့ဝင် တဦးဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ဖော်ပြ၍ လွှတ်တော်ကိုယ်စားလှယ်တဦးဦးက – မိမိအမည်၊ နေရပ်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင်လက်မှတ်ရေးထိုးပြီး တင်သွင်းနိုင်သည်၊

(ခ) အဆိုပြုခြင်းခံရသူအဖွဲ့ဝင်သည် အခြေခံဥပဒေ ပုဒ်မ ၆၄ ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော် ကောင်စီဝင်ဖြစ်လျှင်သော်လည်းကောင်း၊ အခြေခံဥပဒေပုဒ်မ ၅၃ ပုဒ်မခွဲ (ခ) အရ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်သဘာပတိအဖွဲ့ဝင်ဖြစ်လျှင် သော်လည်းကောင်း ယင်းအားရွေးချယ် တင်မြှောက်လိုက်

သည့် သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းမှ လွှတ်တော် ကိုယ်စားလှယ်က အဆိုပြုလွှာတင်သွင်းရမည်။

၅၁။ (က) နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် နိုင်ငံတော်ကောင်စီဝင်မှ အပ လွှတ်တော်မှ ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို အဆိုပြုလွှာ တင်သွင်းလိုလျှင် နိုင်ငံတော် ကောင်စီသို့ တင်သွင်းရမည်၊

(ခ) နိုင်ငံတော်ကောင်စီကို ဖြစ်စေ၊ နိုင်ငံတော်ကောင်စီဝင်ကို ဖြစ်စေ အဆိုပြုလွှာတင်သွင်းလိုလျှင် လွှတ်တော် သဘာပတိအဖွဲ့သို့ တင်သွင်းရမည်။

၅၂။ နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် လွှတ်တော် သဘာပတိအဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာတင်သွင်းသူသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့်အကျုံးဝင်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသောအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်ပါဝင်သည့် အစီရင်ခံစာကို မိမိအား ဖွဲ့စည်းပေးသည့် နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် လွှတ်တော် သဘာပတိအဖွဲ့သို့တင်ပြရမည်။

၅၄။ နိုင်ငံတော်ကောင်စီသည် အစီရင်ခံစာကိုရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် ပုဒ်မ ၅၀ ပုဒ်မခွဲ (က) ပါ လွှတ်တော်ကိုယ်စားလှယ်မဟုတ်ကြောင်းကို သော်လည်းကောင်း၊ ပုဒ်မခွဲ(ခ)ပါ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှလွှတ်တော်ကိုယ်စားလှယ်မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကိုသော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အသိပေးပြန်ကြားရမည်၊

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် ပုဒ်မ ၅၀ ပုဒ်မခွဲ (က)ပါ လွှတ်တော်ကိုယ်စားလှယ်၊ သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှ လွှတ်တော်ကိုယ်စားလှယ်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်းစိစစ် တွေ့ရှိလျှင် အကျုံးဝင်ကြောင်း ဆုံးဖြတ်ရမည်၊

(ဃ) ယင်းသို့အကျုံးဝင်ကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ်အဖွဲ့ဝင်အား အကြောင်းကြားရမည်။ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို ဆက်လက်ဆောင်ရွက်ရန် လွှတ်တော် သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။

၅၅။ လွှတ်တော်သဘာပတိအဖွဲ့သည် အစီရင်ခံစာကိုရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာ ပြည်နယ်၊သို့မဟုတ် တိုင်းမှ

လွှတ်တော်ကိုယ်စားလှယ် မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အခြေခံ ဥပဒေ ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ)အရ ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော် ကိုယ်စားလှယ်မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကို သော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကိုပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသော နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် နိုင်ငံတော် ကောင်စီဝင်အား အသိပေးပြန်ကြားရမည်၊

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် အခြေခံ ဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ(က)အရ ဆက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှလွှတ်တော်ကိုယ်စားလှယ်၊သို့မဟုတ် အခြေခံဥပဒေ ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ) အရ ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊(ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်းဆုံးဖြတ်ရမည်၊

(ဃ) ယင်းသို့အကျုံးဝင်ကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာတင်သွင်းသူ၊ နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် နိုင်ငံတော်ကောင်စီဝင်အား အကြောင်း ကြားရမည်။ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို ဆက်လက်ဆောင်ရွက်ရမည်။

၃၆။ (က) လွှတ်တော် အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးတွင်လည်းကောင်း၊ အစည်းအဝေးကျင်းပချိန်မဟုတ်လျှင်လိုအပ်ပါက အထူးအစည်းအဝေးခေါ်ယူ

ကျင်းပ၍လည်းကောင်း တာဝန်မှရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို ပြည်သူ့လွှတ်တော် ဥပဒေ၊ နည်းဥပဒေ များနှင့် အညီ အဆိုပြုလွှာ တင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သည် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များအား အဆိုပြုလွှာပါ အကြောင်းရပ်နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့်ရှိသည်၊

(ဂ) တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်အဆိုကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ပါက ယင်းအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်နေရာတွင် အဖွဲ့အစည်းသစ်၊ သို့မဟုတ် အဖွဲ့ဝင်သစ်ကို ယင်းအစည်းအဝေး၌ အစားထိုးရွေးချယ်တင်မြှောက်ရမည်။

၅၇။ (က) အဆိုပြုခြင်းခံရသော အဖွဲ့ဝင်သည် ပုဒ်မ ၅၀ ပုဒ်မခွဲ (ခ)ပါအဖွဲ့ဝင်ဖြစ်လျှင်လွှတ်တော်အစည်းအဝေး ကျင်းပချိန်တွင် သဘာပတိအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ်တိုင်းမှ လွှတ်တော် ကိုယ်စားလှယ်များအား ဖိတ်ကြား၍သီးခြား အစည်းအဝေးပြုလုပ်ရမည်။ အစည်းအဝေးတွင်အဆိုပြုလွှာတင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသောအဖွဲ့ဝင်သည် သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းမှ လွှတ်တော်ကိုယ်စားလှယ်များအား အဆိုပြုလွှာပါအကြောင်းရပ်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့်ရှိသည်၊

(ဂ) သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှ လွှတ်တော် ကိုယ်စားလှယ်များက တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုရန်သဘောမတူကြောင်းဆုံးဖြတ်ပါက ယင်းသို့ ဆုံး

ဖြတ်ကြောင်းကို လွှတ်တော်သို့တင်ပြရမည်။ သဘောတူကြောင်းဆုံးဖြတ်ပါက ယင်းသီးခြား အစည်းအဝေး၌ သက်ဆိုင်ရာအဖွဲ့ဝင်နေရာတွင် အဖွဲ့ဝင်သစ်ကို အစားထိုး ရွေးချယ်တင်မြှောက်ရမည်၊

(ဃ) တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းခံရသော အဖွဲ့ဝင်သည် အခြေခံဥပဒေ ပုဒ်မ ၆၄ ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင် ဖြစ်ပါက လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်သဘာပတိ အဖွဲ့ဝင်ဖြစ်ပါက လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။

## အပိုင်း ၆

## အခန်း (၁)

### ပြည်သူ့ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည်နှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များ၏ ဆန္ဒရယူခြင်း

၅၈။ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို ဆန္ဒမဲပေးပွဲ ကျင်းပ၍ဆုံးဖြတ်ရာ၌ ပြည်သူ့ဆန္ဒအစစ်အမှန် ဖြစ်စေရန်နှင့် မှန်မှန် ကန်ကန်ဖြစ်စေရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ပေးရေးအတွက် အဆိုပြုခြင်းခံရသူသည် ရပ်ကွက်နှင့်ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဝင်၊ သို့မဟုတ် မြို့နယ်ပြည်သူ့ကောင်စီဝင်ဖြစ်လျှင် သက်ဆိုင်ရာမြို့နယ် ပါတီယူနစ်သို့လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းပြည်သူ့ ကောင်စီဝင်ဖြစ်လျှင် သက်ဆိုင်ရာဒေသပါတီကော်မီတီသို့ လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်ဖြစ်လျှင် ပါတီ ဗဟိုကော်မီတီ ဌာနချုပ်သို့ လည်းကောင်း သက်ဆိုင်ရာ သဘာပတိအဖွဲ့၊ သို့မဟုတ် နိုင်ငံတော် ကောင်စီက အကြောင်းကြားရမည်။

၅၉။ ပြည်သူ့ကိုယ်စားလှယ် တဦးဦးကို တာဝန်မှပြန်လည် ရုပ်သိမ်း ခြင်းပြုမည် မပြုမည်နှင့်စပ်လျဉ်း၍ လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့်

မဲဆန္ဒရှင်များ၏ ဆန္ဒသဘောထား အစစ်အမှန်ရယူရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) အဆိုပြုခြင်းခံရသူသည် မဲဆန္ဒရှင်များအား အဆိုပြုလွှာပါ အကြောင်းရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းနိုင်ရန် အကြောင်းကြားရမည်၊

(ခ) အဆိုပြုခြင်းခံရသူအား တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို ဆန္ဒမဲပေးပွဲကျင်းပ၍ ဆုံးဖြတ်ရမည်၊

(ဂ) မဲဆန္ဒရှင်များ၏ ထက်ဝက်ကျော်က လာရောက် ဆန္ဒမဲပေးသည့်အပြင် ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒပြုသည့်အတိုင်း အတည်ဖြစ်စေရမည်။

# အခန်း (၂၂)

## အထွေထွေ

၆၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အဆိုပြုခြင်းခံရသူအား ရွေးချယ်တင်မြှောက်လိုက်သည့် မဲဆန္ဒနယ်မှ ပြည်သူ့ကိုယ်စားလှယ်များ မပါဝင်စေရ။

၆၁။ ဤဥပဒေအရ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို ဆန္ဒမဲပေးပွဲကျင်းပ၍ ဆုံးဖြတ်ရန် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်က တာဝန်ယူ ဆောင်ရွက်ရမည်။

၆၂။ ဤဥပဒေအရ ပြည်သူ့ကိုယ်စားလှယ်တဦးအား မဲဆန္ဒရှင်များက တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်နှင့် စပ်လျဉ်း၍ကျင်းပသောဆန္ဒမဲပေးပွဲသည် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ကျင်းပသည့် ဆန္ဒမဲပေးပွဲ ဖြစ်သည်ဟု မှတ်ယူရမည်။

၆၃။ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်နေရာအတွက် အစားထိုးရွေးချယ်တင်မြှောက်ရန် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်အရ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်က ကျင်းပပေးရမည်။

၆၄။ အဖွဲ့ဝင်ဖြစ်သော ပြည်သူ့ကိုယ်စားလှယ်တဦးသည် အဖွဲ့ဝင်အဖြစ်မှ တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရစေကာမူ ပြည်သူ့ကိုယ်စားလှယ် အဖြစ်ဆက်လက်တည်ရှိသည်။

၆၅။ အဖွဲ့ဝင်ဖြစ်သော ပြည်သူ့ကိုယ်စားလှယ် တဦးသည် ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရလျှင် အဖွဲ့ဝင်အဖြစ်မှလည်းရပ်စဲသည်။

၆၆။ ပြည်သူ့ကိုယ်စားလှယ် တဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတခုခုကိုဖြစ်စေ၊ အဖွဲ့ဝင်တဦးဦးကိုဖြစ်စေ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းမပြုကြောင်း သက်ဆိုင်ရာက ဆန္ဒမဲပေး၍ ဆုံးဖြတ်ပြီးလျှင် ယင်းအားတာဝန်မှ ပြန်လည်ရုပ်သိမ်းရန် တင်သွင်းခဲ့ပြီးသော အဆိုပြုလွှာပါ အကြောင်းဖြစ်ရပ်ဖြင့်ပင် တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် ထပ်မံ၍အဆိုပြုလွှာတင်သွင်းခြင်းမပြုရ။

၆၇။ ပြည်သူ့ကိုယ်စားလှယ်၊ သို့မဟုတ် အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အပေါ် မမှန်မကန်လုပ်ကြံစွပ်စွဲကြောင်း ပေါ်လွင်ပါက အဆိုပြုလွှာတင်သွင်းသူကို ဥပဒေနှင့်အညီ အရေးယူနိုင်သည်။

၆၈။ ဤဥပဒေပါ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အလို့ငှါ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီသည် လိုအပ်သလို ထုတ်ပြန်နိုင်သည်။

# ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေ၏နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ

# ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေ အမှတ် ၀]

## နိဒါန်း

အလုပ်သမားများသည် မမာမကျန်းဖြစ်သည့်အခါဖြစ်စေ၊ ယာယီ မသန်စွမ်းမှုဖြစ်သည့်အခါဖြစ်စေ၊ မမာမကျန်းမှု သို့မဟုတ် ယာယီ မသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလက်ငင်းအကျိုးခံစားခွင့်များကို အလုပ်မလုပ်သည့်နေ့မှ လေးရက်မြောက်သောနေ့မှသာ စတင်ခံစားနိုင်မည့်အစား အလုပ်မလုပ်သည့်နေ့မှစ၍ခံစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သည် အောက်ပါ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤ နည်းဥပဒေများကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေအရ နည်းဥပဒေများဟု သတ်မှတ်ခဲ့သည့် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေတွင်ပါရှိသော—

(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၁) ၌ "လေးရက် မြောက်သောနေ့ (စောင့်ဆိုင်းရမည့် ကာလ အပိုင်းအခြား) က" ဆိုသော စကားရပ်ကိုနုတ်ပယ်ရမည်၊

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၂) နှင့် (၄) တို့ကိုပယ်ဖျက်ရမည်၊

(ဂ) ပုဒ်မ ၃၁ ၌ "လေးရက် မြောက်သောနေ့ (စောင့်ဆိုင်းရမည့် ကာလအပိုင်း အခြား)က" ဆိုသည့် စကားရပ်ကို နုတ်ပယ်ရမည်၊

(ဃ) လက်ရှိပုဒ်မ ၃၅ ပါစကားရပ်များကိုပယ်ဖျက်၍ အောက်ပါ စကားရပ်များကို အစားထိုးရမည်—

"ပုဒ်မ ၁၅ [၁၆(၁) နှင့် (၃)] ၁၉ နှင့် ၂၀ ပါ ပြဋ္ဌာန်းချက်များသည် ယာယီ မသန်မစွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်နှင့်သက်ဆိုင်နိုင်သမျှသက်ဆိုင်စေရမည်။"

# ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေ၏နည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေ

# ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေ အမှတ် ၂]

## နိဒါန်း

အလုပ်သမားများသည် မမာမကျန်းဖြစ်သည့်အခါတွင် ဆေးလက်မှတ် ခွင့်ရက်များကိုစတင်ခံစားသည့်နေ့မှ သုံးရက်အတွင်း သက်ဆိုင်ရာရာ ပေးမြဲ လစာငွေ၏ ထက်ဝက်၊ သို့မဟုတ် အခကြေးငွေ၏ ထက်ဝက်ဖြင့် ခံစားနေကြရာမှ သက်ဆိုင်ရာရာပေးမြဲလစာ၊ သို့မဟုတ် အခကြေးငွေဖြင့် ခံစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သည် အောက်ပါ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤနည်းဥပဒေများကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေအရ၊ နည်းဥပဒေများဟု သတ်မှတ်ခဲ့သော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၏ ခြွင်းချက်တွင် "အဆိုပါခွင့်ရက်ပေးရာတွင် သုံးရက်ဆိုင်းငံ့ပြီးမှပေးရမည်။ ထိုသို့ ဆိုင်းငံ့ရသည့်သုံးရက်အတွက် ထိုအလုပ်သမားအား သက်ဆိုင်ရာရာ ပေးမြဲ လစာငွေ၏ထက်ဝက်၊ သို့တည်းမဟုတ် ပေးမြဲ အခကြေးငွေ၏ ထက်ဝက်ပေးရမည်။" ဟူသည့်စကားရပ်ကိုနုတ်ပယ်ရမည်။

# ပြည်သူ့လွှတ်တော်တွင်း ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း .... | ၂၂၅ |
| ၂။ | အပိုင်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် .... | ၂၂၆ |
| ၃။ | အပိုင်း (၂)<br>ယာယီသဘာပတိတင်မြှောက်ခြင်း .... | ၂၂၇ |
| ၄။ | အပိုင်း(၃)<br>သဘာပတိအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း .... | ၂၂၈ |
| ၅။ | အပိုင်း(၄)<br>နိုင်ငံတော်ကောင်စီ ရွေးချယ် တင်မြှောက်ခြင်း | ၂၃၀ |
| ၆။ | အပိုင်း (၅)<br>ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ ရွေးချယ် တင်မြှောက်ခြင်း .... | ၂၃၈ |
| ၇။ | အပိုင်း(၆)<br>လွှတ်တော်ရေးရာ ကော်မီတီများ ရွေးချယ် တင်မြှောက်ခြင်း .... | ၂၄၆ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | အပိုင်း(၇) | |
| | ဆန္ဒမဲပေးခြင်း | ၂၄၁ |
| ၉။ | အပိုင်း(၈) | |
| | ဆန္ဒမဲရေတွက်ခြင်း .... | ၂၅၂ |
| ၁၀။ | အပိုင်း(၉) | |
| | မပြီးပြတ်သေးသော ဆန္ဒပေးပွဲများကို ဆက်လက်ပြုလုပ်ခြင်း .... | ၂၅၇ |
| ၁၁။ | အပိုင်း(၁၀) | |
| | ရွေးချယ်တင်မြှောက်ခြင်း ခံရသူများစာရင်း ကြေညာခြင်း .... | ၂၆၀ |
| ၁၂။ | အပိုင်း(၁၁) | |
| | အထွေထွေ .... | ၂၆၂ |
| | နောက်ဆက်တွဲ | |
| | ဆန္ဒပေးကပ်ပြားပုံစံများနှင့် ဆန္ဒမဲရေတွက်ရာတွင် အသုံးပြုသည့်ပုံစံများ .... | ၂၆၄ |

# ပြည်သူ့လွှတ်တော်တွင်း ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် လုပ်ထုံးလုပ်နည်းများ အမှတ် ၁]

## နိဒါန်း

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ တင်မြှောက်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းသော ကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါ ပြည်သူ့လွှတ်တော်တွင်း ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်သူ့လွှတ်တော်တွင်း ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

# အပိုင်း (၂)

## ယာယီသဘာပတိတင်မြှောက်ခြင်း

၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃ အရ ယာယီသဘာပတိတင်မြှောက်သည့်အခါ အခမ်းအနားမှူးသည်အောက်ပါအတိုင်း ဆောက်ရွက်ရမည်—

(က) ယာယီသဘာပတိတင်မြှောက်ရန် အဆိုတင်သွင်းရေးအတွက် ဖိတ်ခေါ်ရမည်၊

(ခ) ယာယီသဘာပတိ တင်မြှောက်ရေးအတွက် တင်သွင်းသောအဆိုကို ထောက်ခံရန် ဖိတ်ခေါ်ရမည်၊

(ဂ) အဆိုပြုချက်၊ထောက်ခံချက်များကို လွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏အတည်ပြုချက်ကို အသံဖြင့် ရယူရမည်၊

(ဃ) လွှတ်တော်၏အတည်ပြုချက်ကိုရယူပြီးလျှင် ယာယီသဘာပတိအဖြစ်တင်မြှောက်ကြောင်း ကြေညာပြီး တာဝန်ထမ်းဆောင်ရန်ဖိတ်ခေါ်ရမည်။

၄။ ယာယီ သဘာပတိသည် လွှတ်တော်၏ ရှေ့မှောက်တွင် နည်းဥပဒေ ၃(င)အရ ကတိသစ္စာပြုပြီးနောက် နည်းဥပဒေ ၅ ပါ အတိုင်း လွှတ်တော်ကိုယ်စားလှယ်များကို ကတိသစ္စာ ပြုစေရမည်။

## အပိုင်း (၃)

## သဘာပတိအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း

၅။ ယာယီသဘာပတိသည် နည်းဥပဒေ ၉ အရ လည်းကောင်း၊ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၁၀ အရ လည်းကောင်း သဘာပတိအဖွဲ့ ရွေးချယ် တင်မြှောက်ရန် အောက်ပါနည်းလမ်း နှစ်ရပ်အနက် သင့်တော်ရာနည်းလမ်းတရပ်ရပ်ကိုအသုံးပြုနိုင်သည်

(က) ပြောင်ရွေးချယ်တင်မြှောက်သည့်စနစ်၊

(ခ) လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သည့်စနစ်။

၆။ ပြောင် ရွေးချယ်တင်မြှောက်သည့်စနစ်ကို အသုံးပြုပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းမှ ယခင် လွှတ်တော်အစည်းအဝေးသဘာပတိအဖွဲ့ဝင်က ဦးဆောင်လျက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းမှ လွှတ်တော်ကိုယ်စားလှယ်များ၏ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး သဘာပတိအဖွဲ့ဝင်အဖြစ် မည်သူကိုအဆိုပြုကြောင်း လွှတ်တော်ကိုယ်စားလှယ်တဦးက အဆိုပြု၍ အခြားလွှတ်တော်ကိုယ်စားလှယ်တဦးက ထောက်ခံရမည်။ ယင်းအတွက် လွှတ်တော်ပုံစံ ၁(က) ကို အသုံးပြုရမည်။

၇။ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သည့်စနစ်ကို အသုံးပြုပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) သဘာပတိ အဖွဲ့ဝင်များကို ပြည်နယ်နှင့် တိုင်း

အလိုက် ရွေးချယ်တင်မြှောက်သည့်အခါ လွှတ်တော် ပုံစံ ၁(ခ) ကို အသုံးပြုရမည်၊

(ခ) ပြည်နယ်နှင့် တိုင်းအလိုက် သဘာပတိ အဖွဲ့ဝင်လောင်း အမည်စာရင်းပြုစုရာတွင် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးများ၌ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းများမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ အမည်စာရင်းကို လည်းကောင်း၊ ပုံမှန် အစည်းအဝေးများ၌ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လည်းကောင်း အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ဂ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရခြင်းတို့ကို အပိုင်း (၇)၊ (၈)နှင့်(၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်၊

(ဃ) နည်းဥပဒေ ၉ အရ သဘာပတိ အဖွဲ့ဝင်များ၏ အမည်စာရင်း တင်သွင်းစေခြင်း၊ အတည်ပြုချက်ရယူခြင်း၊ ကြေညာခြင်း ပြုလုပ် ပြီးနောက် နည်းဥပဒေ ၁၀ အရ သဘာပတိတာဝန်လွှဲပြောင်းခြင်းကို ဆောင်ရွက်ရမည်။

၈။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈ အရ ပြည်သူ့လွှတ်တော်၏ ပုံမှန်အစည်းအဝေး ကျင်းပသည့်အခါမှသာ သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ရသဖြင့်ပုံမှန်အစည်းအဝေးတခုနှင့်တခု အကြားတွင် သဘာပတိအဖွဲ့ဝင် နေရာလစ်လပ်ခဲ့လျှင် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းမပြုရ။ သို့ရာတွင် လွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပနေစဉ်အတွင်း တစုံတခုသော အကြောင်းကြောင့် သဘာပတိအဖွဲ့ဝင် နေရာလစ်လပ်ခဲ့လျှင် ယင်းအစည်းအဝေး၌ လစ်လပ်သော သဘာပတိအဖွဲ့ဝင် နေရာအတွက်အစားထိုး ရွေးချယ်တင်မြှောက်နိုင်သည်။

## အပိုင်း (၄)

## နိုင်ငံတော်ကောင်စီ ရွေးချယ်တင်မြှောက်ခြင်း

၉။ (က) ပြည်နယ်နှင့်တိုင်းများမှ နိုင်ငံတော်ကောင်စီဝင်တဦးကျစီ ရွေးချယ် တင်မြှောက်ခြင်း။ ။အလုပ်ညွှန်ကြားသဘာပတိသည် နည်းဥပဒေ ၁၄(က)အရ ပြည်နယ်နှင့် တိုင်းအသီးသီးမှနိုင်ငံတော်ကောင်စီဝင်တဦးကျစီကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(၁) ပြည်နယ်နှင့် တိုင်းများမှ နိုင်ငံတော်ကောင်စီဝင်တဦးကျစီကို ရွေးချယ် တင်မြှောက်ရေးအတွက် လွှတ်တော်ပုံစံ ၂(က)ကို အသုံးပြုရမည်၊

(၂) ပြည်နယ်နှင့်တိုင်းအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်း နိုင်ငံတော် ကောင်စီဝင်လောင်း အမည်စာရင်းတွင် အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(၃) နိုင်ငံတော်ကောင်စီဝင်တဦးကျစီကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း လွှတ်တော် ကိုယ်စား

လှယ်များက ဆန္ဒပေး ရွေးချယ်တင်မြှောက်စေ ရမည်၊

(၄) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ် တင်မြှောက်ခံရခြင်းတို့ကို အပိုင်း(၇)၊(၈)နှင့် (၁၀)တို့ပါ နည်းလမ်းများအတိုင်း ဆောင် ရွက်ရမည်၊

(ခ) **လွှတ်တော်က နိုင်ငံတော်ကောင်စီဝင် ၁၄ ဦး ရွေးချယ်တင်မြှောက်ခြင်း။** ။အသုည့်ကျ သဘာ ပတိသည် နည်းဥပဒေ ၁၄ (က) အရ ရွေးချယ် တင်မြှောက်ခြင်းခံရသော သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းများမှ နိုင်ငံတော်ကောင်စီဝင်များ၏ အမည် စာရင်းကိုတင်သွင်းစေပြီး နည်းဥပဒေ ၁၄ (ဂ) အရ လွှတ်တော်သို့ ကြေညာပြီးလျှင် နည်းဥပဒေ ၁၅ (က) အရ နိုင်ငံတော်ကောင်စီဝင် ၁၄ ဦး ရွေးချယ် တင်မြှောက်နိုင်ရေးအတွက် အောက်ပါ အတိုင်းဆောင်ရွက်ရမည် ---

(၁) ပြည်နယ်နှင့်တိုင်းများမှ နိုင်ငံတော်ကောင်စီ ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ များမှအပ ကျန်လွှတ်တော် ကိုယ်စားလှယ် များထဲမှ နိုင်ငံတော်ကောင်စီဝင်လောင်း ၁ ဦး မှ ၁၄ ဦးအထိ အမည်စာရင်းကို သဘာ ပတိအဖွဲ့ထံ တင်သွင်းရန် ကြေညာရမည်၊

(၂) လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်း သော နိုင်ငံတော်ကောင်စီဝင်လောင်း အမည် စာရင်းများကို ဆန္ဒမဲအများအနည်းအလိုက် ကန်းစီဇယားပြုစု၍ အနည်းဆုံး ၁၄ ဦးမှ အများဆုံး ၂၁ ဦးအထိ နိုင်ငံတော်ကောင်စီ ဝင်လောင်းအမည်စာရင်းကိုပြုလုပ်ရမည်၊

(၃) နိုင်ငံတော်ကောင်စီဝင်လောင်း အမည်စာရင်း ကြေညာရန် အနည်းဆုံး ၁၄ ဦး မပြည့်သေးပါက လက်ခံရရှိပြီးဖြစ်သော နိုင်ငံတော်ကောင်စီဝင်လောင်းများ၏ အမည်စာရင်းကို အမည်အက္ခရာစဉ်ဖြင့် ကြေညာပြီး လိုအပ်သည့် အရေအတွက်ကို ထပ်မံတင်သွင်းရန် လွှတ်တော်သို့ကြေညာရမည်၊

(၄) လွှတ်တော် ကိုယ်စားလှယ်များက လိုအပ်သော နိုင်ငံတော်ကောင်စီဝင်လောင်း အနည်းဆုံး ၁၄ ဦးပြည့်သည်အထိ ထပ်မံတင်သွင်းစေရမည်၊

(၅) နိုင်ငံတော် ကောင်စီဝင်လောင်း အနည်းဆုံး ၁၄ ဦးပြည့်သည့် အခါမှသာလျှင် ရွေးချယ်တင်မြှောက်ပွဲကို ပြုလုပ်နိုင်ရန် နိုင်ငံတော်ကောင်စီဝင်လောင်းများ အမည်စာရင်းကို အမည်အက္ခရာစဉ်ဖြင့် လွှတ်တော်သို့ကြေညာရမည်၊

(၆) အပိုဒ်ခွဲငယ် (၂) အရ တန်းစီဇယား ပြုစုရာတွင် နိုင်ငံတော် ကောင်စီဝင်လောင်း ၂ ဦး သို့မဟုတ် ၂ ဦးထက် ပိုသောသူများသည် ဆန္ဒမဲချင်း တူညီနေပါက ယင်းတို့၏ အမည်များကို အမည် အက္ခရာစဉ် အလိုက် တန်းစီဇယားတွင် ထည့်သွင်းရမည်၊

(၇) တန်းစီဇယားပြုစုရာတွင် နိုင်ငံတော်ကောင်စီဝင်လောင်းများ အမည်စာရင်းနှင့် စပ်လျဉ်း၍ စုစုပေါင်းကြေညာရမည့်ဦးရေ၏နောက်ဆုံးနေရာဖြစ်သော ၂၁ ဦးမြောက်နေရာတွင် ၂ ဦး သို့မဟုတ် ၂ ဦးထက် ပိုပြီး ဆန္ဒမဲချင်း တူညီနေပါက ယင်းသို့ ဆန္ဒ

မဲချင်း တူညီနေသူများ၏ အမည်များကို လွှတ်တော်သို့ ကြေညာကာ ယင်းတို့အနက်မှ တဦး၏အမည်ကို ဒုတိယအကြိမ်တင်သွင်းရန် ကြေညာရမည်။ ဒုတိယအကြိမ်တွင်လည်း ဆန္ဒမဲချင်း ထပ်မံတူညီနေပါက တတိယအကြိမ်တင်သွင်းရန် ကြေညာရမည်။ တတိယအကြိမ်တွင်လည်း ဆန္ဒမဲချင်း ထပ်မံတူညီနေပါက ယင်းပုဂ္ဂိုလ်များအနက် တဦးကို အလှည့်ကျသဘာပတိ၏ အဆုံးအဖြတ်ဆန္ဒမဲဖြင့် ရွေးချယ်ပြီး နိုင်ငံတော်ကောင်စီဝင်လောင်းများ အမည်စာရင်းတွင်ထည့်သွင်း၍ လွှတ်တော်သို့ကြေညာရမည်၊

(၈) နိုင်ငံတော် ကောင်စီဝင် ၁၄ ဦးကို ရွေးချယ်တင်မြှောက်ရေးအတွက် လွှတ်တော်ပုံစံ ၂ (ခ) ကို အသုံးပြုရမည်၊

(၉) လွှတ်တော် ကိုယ်စားလှယ် အားလုံးက နိုင်ငံတော်ကောင်စီဝင်လောင်း အမည်စာရင်းထဲမှ ၁၄ ဦးကို ဆန္ဒပေးရွေးချယ်တင်မြှောက်စေရမည်၊

(၁၀) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရခြင်းတို့ကို အပိုင်း (၇)၊ (၈) နှင့် (၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

## နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

၁၀။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၁၆ (က) အရ နိုင်ငံတော်ကောင်စီဝင် ၂၈ ဦးထဲမှ နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်စေရမည်—

(က) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် နိုင်ငံတော်ကောင်စီဝင် ၂၈ ဦးစလုံး

ပါဝင်သော နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌလောင်း အမည်များကို လွှတ်တော်ပုံစံ ၂ (ဂ) ဖြင့် အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ခ) နိုင်ငံတော် ကောင်စီဝင် ၂၈ ဦးက နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌလောင်း အမည်စာရင်းထဲမှ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကိုရွေးချယ်တင်မြှောက်ရမည်၊

(ဂ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရခြင်းတို့ကို အပိုင်း (၇)၊ (၈)နှင့်(၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

**နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ရွေးချယ်တင်မြှောက်ခြင်း**

၁၁။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၁၆ (က) အရ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ပြီးနောက် နိုင်ငံတော်ကောင်စီဝင် ၂၇ ဦးထဲမှ နိုင်ငံတော ကောင်စီ အတွင်းရေးမှူးကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်စေရမည်—

(က) နိုင်ငံတော်ကောင်စီအတွင်းရေးမှူးကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌမှအပ ကျန်နိုင်ငံတော်ကောင်စီဝင် ၂၇ ဦးစလုံး ပါဝင်သော နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးလောင်းအမည်များကို လွှတ်တော်ပုံစံ ၂(ဃ) ဖြင့် အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ခ) နိုင်ငံတော်ကောင်စီဝင် ၂၈ ဦးက နိုင်ငံတော်ကောင်စီအတွင်းရေးမှူးလောင်း အမည်စာရင်းထဲမှ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးကို ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရခြင်းတို့ကို အပိုင်း (၇)၊ (၈) နှင့် (၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

**လစ်လပ်သည့် နိုင်ငံတော်ကောင်စီဝင် နေရာအတွက် ရွေးချယ်တင်မြှောက်ခြင်း**

၁၂။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၁၇ (က) နှင့် (ခ) တို့အရ နိုင်ငံတော်ကောင်စီတွင် တစုံတခုသော အကြောင်းကြောင့် နေရာလစ်လပ်ခဲ့လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) နည်းဥပဒေ ၁၄ (က) အရ ရွေးချယ်တင်မြှောက်ထားသော ပြည်နယ်နှင့် တိုင်းများမှ နိုင်ငံတော်ကောင်စီဝင်နေရာ လစ်လပ်ခဲ့လျှင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၉ (က) အရ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းမှ ထပ်မံရွေးချယ် တင်မြှောက်စေရမည်၊

(ခ) နည်းဥပဒေ ၁၅ အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်နေရာ လစ်လပ်ခဲ့လျှင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၉ (ခ) အရ လွှတ်တော်က ထပ်မံရွေးချယ်တင်မြှောက်စေရမည်။

**လစ်လပ်သည့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ နေရာအတွက် ရွေးချယ်တင်မြှောက်ခြင်း**

၁၃။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၁၇ (ဂ) အရ တစုံတခုသော အကြောင်းကြောင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ နေရာ လစ်လပ်ခဲ့လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) နည်းဥပဒေ ၁၆ (က) အရ နိုင်ငံတော်ကောင်စီဝင်များက ရွေးချယ် တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနေရာ လစ်လပ်ခဲ့လျှင် ယင်း လစ်လပ်သောနေရာအတွက် အဆင့်နှစ်ဆင့်ခွဲခြား၍ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ အရ ဆောင်ရွက်ရမည်—

(၁) ပထမအဆင့်အနေဖြင့် လစ်လပ် သွားသော နိုင်ငံတော်ကောင်စီဝင် နေရာသည် နည်း

ဥပဒေ ၁၄ (က) အရဖြစ်လျှင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၉ (က) အရ သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းမှ ထိုသို့လစ်လပ်သောနိုင်ငံတော်ကောင်စီဝင်နေရာအတွက် အစားထိုး ရွေးချယ်တင်မြှောက်စေရမည်။ လစ်လပ်သော နိုင်ငံတော်ကောင်စီဝင်နေရာသည် နည်းဥပဒေ ၁၅ အရဖြစ်လျှင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၉ (ခ) အရ လွှတ်တော်က ထိုသို့လစ်လပ်သော နိုင်ငံတော်ကောင်စီဝင်နေရာအတွက် အစားထိုး ရွေးချယ်တင်မြှောက်စေရမည်၊

(၂) ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး အပါအဝင် နိုင်ငံတော်ကောင်စီဝင် ၂၈ ဦးစလုံး၏ အမည်စာရင်းကို နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌလောင်း အမည် စာရင်းအတွက် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၀ အရ ထည့်သွင်းဖော်ပြ၍ ရွေးချယ်တင်မြှောက်စေရမည်၊

(ခ) လစ်လပ်နေသော နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနေရာတွင် အပိုဒ်ခွဲ(က) (၂) အရ နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအား နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရလျှင် ယင်းနိုင်ငံတော်ကောင်စီ အတွင်းရေးမှူး နေရာအတွက် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၁ အရ ရွေးချယ်တင်မြှောက်စေရမည်။

**လစ်လပ်သည့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနေရာအတွက် ရွေးချယ်တင်မြှောက်ခြင်း**

၁၄။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၁၇(ဂ)အရ တစုံတခုသော အကြောင်းကြောင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး

နေရာလစ်လပ်ခဲ့လျှင် အောက်ပါအတိုင်း အဆင့်နှစ်ဆင့်ခွဲခြား၍ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ အရ ဆောင်ရွက်ရမည်—

(က) ပထမအဆင့်အနေဖြင့် လစ်လပ်သွားသော နိုင်ငံတော်ကောင်စီဝင်နေရာသည် နည်းဥပဒေ ၁၄ (က) အရဖြစ်လျှင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၉ (က) အရ သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းမှ ထိုသို့လစ်လပ်သောနိုင်ငံတော် ကောင်စီဝင်နေရာအတွက် အစားထိုးရွေးချယ်တင်မြှောက်စေရမည်။ လစ်လပ်သော နိုင်ငံတော်ကောင်စီဝင် နေရာသည် နည်းဥပဒေ ၁၅ အရဖြစ်လျှင် လုပ်ထုံးလုပ်နည်းများအပိုဒ် ၉ (ခ) အရ လွှတ်တော်က ထိုသို့ လစ်လပ်သော နိုင်ငံတော်ကောင်စီဝင် နေရာအတွက် အစားထိုးရွေးချယ်တင်မြှောက်စေရမည်၊

(ခ) ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌမှအပ ကျန်နိုင်ငံတော်ကောင်စီဝင် ၂၇ ဦး၏ အမည်စာရင်းကို နိုင်ငံတော်ကောင်စီ အထွေထွေ ရေးမှူးလောင်း အမည်စာရင်းအတွက် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၁ အရ ထည့်သွင်းဖော်ပြ၍ ရွေးချယ်တင်မြှောက်စေရမည်။

# အပိုင်း (၅)

## ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ ရွေးချယ်တင်မြှောက်ခြင်း

၁၅။ နည်းဥပဒေ ၁၈ အရ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ ရွေးချယ်တင်မြှောက်နိုင်ရန် အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းများကို အောက်ပါအစီအစဉ်အတိုင်း အခြေခံဥပဒေပုဒ်မ ၆၄ (က)နှင့်(ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များက အလှည့်ကျသဘာပတိထံ တင်သွင်းရမည်—

(က) (၁) ဝန်ကြီးအဖွဲ့၊

(၂) ပြည်သူ့တရားသူကြီးအဖွဲ့၊

(၃) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊

(၄) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊

(ခ) ဗဟိုအာဏာပိုင်အဖွဲ့ဝင်လောင်းများ၏အမည်စာရင်း တင်သွင်းရာတွင် အထက်အပိုဒ်ခွဲ (က)ပါ အမှတ်စဉ်အတိုင်းအဖွဲ့အစည်းတခု ရွေးချယ် တင်မြှောက်ပြီးသည့်အခါမှသာ ကျန်အဖွဲ့အစည်းတခု အတွက် အဖွဲ့ဝင်လောင်းအမည်စာရင်းကို တင်သွင်းရမည်။

**ဝန်ကြီးအဖွဲ့ရွေးချယ်တင်မြှောက်ခြင်း**

၁၆။ အလှည့်ကျ သဘာပတိသည် နည်းဥပဒေ ၁၀(ဃ) အရ ဝန်ကြီးအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) ဝန်ကြီး အဖွဲ့ဝင်များကို ရွေးချယ် တင်မြှောက်ရေး အတွက်လွှတ်တော်ပုံစံ ၃(က)ကို အသုံးပြုရမည်၊

(ခ) ဝန်ကြီး အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ဂ) ဝန်ကြီးအဖွဲ့ဝင်များကို လွှတ်တော် ကိုယ်စားလှယ် များက ရွေးချယ်တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင် မြှောက်ခံရခြင်းတို့ကို အပိုင်း(၇)၊(၈)နှင့်(၁၀)တို့ ပါ နည်းလမ်းများအတိုင်းဆောင်ရွက်ရမည်။

**ဝန်ကြီးချုပ်ရွေးချယ်တင်မြှောက်ခြင်း**

၁၇။ အလှည့်ကျ သဘာပတိသည် နည်းဥပဒေ ၁၉ (က) အရ ဝန်ကြီးအဖွဲ့ဝင်များထဲမှ ဝန်ကြီးချုပ်ကိုအောက်ပါအတိုင်းရွေးချယ် တင်မြှောက်စေရမည်—

(က) ဝန်ကြီးချုပ်ကို ဝန်ကြီးအဖွဲ့ဝင်များထဲမှ ရွေးချယ် တင်မြှောက်ရေးအတွက် လွှတ်တော်ပုံစံ ၃(ခ)ကို အသုံးပြုရမည်၊

(ခ) ဝန်ကြီးအဖွဲ့ဝင်အားလုံး၏ အမည်စာရင်းကို ဝန်ကြီး ချုပ်လောင်း အမည်စာရင်းတွင် အမည်အက္ခရာစဉ် အလိုက်ပြုစုရမည်၊

(ဂ) ဝန်ကြီး အဖွဲ့ဝင်များက ဝန်ကြီးချုပ်ကို ရွေးချယ် တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင် မြှောက်ခံရခြင်းတို့ကို အပိုင်း(၇)၊(၈)နှင့် (၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

**လစ်လပ်သော ဝန်ကြီးအဖွဲ့ဝင်နေရာအတွက် ရွေးချယ်တင်မြှောက်ခြင်း**

၁၈။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၂၀(က)အရ တစုံတခုသောအကြောင်းကြောင့် ဝန်ကြီးအဖွဲ့ဝင်နေရာ လစ်လပ်ခဲ့လျှင် ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများအပိုဒ် ၁၆ ပါအတိုင်း ဆောင်ရွက်ရမည်။

**လစ်လပ်သော ဝန်ကြီးချုပ်နေရာအတွက်ရွေးချယ်တင်မြှောက်ခြင်း**

၁၉။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၂၀(ခ) အရ တစုံတခုသော အကြောင်းကြောင့် ဝန်ကြီးချုပ်နေရာ လစ်လပ်ခဲ့၍ ရွေးချယ်တင်မြှောက်ရန်ရှိလျှင် အောက်ပါ နည်းလမ်း နှစ်ရပ် အနက် နည်းလမ်းတရပ်ရပ်အရ ဆောင်ရွက်ရမည်—

(က) ကျန်ဝန်ကြီးအဖွဲ့ဝင်များထဲမှ ဝန်ကြီးချုပ်ကို ရွေးချယ်တင်မြှောက်ရန်ဖြစ်လျှင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၇ အရ ဆောင်ရွက်ရမည်၊

(ခ) ဝန်ကြီးချုပ် နေရာအတွက် ဝန်ကြီးအဖွဲ့ဝင်အသစ်ကို ရွေးချယ်တင်မြှောက်ပြီးမှ ဝန်ကြီးချုပ်ကိုရွေးချယ်တင်မြှောက်ရန် ဖြစ်လျှင် လုပ်ထုံး လုပ်နည်းများ အပိုဒ် ၁၆ အရ ပထမ အဆင့်အနေဖြင့် ဆောင်ရွက်၍ ဝန်ကြီး အဖွဲ့ဝင်များထဲမှ ဝန်ကြီးချုပ်ကို ရွေးချယ် တင်မြှောက်ရန် လုပ်ထုံး လုပ်နည်းများ အပိုဒ် ၁၇ အရ ဒုတိယ အဆင့်အနေဖြင့် ဆောင်ရွက်ရမည်—

**ပြည်သူ့တရားသူကြီးအဖွဲ့ရွေးချယ်တင်မြှောက်ခြင်း**

၂၀။ အလှည့်ကျ သဘာပတိသည် နည်းဥပဒေ ၁၈ (ဃ) အရ ပြည်သူ့ တရားသူကြီးအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်နိုင်ရေး အတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည် –

(က) ပြည်သူ့ တရားသူကြီးအဖွဲ့ဝင်များကို ရွေးချယ် တင်

မြှောက်ရေး အတွက် လွှတ်တော်ပုံစံ ၄ (က) ကို အသုံးပြုရမည်၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို အမည်အက္ခရာစဉ်အလိုက်ပြုစုရမည်၊

(ဂ) ပြည်သူ့ တရားသူကြီး အဖွဲ့ဝင်များကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ် တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရခြင်းတို့ကို အပိုင်း(၇)၊ (၈)နှင့် (၁၀) တို့ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

## ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

၂၁။ အလှည့်ကျ သဘာပတိသည် နည်းဥပဒေ ၁၉(ခ) အရ ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်စေရမည်—

(က) ပြည်သူ့ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌကို ပြည်သူ့ တရားသူကြီးအဖွဲ့ဝင်များထဲမှ ရွေးချယ် တင်မြှောက်ရန် လွှတ်တော်ပုံစံ ၄(ခ)ကို အသုံးပြုရမည်၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့ဝင်အားလုံး၏ အမည်စာရင်းကို ဥက္ကဋ္ဌလောင်း အမည် စာရင်းတွင် အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ဂ) ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များကဥက္ကဋ္ဌကိုရွေးချယ်တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရခြင်းတို့ကို အပိုင်း(၇)၊(၈)နှင့် (၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

## ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ခြင်း

၂၂။ အလှည့်ကျ သဘာပတိသည် နည်းဥပဒေ ၁ဂ(ဃ) အရ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်များကို ရွေးချယ် တင်မြှောက်ရေးအတွက် လွှတ်တော်ပုံစံ ၅(က)ကို အသုံးပြုရမည်၊

(ခ) ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ဂ) ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရခြင်းတို့ကို အပိုင်း (၇)၊ (ဂ)နှင့်(၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

## ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

၂၃။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၁၉ (ခ) အရ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်စေရမည် —

(က) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌကို ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များထဲမှ ရွေးချယ်တင်မြှောက်ရန် လွှတ်တော်ပုံစံ ၅(ခ)ကို အသုံးပြုရမည်၊

(ခ) ပြည်သူ့ ဥပဒေအကျိုးဆောင် အဖွဲ့ဝင် အားလုံး၏ အမည်စာရင်းကို ဥက္ကဋ္ဌလောင်း အမည်စာရင်းတွင် အမည် အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ဂ) ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များက ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ် တင်မြှောက်ခံရခြင်းတို့ကို အပိုဒ် (၇)၊ (ဂ)နှင့် (၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

**ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရွေးချယ်တင်မြှောက်ခြင်း**

၂၄။ အလှည့်ကျ သဘာပတိသည် နည်းဥပဒေ ၁ဂ (ဃ) အရ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရေး အတွက် လွှတ်တော်ပုံစံ ၆ (က)ကို အသုံးပြုရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ဂ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ် တင်မြှောက်ခံရခြင်းတို့ကို အပိုဒ် (၇)၊(ဂ)နှင့်(၁၀)တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

**ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း**

၂၅။ အလှည့်ကျသဘာပတိသည် နည်းဥပဒေ ၁၉(ခ)အရပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်စေရမည် —

(က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌကို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များထဲမှ ရွေးချယ်တင်

မြှောက်ရန် လွှတ်တော်ပုံစံ ၆ (ခ) ကို အသုံးပြုရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင် အားလုံး၏ အမည်စာရင်းကို ဥက္ကဋ္ဌလောင်းအမည် စာရင်းတွင် အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ဂ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များက ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးချယ် တင်မြှောက်ခံရခြင်းတို့ကို အပိုင်း(၇)၊(ဂ)နှင့်(၁၀)တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

**လစ်လပ်သော ပြည်သူ့တရားသူကြီးအဖွဲ့ဝင်၊ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် နေရာအတွက် ရွေးချယ်တင်မြှောက်ခြင်း**

၂၆။ အလှည့်ကျ သဘာပတိသည် တစုံတခုသော အကြောင်းကြောင့် ပြည်သူ့တရားသူကြီးအဖွဲ့ဝင်၊ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ဝင်နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်နေရာလစ်လပ်ခဲ့လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) နည်းဥပဒေ ၁၇(ဃ)အရ လစ်လပ်သောနေရာသည် ပြည်သူ့တရားသူကြီး အဖွဲ့ဝင်ဖြစ်လျှင် လုပ်ထုံး လုပ်နည်းများ အပိုဒ် ၂၀ အရ အစားထိုး ရွေးချယ်တင်မြှောက်ရမည်၊

(ခ) နည်းဥပဒေ ၁၇ (ဃ) အရ လစ်လပ်သောနေရာသည် ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်ဖြစ်လျှင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၂ အရ အစားထိုး ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) နည်းဥပဒေ ၁၇ (ဃ)အရ လစ်လပ်သောနေရာသည် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်ဖြစ်လျှင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၄ အရ အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

**လစ်လပ်သော ပြည်သူ့တရားကြီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနေရာအတွက်ရွေးချယ်တင်မြှောက်ခြင်း**

၂၇။ အလှည့်ကျ သဘာပတိသည် တစုံတခုသော အကြောင်းကြောင့် ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနေရာ လစ်လပ်ခဲ့လျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) နည်းဥပဒေ ၂၀ (ဂ)အရ လစ်လပ်သောနေရာသည် ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌနေရာဖြစ်ပါက လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၀ အရ အဖွဲ့ဝင်နေရာအတွက် ပထမ အဆင့်အနေဖြင့် အစားထိုး ရွေးချယ်တင်မြှောက်ပြီးမှ လုပ်ထုံးလုပ်နည်းများအပိုဒ် ၂၁ အရ ဒုတိယ အဆင့်အနေဖြင့် ဥက္ကဋ္ဌ နေရာအတွက် ရွေးချယ်တင်မြှောက်ရမည်၊

(ခ) နည်းဥပဒေ ၂၀ (ဂ) အရ လစ်လပ်သောနေရာသည် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌနေရာဖြစ်ပါက လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၂ အရ အဖွဲ့ဝင်နေရာအတွက် ပထမအဆင့်အနေဖြင့်အစားထိုး ရွေးချယ်တင်မြှောက်ပြီးမှ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ အရ ဒုတိယအဆင့်အနေဖြင့် ဥက္ကဋ္ဌနေရာအတွက် ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) နည်းဥပဒေ ၂၀ (ဂ) အရ လစ်လပ်သောနေရာသည် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနေရာဖြစ်ပါက လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၄ အရ အဖွဲ့ဝင်နေရာအတွက် ပထမအဆင့်အနေဖြင့်အစားထိုး ရွေးချယ် တင်မြှောက်ပြီးမှ လုပ်ထုံးလုပ်နည်းများအပိုဒ် ၂၅ အရ ဒုတိယအဆင့်အနေဖြင့် ဥက္ကဋ္ဌနေရာအတွက် ရွေးချယ်တင်မြှောက်ရမည်။

## အပိုင်း (၆)

## လွှတ်တော်ရေးရာကော်မီတီများ ရွေးချယ်တင်မြှောက်ခြင်း

၂၈။ အလှည့်ကျ သဘာပတိသည် နည်းဥပဒေ ၂၂ (ဂ) အရ လွှတ်တော်ရေးရာကော်မီတီဝင်များကို ရွေးချယ်တင်မြှောက်နိုင်ရေး အတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) လွှတ်တော်ရေးရာ ကော်မီတီဝင်များကို ရွေးချယ်တင်မြှောက်ရေး အတွက် လွှတ်တော်ပုံစံ ၇ ကို အသုံးပြုရမည်၊

(ခ) လွှတ်တော် ရေးရာ ကော်မီတီဝင် လောင်းများ၏ အမည်စာရင်းကို အမည်အက္ခရာစဉ်အလိုက် ပြုစုရမည်၊

(ဂ) လွှတ်တော်ရေးရာ ကော်မီတီဝင်များကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ် တင်မြှောက်စေရမည်၊

(ဃ) ဆန္ဒမဲ ပေးခြင်း၊ ဆန္ဒမဲ ရေတွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရခြင်းတို့ကို အပိုင်း (၇)၊ (၈) နှင့် (၁၀) တို့ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

၂၉။ အလှည့်ကျသဘာပတိသည် ဥပဒေပုဒ်မ ၂၇ (ခ) အရ တစုံတခုသောအကြောင်းကြောင့် လွှတ်တော်ရေးရာကော်မီတီဝင်နေရာ လစ်လပ်ခဲ့လျှင် ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများအပိုဒ် ၂၀ ပါအတိုင်း ဆောင်ရွက်ရမည်။

# အပိုင်း (၇)

## ဆန္ဒမဲပေးခြင်း

၃၀။ ယာယီသဘာပတိ သို့မဟုတ် အလှည့်ကျသဘာပတိး
သဘာပတိအဖွဲ့ဝင်များ၊ နိုင်ငံတော်ကောင်စီဝင်များ၊ ဝန်ကြီး
ဝင်များ၊ ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များ၊ ပြည်သူ့ဥပဒေ အ
ဆောင်အဖွဲ့ဝင်များ၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင်မျ
လွှတ်တော်ရေးရာ ကော်မီတီဝင်များကို ရွေးချယ် တင်မြှောက
အလို့ငှာ မဲပေးခန်းများ သို့မဟုတ် သီးသန့်နေရာများ၊ မဲပုံး
ဆန္ဒပေးကပ်ပြားများနှင့် ဆန္ဒပေးစက်ခလုပ်များကို လိုအပ်
အဆင်သင့်ပြုလုပ်ထားစေရမည်။

၃၁။ ယာယီသဘာပတိ သို့မဟုတ် အလှည့်ကျ သဘာပတိး
လွှတ်တော်တွင်းအဖွဲ့အစည်းများ ရွေးချယ်တင်မြှောက်ရာတွင်
ဆိုင်ရာ ဆန္ဒပေးကပ်ပြားပုံစံများကို လွှတ်တော်ကိုယ်စားလှယ်
ချင်းအား ဖြန့်ဝေပေးရမည့်အပြင် လက်ခံ ရရှိကြောင်းကို
လက်မှတ်ရေးထိုးစေရမည်။

၃၂။ လွှတ်တော်ကိုယ်စားလှယ်တဦးသည် ဆန္ဒပေးကပ်ပြ
ပေါ်တွင် မှားယွင်းရေးသားမိသဖြင့် ယင်းဆန္ဒပေး ကပ်ပြားပုံ

ပယ်ဖျက်၍ ဆန္ဒပေးကပ်ပြားပုံစံ အသစ်တခုနှင့် လဲလှယ်ပေးရန် တောင်းခံ နိုင်သည်။ ထိုသို့ လဲလှယ်သည့် နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် ဆန္ဒပေးကပ်ပြားပုံစံအဟောင်းကိုဖျက်ဆီးပစ်ရမည်။

၃၃။ မဲပုံးများကို အများမြင်နိုင်သော သင့်လျော်သည့်နေရာများတွင် လိုအပ်သလိုထားရှိစေရမည်။

၃၄။ ဆန္ဒမဲပေး ရွေးချယ် တင်မြှောက်ခြင်းကို ဆန္ဒပေးကပ်ပြား အသုံးပြု၍ဖြစ်စေ၊ စက်ခလုပ်အသုံးပြု၍ ဖြစ်စေ သင့်လျော်သလို ပြုလုပ်နိုင်သည်။

**ဆန္ဒပေးကပ်ပြားဖြင့် ဆန္ဒပေးခြင်း**

၃၅။ လွှတ်တော်တွင်းရွေးချယ်တင်မြှောက်သည့်အခါ ဆန္ဒပေးကပ်ပြားကိုအသုံးပြု၍ ရွေးချယ်တင်မြှောက်လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) လွှတ်တော် ကိုယ်စားလှယ်များသည် ဆန္ဒပေးကပ်ပြားပုံစံပေါ်တွင် ဆန္ဒပြုလိုသည့် အမည်များကို မင်ဖြင့် အထင်အရှား အမှန်အမှတ်အသား (✓) ပြုလုပ်ရမည်။ ဆန္ဒမပြုလိုသည့်အမည်များကို မင်ဖြင့် အထင်အရှား ကြက်ခြေအမှတ်အသား (×) ပြုလုပ်နိုင်သည်၊

(ခ) ဆန္ဒပြုရာတွင် ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသည့် အဖွဲ့ဝင်အရေအတွက်ထက် လျော့နည်း၍လည်း ဆန္ဒပြုနိုင်သည်။ သို့ရာတွင် ရွေးချယ်တင်မြှောက်ရမည့် အရေအတွက်ထက်ကျော်လွန်ပြီး ဆန္ဒမပြုရ၊

(ဂ) အမည်စာရင်းတွင်ပါဝင်သော အဖွဲ့ဝင်လောင်းတဦးနှင့် စပ်လျဉ်း၍ ဆန္ဒပြုလိုသဖြင့် အမှန်အမှတ်အသား (✓) ကို ဦးစွာပြုလုပ်ပြီးမှ ထိုပုဂ္ဂိုလ်အား

ဆန္ဒမပြုလိုလျှင် အမှန်အမှတ်အသား၏နောက်တွင် ကြက်ခြေအမှတ်အသား (×) ကို ထပ်မံပြုလုပ် ရမည်၊

(ဃ) အမည်စာရင်းတွင် ပါဝင်သော အဖွဲ့ဝင်လောင်း တဦးနှင့်စပ်လျဉ်း၍ ဆန္ဒမပြုလိုသဖြင့် ကြက်ခြေ အမှတ်အသား (×) ကို ဦးစွာပြုလုပ်ပြီးမှ ထို ပုဂ္ဂိုလ်အားဆန္ဒပြုလိုလျှင် ကြက်ခြေအမှတ်အသား ၏နောက်တွင် အမှန်အမှတ်အသား (✓) ကို ထပ်မံ ပြုလုပ်ရမည်။

**စက်ခလုပ်ဖြင့် ဆန္ဒပေးခြင်း**

၃၆။ လွှတ်တော်တွင်းရွေးချယ်တင်မြှောက်သည့်အခါ စက်ခလုပ် ကိုအသုံးပြု၍ရွေးချယ်တင်မြှောက်လျှင် အောက်ပါအတိုင်း ဆောင် ရွက်ရမည်—

(က) အစိမ်းရောင်၊ အနီရောင်၊ အဝါရောင်ခလုပ် ၃ ခု ပါရှိသော ဆန္ဒပေးကိရိယာကို လွှတ်တော်ကိုယ် စားလှယ်များ၏ စားပွဲတွင် ထားရှိပါသည်။ ယင်း ခလုပ်များအနက် —

(၁) ထောက်ခံမဲပေးလိုလျှင် အစိမ်းရောင်ခလုပ်ကို နှိပ်ရမည်၊

(၂) ကန့်ကွက်မဲ ပေးလိုလျှင် အနီရောင်ခလုပ်ကို နှိပ်ရမည်၊

(၃) ကြားနေမဲပေးလိုလျှင် အဝါရောင် ခလုပ်ကို နှိပ်ရမည်၊

(ခ) ဆန္ဒမဲပေးရန် ကြေညာပြီးနောက် အစိမ်းရောင် အချက်ပြမီး လင်းသည့်အခါ ဆန္ဒပေးရန် စက် ခလုပ်ကို နှိပ်ရမည်၊

(ဂ) ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်အတွင်း အချက်ပြမီးစိမ်းမမှိတ်မီ ဆန္ဒပေးခလုပ်ကို တကြိမ်သာ နှိပ်ရမည်။

၃၇။ စက်ခလုပ်ဖြင့် ဆန္ဒပေးရွေးချယ်တင်မြှောက်ရာတွင် သဘာပတိအဖွဲ့က တာဝန်ပေးအပ်ထားသော သဘာပတိအဖွဲ့ဝင် ၃ ဦးသည် စက်ခန်းတွင် နေရာယူ၍ ရွေးချယ် တင်မြှောက် ခြင်းကို ကြီးကြပ်ကွပ်ကဲရမည်။

## အပိုင်း (၈)

## ဆန္ဒမဲရေတွက်ခြင်း

၃၈။ ဆန္ဒပေးကပ်ပြားပုံစံဖြင့် ဆန္ဒမဲပေးရာတွင် ဆန္ဒမဲရေတွက်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) အလှည့်ကျ သဘာပတိက ကြိုးကြပ်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မဲပုံးများကို ဖွင့်လှစ်ရမည်။ယင်းသို့ဖွင့်လှစ်ခြင်းမပြုမီ မဲပုံးထဲသို့ မထည့်ပဲ မဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒပေးကပ်ပြားများကို တွေ့ရှိပါက အရေအတွက်ကို မှတ်တမ်းတင်၍ ပယ်မဲအဖြစ် သတ်မှတ်ကြောင်း ကြေညာရမည်၊

(ခ) လွှတ်တော် ကိုယ်စားလှယ်များအား မူလထုတ်ပေးထားသည့် ဆန္ဒပေးကပ်ပြားပုံစံနှင့် ဆန္ဒမဲပေးခဲ့သော ဆန္ဒပေးကပ်ပြား အရေအတွက်ကိုက်ညီခြင်း ရှိ မရှိကို ရေတွက်ရမည်။ မူလထုတ်ပေးထားသော အရေအတွက်ထက် လျော့နည်းနေပါက လျော့နည်းနေသည့် အရေအတွက်ကို ပယ်မဲအဖြစ် သတ်မှတ်ကြောင်း ကြေညာရမည်။ လျော့နည်းနေသော

ဆန္ဒပေး ကပ်ပြား မရှိပါကလည်း မရှိကြောင်း ကြေညာ၍ ဆန္ဒမဲများကို ရေတွက်ရမည်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များအား မူလထုတ်ပေးထားသည့် ဆန္ဒပေးကပ်ပြားပုံစံ အရေအတွက်ထက် ပိုနေပါက အောက်ပါ အတိုင်း ဆောင်ရွက်ရမည် —

(၁) ပိုနေသော ဆန္ဒပေးကပ်ပြားမှာ အတုပြုလုပ်ထားကြောင်း ခိုင်လုံစွာတွေ့ရှိပါက အလှည့်ကျ သဘာပတိက ယင်းဆန္ဒပေးကပ်ပြားကို တရားမဝင်ကြောင်း ကြေညာ၍ တရားဝင်သော ဆန္ဒပေးကပ်ပြားများကို ဆက်လက်ရေတွက်ရမည်၊

(၂) ပိုနေသော ဆန္ဒပေးကပ်ပြားမှာ အစစ်ဖြစ်နေပါကလည်းကောင်း၊ အစစ်နှင့် အတုခွဲခြားခြင်း မပြုနိုင်ပါက လည်းကောင်း အလှည့်ကျသဘာပတိသည် ဆန္ဒပေးပွဲဖျက်သိမ်းကြောင်းကြေညာကာ ဆန္ဒပေးပွဲအသစ်ပြန်လည် ကျင်းပရမည်၊

(၃) အမည်များကို တဦးချင်း ရရှိသည့် ဆန္ဒမဲအရေ အတွက် အများ အနည်း အလိုက် သတ်မှတ်ထားသောပုံစံတွင် ရေးသားရမည်၊

(၄) ဆန္ဒမဲအများဆုံး ရရှိသူကို အမှတ်စဉ် (၁) တွင် လည်းကောင်း၊ ဒုတိယ အများဆုံး ရရှိသူကို အမှတ်စဉ် (၂) တွင် လည်းကောင်း စသည်ဖြင့် ရေးသားရမည်။ ရရှိသော ဆန္ဒမဲအရေအတွက်ကိုလည်း ဖော်ပြရမည်။ ရရှိသော ဆန္ဒမဲ အရေအတွက်ချင်း တူညီ နေပါကလည်း ယင်းသို့ တူညီနေသူ

များကို အမည်အက္ခရာစဉ်ဖြင့် ထည့်သွင်း ဖော်ပြရမည်။

၄၉။ (က) ဆန္ဒမဲများရေတွက်ရာတွင် လွှတ်တော်ပုံစံ ၇ နှင့် လွှတ်တော်ပုံစံ ၉ တို့ကို အသုံးပြုရမည်။ ထိုပုံစံများတွင် ဆန္ဒမဲ ရေတွက်သူ၊ အတည်ပြုသူနှင့် အလှည့်ကျ သဘာပတိတို့က မှန်ကန်ကြောင်း လက်မှတ် ရေးထိုးရမည်၊

(ခ) တဦးချင်းရရှိသော ဆန္ဒမဲအရေအတွက် အများအနည်းအလိုက် အမည်စာရင်း ပြုစုရာတွင် လွှတ်တော် ပုံစံ ၁၀ ကို အသုံးပြုရမည်။ထိုပုံစံတွင် ဆန္ဒမဲရေတွက်သူ၊ အတည်ပြုသူနှင့် အလှည့်ကျ သဘာပတိ တို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

၅၀။ (က) လွှတ်တော်တွင်း အဖွဲ့အစည်းများ ရွေးချယ် တင်မြှောက်ရာတွင် လည်း ကောင်း၊ အဖွဲ့အစည်းတွင်း ရွေးချယ် တင်မြှောက် ရာတွင် လည်းကောင်း မဲပုံးများရှိ ဆန္ဒပေး ကပ်ပြားများကို ရေတွက်ရာ၌ အောက်ပါ ဆန္ဒပေးကပ်ပြားများကို ပယ်မဲအဖြစ် သတ်မှတ်ရမည် —

(၁) ရွေးချယ် တင်မြှောက်ရမည့် အဖွဲ့ဝင် အရေအတွက်ထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒပေးကပ်ပြား၊

(၂) မည်သူတဦးတယောက်ကိုမျှ ဆန္ဒပြုထားခြင်း မရှိသော ဆန္ဒပေးကပ်ပြား၊

(၃) ဆန္ဒပြုသူကို သိနိုင်လောက်အောင် အမှတ်အသား ရေးထားသည့် ဆန္ဒပေးကပ်ပြား၊

(၄) မည်သူ့ကိုမျှ ဆန္ဒပြုထားကြောင်း မသိနိုင်လောက်အောင် ပြုလုပ်ထားသည့် ဆန္ဒပေးကပ်ပြား၊

(၅) အတုပြုလုပ်ထားသော ဆန္ဒပေးကပ်ပြား၊

(ခ) ဆန္ဒပေးကပ်ပြားပေါ်ရှိ အဖွဲ့ဝင်လောင်း တဦးနှင့် စပ်လျဉ်း၍ ဆန္ဒပြုခြင်းမှာ မသေချာ မထင်ရှားဖြစ်နေလျှင် ထိုအဖွဲ့ဝင်လောင်းအတွက်သာ ထည့်သွင်းရေတွက်ခြင်းမပြုပဲ သေချာထင်ရှားစွာဆန္ဒပြုထားသည့် ကျန်အဖွဲ့ဝင်လောင်းများအတွက် ထည့်သွင်း ရေတွက်ရမည်။

၄၁။ လွှတ်တော်တွင်း အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းတွင်း ရွေးချယ်တင်မြှောက်ရာတွင် အပိုဒ် ၄၀ အရ ပယ်မဲဖြစ်သည် မဖြစ်သည်ကိုလည်းကောင်း၊ အတုဖြစ်သည် မဖြစ်သည်ကိုလည်းကောင်း သဘာပတိအဖွဲ့က ဆုံးဖြတ်ရမည်။

၄၂။ စက်ခလုပ်ဖြင့် ဆန္ဒမဲပေးရာတွင် ဆန္ဒမဲရေတွက်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) လွှတ်တော် ကိုယ်စားလှယ်များ ပေးသော ဆန္ဒမဲအရေအတွက်ကို စက်မှခွဲခြားရေတွက်ပြီး စက်ခန်းရှိ ဆန္ဒမဲစာရင်း ကြေညာသည့် ဘုတ်ငယ်တွင် ကိန်းဂဏာန်းဖြင့် ဖော်ပြရမည် —

(၁) ထောက်ခံမဲစုစုပေါင်း၊

(၂) ကန့်ကွက်မဲစုစုပေါင်း၊

(၃) ကြားနေမဲစုစုပေါင်း၊

(၄) မဲဦးရေစုစုပေါင်း၊

(ခ) စက်ခန်းတွင် တာဝန်ကျသော သဘာပတိအဖွဲ့ဝင်များသည် ကိုယ်စားလှယ် စိစစ်ရေး ကော်မီတီက

စိစစ်တင်ပြသည့် အစည်းအဝေး တက်ရောက်သော လွှတ်တော်ကိုယ်စားလှယ် မှတ်တမ်းနှင့် တိုက်ဆိုင် စိစစ်ရမည်၊

(ဂ) အစည်းအဝေး တက်ရောက်သူ မှတ်တမ်းပါ ဦးရေထက် ဆန္ဒမဲပေးသူဦးရေ ပိုနေလျှင်သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲ အထမမြောက်နိုင်အောင် လျော့နည်းနေလျှင်သော်လည်းကောင်း အလှည့်ကျ သဘာပတိထံ ချက်ချင်း အကြောင်းကြားရမည်၊

(ဃ) အလှည့်ကျသဘာပတိသည် သဘာပတိအဖွဲ့ အစည်းအဝေးတွင် တင်ပြလျက် ယင်းကိစ္စအတွက် အဆုံးအဖြတ် ရယူရမည်၊

(င) အလှည့်ကျသဘာပတိထံ ရွေးချယ်တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အမည်အက္ခရာစဉ်အလိုက် ပေးပို့ရမည်။

## အပိုင်း (၉)

## မပြီးပြတ်သေးသော ဆန္ဒပေးပွဲများကို ဆက်လက်ပြုလုပ်ခြင်း

၄၇။ မပြီးပြတ်သေးသော ဆန္ဒပေးပွဲများကို ဆက်လက်ပြုလုပ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) လွှတ်တော်တွင်း အဖွဲ့အစည်းတခုနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော အဖွဲ့ဝင်ဦးရေ အပြည့်ကို ရွေးချယ်တင်မြှောက်ခြင်း မပြုနိုင်ပါက ထိုသို့လိုအပ်သောအဖွဲ့ဝင်အရေအတွက်ကို ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒပေးပွဲကို ဒုတိယ အကြိမ် ထပ်မံကျင်းပရမည်၊

ရှင်းလင်းချက်။ ။အဖွဲ့အစည်း တခုခု ရွေးချယ်တင်မြှောက်ရာတွင် အကယ်၍ အဖွဲ့ဝင်လောင်း ၂၅ ဦးရှိပြီး ယင်းတို့အနက် အဖွဲ့ဝင် ၂၀ ဦးကို ရွေးချယ်တင်မြှောက်ရန် ဖြစ်သော်လည်း အဖွဲ့ဝင် ၁၅ ဦးသာလျှင် သတ်မှတ်ထားသည့် ဆန္ဒမဲထက်ဝက်ကျော်ရရှိပြီး ကျန် ၆ နေရာအတွက် မည်သည့်အဖွဲ့ဝင်လောင်းမျှ သတ်မှတ် ထားသည့် ဆန္ဒမဲထက်ဝက်ကျော်မရရှိခြင်းမျိုးလည်း ရှိနိုင်ပါသည်။ ယင်းအခြေအနေမျိုးတွင် ကျန်လိုအပ်နေသောအဖွဲ့

ဝင် ဖြ နေရာအတွက် ရွေးချယ်တင်မြှောက်ခြင်းမခံရ သေးသော မူလအဖွဲ့ဝင်လောင်း ၁၀ ဦး၏ အမည် စာရင်းနှင့်ပင် ဆန္ဒပေးပွဲကို ဒုတိယ အကြိမ် ထပ်မံ ကျင်းပရမည်၊

(ခ) အပိုဒ်ခွဲ (က) အရ ဒုတိယ အကြိမ် ဆန္ဒပေးပွဲ ပြုလုပ်သော်လည်း ရွေးချယ် တင်မြှောက် ရမည့် အရေအတွက် ပြည့်သည်အထိ သတ်မှတ်ထားသည့် ဆန္ဒမဲထက်ဝက်ကျော်ရရှိသူ မရှိပါက မူလအမည် စာရင်းနှင့်ပင် ဆန္ဒပေးပွဲကို တတိယ အကြိမ်ထပ်မံ ကျင်းပရမည်၊

(ဂ) အပိုဒ်ခွဲ (ခ) အရ တတိယ အကြိမ် ဆန္ဒပေးပွဲ ပြုလုပ်သော်လည်း ရွေးချယ် တင်မြှောက် ရမည့် အရေအတွက် ပြည့်သည်အထိ သတ်မှတ်ထားသည့် ဆန္ဒမဲထက်ဝက်ကျော် ရရှိသူမရှိပါက ကျန်နေရာ သို့မဟုတ် နေရာများ အတွက် အဖွဲ့ဝင်လောင်း အမည်သစ်များဖြင့် အမည်စာရင်းသစ် တခုကို လွှတ်တော်သို့ တင်သွင်းရမည်၊

(ဃ) အပိုဒ်ခွဲ (ဂ) အရ တင်သွင်းလာသော အမည် စာရင်းကို အလှည့်ကျသဘာပတိက လွှတ်တော်သို့ ကြေညာရမည်၊

(င) အမည်သစ်များဖြင့် ပြုစုထားသော အမည်စာရင်း သစ်အရ ဆန္ဒပေးပွဲများကို အပိုဒ်ခွဲ (က) နှင့် (ခ) တို့နှင့်အညီ ကျင်းပရမည်၊

(စ) အပိုဒ်ခွဲ (င) အရ အမည်စာရင်းသစ် တင်သွင်း၍ သုံးကြိမ် တိုင်တိုင် ရွေးချယ် တင်မြှောက် ပွဲများ ကျင်းပပြီးသော်လည်း ရွေးချယ် တင်မြှောက်ရန် လိုအပ်သောဦးရေ ပြည့်သည်အထိ သတ်မှတ်ထား သည့် ဆန္ဒမဲ ထက်ဝက်ကျော် ရရှိသူ မရှိပါက သတ်မှတ်ထားသည့် ဆန္ဒမဲ ထက်ဝက်ကျော်ရရှိသူ

များကိုသာ ရွေးချယ် တင်မြှောက်ခြင်း ခံရသူများအဖြစ် အသိအမှတ်ပြုရမည်၊

(ဆ) အပိုဒ်ခွဲ (စ) တွင် မည်သို့ပင် ဆိုစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကောင်စီဝင် ၂၈ ဦးကို ရွေးချယ် တင်မြှောက် ရမည် ဖြစ်သဖြင့် သတ်မှတ်ထားသော နိုင်ငံတော် ကောင်စီဝင်ဦးရေ ပြည့်သည်အထိ အပိုဒ်ခွဲ (ဂ)၊ (ဃ) နှင့် (င) တို့နှင့်အညီ ဆန္ဒပေးပွဲများကို ကျင်းပရမည်။

၄၄။ (က) လွှတ်တော်တွင်း အဖွဲ့အစည်းတခုနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် ဆန္ဒမဲအရေအတွက် ထက်ဝက်ကျော်ရရှိစေကာမူ စုစုပေါင်းရွေးချယ်တင်မြှောက်ရမည့် အဖွဲ့ဝင်ဦးရေ၏ နောက်ဆုံး အမှတ်စဉ်တွင် ရရှိသောဆန္ဒမဲမှာ တဦးထက်ပို၍ တူညီနေပါက ယင်းသို့ ဆန္ဒမဲချင်းတူညီနေသည့် အဖွဲ့ဝင်လောင်းများအနက်မှ တဦးကို ရွေးချယ် တင်မြှောက်နိုင်ရန် ဆန္ဒပေးပွဲကို ထပ်မံ ကျင်းပရမည်။ ယင်းသို့ ဆန္ဒပေးပွဲ ထပ်မံကျင်းပရန် ဆန္ဒမဲချင်း တူညီနေသည့် အဖွဲ့ဝင်လောင်းများ၏ အမည်များကိုသာ အမည်အက္ခရာစဉ်အလိုက် လွှတ်တော်သို့ ကြေညာရမည်၊

(ခ) အပိုဒ်ခွဲ (က) အရ ဆန္ဒပေးပွဲ ထပ်မံကျင်းပသော်လည်း ဆန္ဒမဲချင်း တူညီနေပါက ဆန္ဒပေးပွဲကို ဒုတိယ အကြိမ် ကျင်းပရမည်။ ဒုတိယ အကြိမ်တွင်လည်း ဆန္ဒမဲချင်းတူညီနေပါက ဆန္ဒပေးပွဲကို တတိယ အကြိမ်ကျင်းပရမည်။ တတိယ အကြိမ်တွင်လည်း ဆန္ဒမဲချင်းထပ်မံတူညီနေပါက ယင်းသို့ ဆန္ဒမဲချင်း တူညီနေသည့် အဖွဲ့ဝင်လောင်းများအနက်မှ တဦးကို အလှည့်ကျ သဘာပတိ၏ အဆုံးအဖြတ်ဆန္ဒမဲဖြင့် အပြီးသတ်ဆုံးဖြတ်ရွေးချယ်ပေးရမည်။

## အပိုင်း (၁၀)

## ရွေးချယ်တင်မြှောက်ခြင်းခံရသူများစာရင်း ကြေညာခြင်း

၄၅။ ရွေးချယ်တင်မြှောက်ခြင်းခံရသူများစာရင်းကြေညာရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်

(က) လွှတ်တော်အစည်းအဝေးများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၇ အရ လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်မှသာ အထမြောက်သဖြင့် ယင်းသို့အထမြောက်သော လွှတ်တော် အစည်းအဝေးများ၌ လွှတ်တော်တွင်း အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက် ရာတွင် တက်ရောက်လာသော လွှတ်တော် ကိုယ်စားလှယ် များ၏ ထက်ဝက်ကျော် ဆန္ဒမဲရရှိသူများကိုသာ ရွေးချယ်တင်မြှောက်ခြင်း ခံရသူဟု အသိအမှတ် ပြုရမည်၊

(ခ) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ကောင်စီ အတွင်းရေးမှူး၊ ဝန်ကြီးချုပ်နှင့် ကျန်ဗဟိုအာဏာ ပိုင် အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ ရွေးချယ်

တင်မြှောက်ရာတွင် ယင်းအဖွဲ့အစည်း အသီးသီးရှိ အဖွဲ့ဝင်အားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲ ရရှိသူများကိုသာ ရွေးချယ်တင်မြှောက်ခြင်း ခံရသူများဟု အသိအမှတ်ပြုရမည်။

၄၆။ ဆန္ဒမဲများရေတွက်ပြီး၍ ရွေးချယ်တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို ယင်းတို့ရရှိသော ဆန္ဒမဲအများ အနည်း အလိုက် စာရင်းပြုစုရာတွင် လွှတ်တော်ပုံစံ ၁၀ ကို အသုံးပြုရမည်။

၄၇။ ရွေးချယ်တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို လွှတ်တော်ပုံစံ ၁၁ (က) ၌ ဖြည့်သွင်းရာတွင် ပထမအကြိမ် ဆန္ဒပေးပွဲ၌ သတ်မှတ်ထားသည့် ဆန္ဒမဲ ထက်ဝက်ကျော် ရရှိသူများ၏ အမည်များကို ရှေးဦးစွာ ဖြည့်သွင်းရမည်။ ထပ်မံကျင်းပသော ဆန္ဒပေးပွဲများ၌ ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်များကို ပထမအကြိမ်ဆန္ဒပေးပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်း နောက်မှသာ ယင်းတို့ရရှိသော ဆန္ဒမဲ အများအနည်းအလိုက် ဖြည့်သွင်းရမည်။

၄၈။ (က) ယာယီ သဘာပတိ သို့မဟုတ် အလှည့်ကျ သဘာပတိသည် ရွေးချယ် တင်မြှောက်ခြင်းခံရသော သဘာပတိ အဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြည်နယ်နှင့်တိုင်း အက္ခရာစဉ်အလိုက် လွှတ်တော်သို့ ကြေညာရမည်၊

(ခ) အလှည့်ကျသဘာပတိသည် ရွေးချယ်တင်မြှောက်ခြင်းခံရသော ကျန်အဖွဲ့အစည်းများအတွက် အဖွဲ့ဝင်များ၏ အမည်စာရင်းကို အမည် အက္ခရာစဉ်အလိုက် လွှတ်တော်သို့ကြေညာရမည်၊

(ဂ) အပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ ကြေညာရာတွင် လွှတ်တော်ပုံစံ ၁၁ (ခ) ကိုအသုံးပြုရမည်။

# အပိုင်း (၁၁)

## အထွေထွေ

၄၉။ လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်ကြောင်း လက်မှတ် ရေးထိုးပြီးနောက်မှ ရုတ်တရက်နာမကျန်း ဖြစ်သဖြင့် ဆေးရုံတက်ရောက်နေရသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်တွင်း အဖွဲ့အစည်းများ ရွေးချယ်တင်မြှောက် ရာတွင် ဆန္ဒမဲပေးခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်များ မဆုံးရှုံးစေရန် ယာယီသဘာပတိ သို့မဟုတ် အလှည့်ကျသဘာပတိက စီစဉ် ဆောင်ရွက်ပေးစေရမည်။

၅၀။ ယာယီသဘာပတိ တင်မြှောက်ခြင်းနှင့် သဘာပတိအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းမှအပ ကျန်လွှတ်တော်တွင်း အဖွဲ့အစည်း များ ရွေးချယ်တင်မြှောက်ခြင်းကို လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ဆောင် ရွက်ရမည်။

၅၁။ လွှတ်တော်တွင်းအဖွဲ့အစည်းများ ရွေးချယ်တင်မြှောက်ခြင်း အတွက် လိုအပ်သည့် ကိစ္စရပ်များကို အလှည့်ကျ သဘာပတိ သို့မ ဟုတ် သဘာပတိအဖွဲ့က ညွှန်ကြားသည့်အတိုင်း လွှတ်တော်ရုံးက လိုအပ်သလို ဆောင်ရွက်ရမည်။

၅၂။ လွှတ်တော် သက်တမ်းတခုအတွင်း ရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်၍ အသုံးပြုခဲ့သည့်ဆန္ဒပေး ကပ်ပြားများ၊ ဆန္ဒမဲရေတွက်သည့်ပုံစံများအနက် ယင်းလွှတ်တော်သက်တမ်းတခုကုန်ဆုံးလျှင် မလိုအပ်သော စာရွက်စာတမ်းများကို နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၏ ညွှန်ကြားချက်အရ ဖျက်ဆီးပစ်နိုင်သည်။

၅၃။ လွှတ်တော်တွင်းအဖွဲ့အစည်းများ ရွေးချယ်တင်မြှောက်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ သဘာပတိအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးသတ်အတည်ဖြစ်စေရမည်။

၅၄။ တာဝန်မှပြန်လည် ရုပ်သိမ်းခြင်း ဥပဒေအရ လွှတ်တော်တွင်း အဖွဲ့အစည်း တရပ်ရပ်ကိုဖြစ်စေ၊ အဖွဲ့ဝင်တဦးဦးကို ဖြစ်စေ တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်ရှိလျှင် ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်းတို့ကို ဤလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်နိုင်သည်။

၅၅။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများပါ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းသော ကိစ္စရပ်များကိုထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဤလုပ်ထုံး လုပ်နည်းများတွင် ချမှတ်ပြဋ္ဌာန်းထားခြင်း မရှိသောကိစ္စအခက်အခဲများ ပေါ်ပေါက်လာလျှင် ပြေလည်စွာဆောင်ရွက်နိုင်ရန် သဘာပတိအဖွဲ့က သင့်လျော်သလိုဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ယင်းသို့ဆုံးဖြတ်ဆောင်ရွက်ချက်ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

နောက်ဆက်တွဲ

## ဆန္ဒပေးကပ်ပြား ပုံစံများနှင့် ဆန္ဒမဲရေတွက်ရာတွင် အသုံးပြုသည့်ပုံစံများ

၁။ လွှတ်တော်တွင်း အဖွဲ့အစည်းများ ရွေးချယ် တင်မြှောက်ရာတွင် အောက်ပါဆန္ဒပေးကပ်ပြားပုံစံများကို အသုံးပြုရမည်—

(က) သဘာပတိအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ရာတွင် ပြောင်ရွေးချယ်တင်မြှောက်သည့် စနစ်အတွက် လွှတ်တော်ပုံစံ ၁ (က)ကို လည်းကောင်း၊ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သည့် စနစ်အတွက် လွှတ်တော်ပုံစံ ၁(ခ)ကို လည်းကောင်း အသုံးပြုရမည်၊

(ခ) ပြည်နယ်နှင့် တိုင်းအလိုက် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီဝင်တဦးကျစီ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၂(က) ကို အသုံးပြုရမည်၊

(ဂ) လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၂(ခ)ကို အသုံးပြုရမည်၊

(ဃ) နိုင်ငံတော်ကောင်စီဝင်များက မိမိတို့အထဲမှ ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၂(ဂ)ကို အသုံးပြုရမည်၊

(င) နိုင်ငံတော်ကောင်စီဝင်များက မိမိတို့အထဲမှ အတွင်းရေးမှူး ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၂ (ဃ)ကို အသုံးပြုရမည်၊

(စ) လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီးအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၃(က) ကို အသုံးပြုရမည်၊

(ဆ) ဝန်ကြီးအဖွဲ့ဝင်များက မိမိတို့အထဲမှ ဝန်ကြီးချုပ် ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၃(ခ)ကို အသုံးပြုရမည်၊

(ဇ) လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များ ရွေးချယ် တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၄(က)ကို အသုံးပြုရမည်၊

(ဈ) ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များက မိမိတို့အထဲမှ ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၄(ခ)ကို အသုံးပြုရမည်၊

(ည) လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၅(က)ကို အသုံးပြုရမည်၊

(ဋ) ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များက မိမိတို့အထဲမှ ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၅(ခ)ကို အသုံးပြုရမည်၊

(ဌ) လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၆(က)ကို အသုံးပြုရမည်၊

(ဃ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များက မိမိတို့အထဲမှဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၆(ခ)ကို အသုံးပြုရမည်၊

(င) လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်ရေးရာကော်မီတီဝင်များ ရွေးချယ် တင်မြှောက်ရာတွင် လွှတ်တော်ပုံစံ ၇ ကို အသုံးပြုရမည်။

၂။ (က) ဆန္ဒမဲများရေတွက်ရာတွင် လွှတ်တော်ပုံစံ ၈ နှင့်လွှတ်တော်ပုံစံ ၉ တို့ကို အသုံးပြုရမည်။ ထိုပုံစံများတွင် ဆန္ဒမဲ ရေတွက်သူ၊ အတည်ပြုသူနှင့် အလှည့်ကျသဘာပတိတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်၊

(ခ) တဦးချင်း ရရှိသော ဆန္ဒမဲ အရေအတွက် အများအနည်းအလိုက် အမည်စာရင်း ပြုစုရာတွင် လွှတ်တော်ပုံစံ ၁၀ ကို အသုံးပြုရမည်။ ထိုပုံစံတွင် ဆန္ဒမဲရေတွက်သူ၊ အတည်ပြုသူနှင့် အလှည့်ကျသဘာပတိတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

၃။ ရွေးချယ် တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို ဖြည့်သွင်းရာတွင် လွှတ်တော်ပုံစံ ၁၁ (က)ကို အသုံးပြုရမည်။ ယင်းပုံစံ ဖြည့်သွင်းရာတွင် ပထမအကြိမ်ဆန္ဒပေးပွဲ၌ သတ်မှတ်ထားသည့်ဆန္ဒမဲထက်တက်ကျော် ရရှိသူများ၏ အမည်များကို ရှေးဦးစွာ ထည့်သွင်းရမည်။ ထပ်မံကျင်းပသော ဆန္ဒပေးပွဲများ၌ ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်များကိုပထမအကြိမ် ဆန္ဒပေးပွဲတွင်ရွေးချယ်တင်မြှောက်ခြင်း ခံရသူများ၏အမည်စာရင်းနောက်မှသာ ယင်းတို့ရရှိသော ဆန္ဒမဲ အများအနည်းအလိုက်ထည့်သွင်းရမည်။

၄။ ရွေးချယ် တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်း ကြေညာရာတွင် လွှတ်တော်ပုံစံ ၁၁(ခ)ကို အသုံးပြုရမည်။

၅။ လွှတ်တော်ပုံစံ ၁၁(က) နှင့် ၁၁ (ခ) များတွင် ဆန္ဒမဲ ရေတွက်သူ၊ အတည်ပြုသူနှင့် အလှည့်ကျသဘာပတိတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

လွှတ်တော်ပုံစံ ၁(က)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## သဘာပတိအဖွဲ့ဝင်ရွေးချယ်တင်မြှောက်ခြင်း

## ပြည်နယ်/တိုင်းအလိုက် သဘာပတိအဖွဲ့ဝင် တဦးကျစီ ရွေးချယ် တင်မြှောက်ခြင်း

(..........................................ပြည်နယ်/တိုင်း)

၁။ အဆိုတင်သွင်းခြင်းခံရသူအမည် မဲဆန္ဒနယ်

.............................................. ..............................................

၂။ အဆိုတင်သွင်းသူအမည် မဲဆန္ဒနယ် ထိုးမြဲလက်မှတ်

.............................................. .............................. ..............................

၃။ ထောက်ခံသူအမည် မဲဆန္ဒနယ် ထိုးမြဲလက်မှတ်

.............................................. .............................. ..............................

အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်..............................အား သဘာပတိ အဖွဲ့ဝင်အဖြစ်..............................................ပြည်နယ်/တိုင်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တညီတညွတ်တည်းရွေးချယ်တင်မြှောက်ကြပါကြောင်း။

ဦးဆောင်သူ

(..............................အစည်းအဝေးသဘာပတိအဖွဲ့ဝင်)

အမည်..............................................................

မဲဆန္ဒနယ်..............................................................

လွှတ်တော်ပုံစံ ၁ (ခ)

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
## ပြည်သူ့လွှတ်တော်
## ဆန္ဒပေးကပ်ပြား
## သဘာပတိအဖွဲ့ဝင်ရွေးချယ်တင်မြှောက်ခြင်း

______________ ပြည်နယ်/တိုင်း မှအောက်ပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ထဲမှ ၁ ဦးကို ဆန္ဒပြုလျှင် အမှန် (√) အမှတ်အသားပြု၍ ဆန္ဒမပြုလျှင် ကြက်ခြေခတ် ( × ) အမှတ်အသားပြုရန်ဖြစ်သည်။

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) ( × ) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၂ (က)

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကာပ်ပြား

## ပြည်နယ်/တိုင်းအလိုက် နိုင်ငံတော်ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၂(ခ)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

# ဆန္ဒပေးကပ်ပြား

## လွှတ်တော်ကိုယ်စားလှယ်အားလုံးက နိုင်ငံတော်ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၂(ဂ)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

အောက်ပါ နိုင်ငံတော် ကောင်စီဝင် ၂၈ ဦးထဲမှ ၁ ဦးကို ဆန္ဒပြုလျှင် အမှန် (√) အမှတ်အသားပြုရန်ဖြစ်သည်။

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၂(သ)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ရွေးချယ်တင်မြှောက်ခြင်း

အောက်ပါ နိုင်ငံတော် ကောင်စီဝင် ၂၇ ဦးထဲမှ ၁ ဦးကို ဆန္ဒပြုလျှင် အမှန်(√)အမှတ်အသားပြုရန်ဖြစ်သည်။

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၃ (က)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## ဝန်ကြီးအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/ တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၃ (ခ)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## ဝန်ကြီးချုပ် ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၄ (က)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/ တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၄ (ခ)

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၅(က)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

# ဆန္ဒပေးကပ်ပြား

## ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၅ (ခ)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/ တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒရှိ/မရှိ (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၆ (က)

### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကဒ်ပြား

**ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း**

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၆ (ခ)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဆန္ဒပေးကပ်ပြား

## ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၇

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
## ပြည်သူ့လွှတ်တော်
## ဆန္ဒပေးကဒ်ပြား
## ရေးရာကော်မီတီဝင်များ ရွေးချယ်တင်မြှောက်ခြင်း

| အမှတ်စဉ် | အမည် | အလုပ်အကိုင်/တာဝန် | မဲဆန္ဒနယ် | လူမျိုး | ဆန္ဒပြု/မပြု (√) (×) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

လွှတ်တော်ပုံစံ ၁၀ ။ စာရွက်အမှတ်စဉ် (      )

# တဦးချင်းရရှိသောဆန္ဒမဲအများအနည်းအလိုက်အမည်စာရင်း

ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (          )

| အမှတ်စဉ် | အမည် | | ဆန္ဒမဲ ရရှိပေါင်း | မှတ်ချက် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

အထက်ပါအတိုင်းရေးသွင်းရာတွင်
မှန်ကန်ကြောင်းထပ်ဆင့်အတည်ပြုသည်။

ယာယီသဘာပတိ / အလှည့်ကျ သဘာပတိလက်မှတ်        အတည်ပြုသူ လက်မှတ်        ဆန္ဒမဲရေတွက်သူ လက်မှတ်

အမည်____________ အမည်____________ အမည်____________

ရက်စွဲ____________ ရက်စွဲ____________ ရက်စွဲ____________

လွှတ်တော်ပုံစံ ၁၁ (က) စာရွက်အမှတ်စဉ် (     )

ရွေးချယ်တင်မြှောက်ခြင်းခံရသော ______________ များစာရင်း

| အမှတ်စဉ် | အမည် | ရရှိသည့် ဆန္ဒမဲ | ပြည်နယ်/တိုင်း | မဲဆန္ဒနယ် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

အထက်ပါအတိုင်းရေးသွင်းရာတွင်
မှန်ကန်ကြောင်းထပ်ဆင့်အတည်ပြုသည်။

| ယာယီသဘာပတိ / အလှည့်ကျ သဘာပတိလက်မှတ် | အတည်ပြုသူ လက်မှတ် | ဆန္ဒမဲရေတွက်သူ လက်မှတ် |
|---|---|---|
| အမည် ______________ | အမည် ______________ | အမည် ______________ |
| ရက်စွဲ ______________ | ရက်စွဲ ______________ | ရက်စွဲ ______________ |

လွှတ်တော်ပုံစံ ၁၁ (ခ)                                        စာရွက်အမှတ်စဉ် (        )

ရွေးချယ်တင်မြှောက်ခြင်းခံရသော ______________________

မျှားအားကြေညာသည့်စာရင်း

(အက္ခရာစဉ်အလိုက်)

| အမှတ်စဉ် | အမည် | ပြည်နယ်/တိုင်း | မဲဆန္ဒနယ် |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

အထက်ပါအတိုင်းရေးသွင်းရာတွင်
မှန်ကန်ကြောင်းထပ်ဆင့်အတည်ပြုသည်။

ယာယီသဘာပတိ / အလှည့်ကျ သဘာပတိလက်မှတ်        အတည်ပြုသူ လက်မှတ်        ဆန္ဒမဲရေတွက်သူ လက်မှတ်

အမည် ______________ အမည် ______________ အမည် ______________

ရက်စွဲ ______________ ရက်စွဲ ______________ ရက်စွဲ ______________